# သံသေတားချင်၏
# နှလုံးသား

တာဝဥ်



တက္ကသိုလ်

# နေလင်းအောင်

---

# သံသေဓားရှင်၏နှလုံးသား

(စာစဉ်–၄–ဇာတ်သိမ်း)

## အခန်း (၃၀)
## တိဘက် သိုင်းပညာရှင်

သူမ၏ ပလွေသံသည် စူးရှသည်၊ ချိုလွင်သည်။

ထို့နောက် .....

တဖြည်းဖြည်း တိုးညင်းသွား၏။

ယင်းသို့ဖြင့် သံစဉ်တစ်မျိုးပြီး တစ်မျိုးပြောင်းကာ အဆက်မပြတ် မှုတ်နေ၏။

သံစဉ်တစ်ခုနှင့်တစ်ခုကား အသံအနိမ့်အမြင့်ချင်း လုံးဝမတူညီကြပေ။

ထိုသို့ သံစဉ်သုံးကြိမ်မျှ ပြောင်းလဲမှုတ်လိုက်ပြီးသောအခါ ... ရပ်လျက်နားထောင်နေသော လီထိုက်ဟို၏ စိတ်အစဉ်သည် ပလွေသံစဉ်နောက်သို့ လွင့်မျော၍ ပါသွားလေတော့သည်။

ငင်းပလွေသံက ..... ဆွေးမြေ့စရာ ခံစားချက်ကို ဖြစ်ပေါ်စေသည်။

စိတ်နှလုံးကို ညှိုးချုံးစေအောင် ဖန်တီးနေ၏။

ထိုအခါ ...

လီထိုက်ဟို၏ စိတ်အစဉ်သည် ဟိုယခင် ငယ်စဉ်တောင်ကျေးကလေးဘဝသို့ ပြန်လည် ရောက်ရှိသွားလေတော့သည်။

❖❖❖❖❖



ချမ်းအေးလှသော ရာသီ .....

တစ်ခုသော နံနက်ခင်းတွင် သူသည် ခိုက်ခိုက်တုန်မျှ ချမ်းလျက် ရှိနေသည်။ အချမ်းလုံအောင် ကာကွယ်ပေးမည့် ပစ္စည်းဟူ၍ အကျီစုတ်နှင့် ဘောင်းဘီတိုမျှသာ ရှိ၏။

သို့သော် .... သူ့ရင်ထဲတွင်ကား မီးတောက်လောင်နေသည့် ပမာ ပူပြင်းနေသည်။ ထိုအပြင် ... ဆာလောင်မွတ်သိပ်မှုဒဏ်ကိုလည်း အရွယ်နှင့်မမျှအောင် ခံစားနေရသည်။

ဤဒုက္ခပေါင်းစုံမှ သူ့အား ကယ်တင်လိုက်သည့် ကယ်တင်ရှင်မှာ သူ၏ ဆရာသမားပင် ဖြစ်သည်။ သို့နှင့် သူသည် ကျေးဇူးရှင် ဆရာသမား၏ မျက်နှာကို မြင်ယောင်လာမိသည်။

သူ၏ ဆရာသမားနှင့် ခွဲခွာခဲ့စဉ်က ကျခဲ့ရသော မျက်ရည်တို့သည် ယခုတစ်ဖန် သူ၏မျက်လုံးအိမ်ဝယ် ခိုတွယ်လာ၏။

လွင်ပြင်နီးပါး ခေါင်လှသော နှင်းခဲပြင်ကြီးကိုလည်း သူမြင်ယောင်လာပြန်သည်။

နှင်းခဲပြင်ကြီးပေါ်ဝယ် သိုင်းပညာများကို အပတ်တကုတ် ကြိုးစားလေ့ကျင့်ခဲ့ပုံများကိုလည်း သူ မြင်ယောင်လာမိသည်။

လီထိုက်ဟို၏ ရင်ထဲမှ ရှုရှိုက်လိုက်သော ပင့်သက်ရှူသံသည် လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာ၏။ ထိုအခါ .... တစ်ကိုယ်လုံး နွမ်းလျော့ကာ ပျော့ခွေသွားပြီး ယိုင်လဲလုမတတ် ဖြစ်လာ၍ အားအင်တို့သည် ရုတ်ခြည်းပင် ကုန်ခမ်းသွားသကဲ့သို့ ရှိနေသည်။

သူ့အာရုံတွင် ပလွေသံက စိုးမိုးနေလေတော့သည်။

အချိန်မည်မျှကြာအောင် သူသည် ပလွေသံဝယ် နစ်မျောနေမိသည် မသိ။ သူ သတိပြန်လည်ဝင်ရောက်လာသောအချိန်တွင် သူ့လက်ထဲမှ သံသေတ္တာသည် မြေပြင်ပေါ်သို့ လွတ်ကျလုနီးနီး လျော့ရဲစွာ ကိုင်ထားနိုင်တော့သည်ကို သိလိုက်ရ၏။

သူ၏ လက်ထဲမှ ဓားသည် မြေပြင်ပေါ်သို့ ညွှန်လျက် ဦးစိုက်နေသည်။ ပလွေသံကမူ မှတ်နေရာမှ ရပ်သွားပြီ ဖြစ်သည်။

သို့သော် .... လီထိုက်ဟို၏ နားထဲတွင်မူ ပဲ့တင်ထပ်သံက ကျန်နေသေး၏။ သူ၏ စိတ်အစဉ်ကို အတိတ်မှအရိပ်တို့က လွှမ်းခြုံထားဆဲ ဖြစ်သည်။

ထိုစဉ် .... လီကျောင်းသည် သူမ၏ ပလွေကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး လီထိုက်ဟိုထံသို့ လျှောက်လာနေသည်။

သူမ၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်တို့က စီတွဲလျက် ရှိ၏။ သူမ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။



ထို့အပြင် .... သူမ၏အသွင်ကလည်း နွမ်းလျ မောဟိုက်နေသည်။ သို့သော် ... သူမ၏ မျက်လုံးအစုံကမူ ဝင်းလက်တောက်ပနေ၏။ ထိုတောက်ပသည့် မျက်ဝန်းရိပ်တွင် ရက်စက်သော အရိပ်အငွေ့များက ယှက်သမ်းနေသည်။

လီကျောင်းက လီထိုက်ဟိုထံသို့ တစ်လှမ်းချင်း တိုးကပ်လာနေသည်။

သို့တစေ .... လီထိုက်ဟိုကမူ ငိုင်လျက် ရပ်မြဲရပ်နေသည်။

ပလွေသံ၏ သံစဉ်ဂယက်လှိုင်းက လီထိုက်ဟို၏ သောတအာရုံဝယ် ပျံ့လွင့်ကြားယောင်နေဆဲပင် ဖြစ်သည်။

ထိုစဉ် .... လီကျောင်း၏ညာလက်သည် မြောက်တက်သွားပြီး သံမဏိ ဖူးချွန်ကို ဆွဲထုတ်ကာ ဆန့်တန်းလိုက်၏။

လရောင်တွင် သံမဏိဖူးချွန် ထိပ်ဖျားသည် လီထိုက်ဟို၏ လည်မျိုဆီသို့ တရွေ့ရွေ့ နီးကပ်လာလေသည်။

လီကျောင်းသည် အံကို တင်းတင်းကြိတ်လိုက်ပြီး လက်ကို နောက်သို့ အနည်းငယ်ရို့ကာ အားယူဟန် ပြုလိုက်၏။

ထိုစဉ် ....

'အစ်ကိုလီ'

လီကျောင်း၏ နောက်ဘက်မှ အော်ခေါ်သံက ရုတ်တရက် ပေါ်ထွက်လာလေသည်။ ခေါ်သံမှာ စူးရှ ပြင်းထန်လှ၏။

လီထိုက်ဟို၏ နားထဲသို့ စူးစူးဝါးဝါး တိုးဝင်သွားသည်။

ထို့ကြောင့် ... ပလွေသံသို့သာ လွင့်မျောနေမိသော လီထိုက်ဟို မှာ ယင်းခေါ်သံကြောင့် သတိပြန်လည် ဝင်လာခဲ့သည်။

အဖြစ်အပျက်က လျှပ်တစ်ပြက် အချိန်ကလေး၌ ဖြစ်ပွားခဲ့ခြင်းသာ ဖြစ်၏။ ထိုလျှပ်တစ်ပြက် အချိန်ကလေးသည် လွန်စွာမှ တန်ဖိုးရှိနေသည်။

သတိရလာသော လီထိုက်ဟိုက ကိုယ်ကို တစ်ဘက်သို့ တိမ်းလိုက်ပြီး သူ၏ ဦးခေါင်းကိုလည်း လှည့်ကာ ရှောင်တိမ်းလိုက်သည်။

ထိုအခါ ... သံမဏိစူးချွန်သည် လျှင်မြန်သော အရှိန်အဟုန်ဖြင့် လီထိုက်ဟို၏ နားရွက်အနီးမှ 'ဗိုး'ခနဲ ပွတ်ကာသီကာ ဖြတ်သန်းသွားတော့၏။

ထို့အပြင် ... လီကျောင်း၏ ကိုယ်လုံးကလေးကလည်း လီထိုက်ဟို၏ ရှေ့သို့ အရှိန်လွန်လျက် ထိုးကျလာလေသည်။

ထို့ကြောင့် ... လီထိုက်ဟိုက သူမ၏ ကိုယ်လုံးကလေးအား လဲကျမသွားစေရန် အလိုက်သင့် ပွေ့ပိုက်ထားလိုက်ရ၏။

တဒင်္ဂအချိန်ကလေးအတွင်းမှာပင် လီကျောင်း၏ လက်ထဲမှ သံမဏိစူးချွန်သည် မြေပေါ်သို့ လွင့်စဉ် ထွက်သွားပြီး သူမ၏ ကိုယ်လုံးကလေးက ဒူးညွတ်လျက် ပျော့ခွေကျသွားလေတော့သည်။

ထိုစဉ် .... လူရိပ်သုံးလေးခု ရုတ်တရက် ပြေးလွှားထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူရိပ်များသည် သူတို့၏အနီးသို့ ရောက်သောအခါ ...



'အစ်ကိုလီ ... သိပ်ကံကောင်းတယ်'

မိုရှုရီ၏ အသံက ... ပထမဆုံး ထွက်ပေါ်လာသည်။ သူမ၏ မျက်လုံးအိမ်တွင် မျက်ရည်များ ဝေ့ဝဲလျက် ရှိနေသည်။

ထို့နောက် ..... တုန်းနန်စန်းသည် လီထိုက်ဟို၏ ရင်ခွင်ထဲမှ လီကျောင်းကို လွဲပြောင်းယူလိုက်ပြီး ပွေ့ထားလိုက်သည်။

'တူမလေး ..... တူမလေး'

တုန်နန်စန်း၏ အသံပင် ....

ထိုအသံကို ကြားတော့မှ .... လီထိုက်ဟို သတိရလာသည်။ သို့သော် ... အားလုံးကို သတိရသည်မဟုတ်၊ အချို့အဝက်ကိုသာ သတိရခြင်း ဖြစ်၏။ သူသည် နှမ်းလျစွာ မေးလိုက်မိလေ၏။

'ဟင် .... လီကျောင်း ... ကျွန် ... ကျွန်တော် ... သူ့ကို ဒဏ်ရာရအောင် လုပ်လိုက်မိသလား'

လီထိုက်ဟို၏ စိတ်သည် ဝေခွဲမရအောင် နောက်ကျိရှုပ်ထွေးနေသည်။

'သူမှာ ဘာဒဏ်ရာမှ မရပါဘူး အစ်ကိုလီ ..... သူဟာသူ ဒေါသကြီးပြီး စိတ်လှုပ်ရှားလွန်းနေလို့ .... အားလွန်ပြီး လဲကျသွားတာပါ'

လီကျောင်းက ... တုန်းနန်စန်းကို မှီလျက် မှိန်းနေ၏။

လီထိုက်ဟိုက သံမဏိစူးချွန်နှင့်အတူ မြေပေါ်သို့ ကျနေသည့် ကျောက်စိမ်းပလွေကို ကြည့်ကာ ... လေးတွဲ့သောအသံဖြင့် ...

ရှိ .... လီကျောင်းရဲ့ ပလွေသံဟာ သိပ်ပြီး အစွမ်းထက်နေပါလား'

ထိုစဉ် ... ရုတ်တရက် ဝါးရုံများကြားမှ လူရိပ်များ ထပ်မံထွက်ပေါ်လာကြပြန်သည်။

ထိုအခါ ... လီထိုက်ဟိုတို့အားလုံး အထိတ်တလန့်ဖြင့် လှည့်ကြည့်မိလိုက်ကြ၏။

'ဟား ... ဟား ... ဟား ... လီထိုက်ဟို၊ ခင်ဗျား ... ဒီ တစ်ခါ သေဖို့ အပ်တစ်ဖျားလောက် လွဲသွားတယ်၊ ကျုပ်တို့စောင့်ကြည့်နေတာ၊ ခင်ဗျား သိပ်ကံကောင်းသွားတယ်၊ ဒါပေမယ့် ... ခင်ဗျား သိပ်ဝမ်းမသာနဲ့ဦး၊ ဒီည ခင်ဗျားဟာ လီကျောင်းရဲ့ လက်ချက်နဲ့ မသေနိုင်ပေမယ့် ကျုပ်တို့လက်ချက်နဲ့ သေကို သေရစေမယ်'

ဝါးရုံမှောင်ရိပ်တွင်းမှ ထွက်လာပြီး အားရပါးရ ရယ်၍ အော်ဟစ် ပြောဆိုလိုက်သူမှာ မုန်းအင်း ကျားကြီး ဖြစ်နေသောကြောင့် အားလုံး ထိတ်လန့်သွားကြ၏။

မုန်းအင်းကျားကြီး၏ နောက်တွင် ထိပ်ပြောင်ပြောင်နှင့် ဝဖြိုးတုတ်ခိုင်သော လူနှစ်ယောက် ရပ်နေသည်။

ထိုလူဝကြီး နှစ်ယောက်မှာ အဝါရောင်ဝတ်ရုံများကို ဝတ်ဆင်ထား၏။ သူတို့၏ ရုပ်သဏ္ဍာန်မှာ ထူးခြားနေသယောင် ထင်မှတ်ရသည်။ ထိုလူဝကြီး နှစ်ယောက်၏ နောက်ဘက်တွင် ဓားကိုယ်စီကိုင်ထားသော ကျားလတ်နှင့် ကျားလေးတို့ကို တွေ့ရ၏။



မုန်းအင်းကျားကြီး၏ မျက်နှာကို မြင်တွေ့လိုက်ရသည့်အချိန်တွင် လီထိုက်ဟို၏ အသိတရားတို့သည် အပြည့်အဝ ပြန်လည်ရောက်ရှိလာလေတော့သည်။ အချိန်သည် သူ့စွမ်းရည်များကို ပြန်လည်ပြည့်ဝစေခဲ့လေသည်။

ထို့ကြောင့် ... လီထိုက်ဟိုသည် မုန်းအင်းကျားကြီး၏ မျက်နှာကို သေချာစွာ စိုက်ကြည့်လိုက်လေ၏။

'သြော် ... ခင်ဗျားတို့ ဒီကျွန်းက ထွက်မသွားကြသေးဘဲကိုး၊ အခု ... ခင်ဗျားတို့ ဒီ'ဝိုင်'ဂေဟာကို ဘာလုပ်ဖို့ ပြန်လာကြတာလဲ'

ဤတွင် ... မုန်းအင်းကျားကြီးက အားရပါးရ ရယ်မောလိုက်ကာ ...

'ဟား .... ဟား .... ဟား .... ဘာလုပ်ဖို့ ပြန်လာတာလဲ ဟုတ်လား၊ ဒီမယ် ..... လီထိုက်ဟို၊ ကျုပ်ညီနှစ်ယောက်ရဲ့ အသက်၊ နောက်ပြီး ကျုပ်ရဲ့ ဟောဒီပခုံးက ဒဏ်ရာ၊ အဲဒီသွေးကြွေးတွေကို တောင်းဖို့ ကျုပ်က ပြန်မလာရတော့ဘူးလား၊ ဘာလဲ .... ခင်ဗျားက ကျုပ်နောက်က ပါလာတဲ့ ဟောဒီ ကျုပ်မိတ်ဆွေ သိုင်းပညာရှင်ကြီး နှစ်ယောက်ကို တွေ့တာနဲ့ ကြောက်သွားလို့လား၊ ဟဲ ... ဟဲ ... ခုမှ ဘာကြောက်နေရတာလဲ .... ဒီတစ်ခါတော့ ခင်ဗျားအလှည့်ပဲ'

ထိုအခါ ... လီထိုက်ဟိုက အဝါရောင်ဝတ်ရုံနှင့် လူဝကြီး နှစ်ယောက်ကို လှမ်းကြည့်ပြီး အကဲခတ်လိုက်၏။

ထိုလူဝကြီးနှစ်ယောက်၏ မျက်နှာတို့ကား အဆီပြန်လျက်

ပြောင်လက်နေသည်။ သူတို့၏ မျက်နှာကြီးများက ပြည့်ဖြိုးတင်းအစ်နေပြီး အသားမှာ အတန်ငယ် ညိုသည်။ သူတို့နှစ်ယောက်၏ မျက်နှာသွင်ပြင်မှာ အလယ်ပိုင်း တရုတ်နွယ်ဖွားတို့၏ မျက်နှာသွင်ပြင်များ မဟုတ်ကြောင်းကို လီထိုက်ဟိုအနေဖြင့် ခန့်မှန်းမိ၏။

မုန်းအင်းကျားရဲ့များသည် မည်သို့သော သိုင်းပညာရှင်များကို စည်းရုံး၍ ခေါ်ယူလာလေသနည်း။

ထိုလူနှစ်ယောက်ကား မည်သူတို့ဖြစ်ပြီး ကောင်းသော လူမျိုးစုမှ ဆင်းသက်လာခြင်း ဖြစ်ပါသလော။ ထိုစဉ် ....

မိုရှရီက တိုက်ခိုက်ရန် ရှေ့သို့ ရုတ်တရက် တိုးလာသည်။

သို့သော် ... လီထိုက်ဟိုက ချက်ချင်းပင် ရိပ်မိ၍ မိုရှရီအားလှမ်း၍ တားမြစ်လိုက်၏။

'ရှရီ ... ညီမ အသာနေ၊ နောက်ဆုတ်လိုက်'

ပြောပြောဆိုဆို လီထိုက်ဟိုက ရှေ့သို့ နှစ်လှမ်းမျှ တိုးလိုက်လေသည်။

သို့နှင့် မုန်းအင်းကျားကြီးနှင့် တစ်လံခန့်အကွာသို့ပင် ရောက်ရှိလာသည်။ မုန်းအင်းကျားကြီးက ဝင့်ကြွားသောအသံဖြင့် လှမ်းအော်လိုက်သည်။

'နေဦး လီထိုက်ဟို ... ကျုပ် ပြောစရာ ရှိသေးတယ်'

ပြောပြောဆိုဆို မုန်းအင်းကျားကြီးက အကြည့်ရဆိုးလောက်အောင် မျက်နှာကို မဲ့ရွဲ့လိုက်ပြီး ...



'ဒီညအဖို့ စိတ်သာချနေ ... ခင်ဗျား သေရမှာပါ၊ ခင်ဗျားသာမကဘူး၊ ဒီဂေဟာမှာရှိတဲ့ လူအားလုံး သေရမှာပဲ၊ ဒါပေမယ့် ... ဟိုမိန်းကလေးနှစ်ယောက်ကတော့ သိပ်ကံကောင်းတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ကို ကျုပ်မိတ်ဆွေ ပညာရှင်ကြီး ... ယောက်ကသဘောကျနေတယ်ဆိုတော့ သူတို့ကို သတ်ပစ်ဖို့ မဖြစ်သေးဘူး'

ထိုစကားကြောင့် မိုရှရီ ဒေါသအကြီးအကျယ် ထွက်သွားလေတော့သည်။ သူမက ဒေါသဖြင့် အော်လိုက်၏။

'လူယုတ်မာတွေ ..... နင်တို့သာ ... အရင်သေဖို့ ပြင်ထားပေတော့'

တစ်ချိန်တည်းလိုလိုပင် ... မိုရှရီ၏ သံမဏိ ဓွန့်ကုတ်တံက သူမ၏ လက်ထဲသို့ ရောက်ရှိနေပြီး သူမက မုန်းအင်းကျားကြီးထံ ခုန်ဝင်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် ... လီထိုက်ဟိုသည် ခေါင်းကိုပင် မလှည့်ဘဲ ညာဘက်လက်ကို ဆန့်တန်းထားလိုက်ကာ ....

'ရှရီ .... အသာနေဦး၊ အစ်ကိုလီ သူတို့ကို မေးစရာရှိတာ မေးလိုက်ဦးမယ် .... အလကားနေရင်း ဒေါသ ဖြစ်မနေပါနဲ့ ....'

လီထိုက်ဟိုသည် ရှေ့သို့ ခြေနှစ်လှမ်းမျှ ထပ်မံတိုးလိုက်ပြီး မုန်းအင်းကျားကြီးကို အသေအချာ စိုက်ကြည့်ကာ မေးလိုက်၏။

'ဒီမယ် .... မုန်းအင်းကျားကြီး၊ ခင်ဗျားကို ကျုပ်ပြောမယ့် စကားကို သေသေချာချာ နားထောင်ပါဦး'

ထိုအခါ ... မုန်းအင်းကျားကြီးက လီထိုက်ဟိုအား မျက်လုံးမှေး၍ ကြည့်ကာ မခိုးမခန့် ရယ်လိုက်ပြီး .....

'ဟဲ ... ဘယ်လိုလဲ လီထိုက်ဟိုရဲ့၊ ခင်ဗျားက ခင်ဗျားရဲ့ ချစ်သူကို ခွင့်လွှတ်ရမှာ စိုးရိမ်နေပြီလား'

မုန်းအင်းကျားကြီး၏ စကားမှာ ပမာမခန့် နိုင်လှသော်လည်း လီထိုက်ဟိုက စိတ်မဆိုး၊ ဒေါသ မထွက်သေးဘဲ တည်တည်ငြိမ်ငြိမ်ပင် ရှိနေပြီး လေသံအေးအေးဖြင့် ...

'ဒီမယ် ... မုန်းအင်းကျားကြီး၊ ကျုပ်အပေါ်မှာ ထားရှိနေတဲ့ ခင်ဗျားတို့ရဲ့ ရန်ငြိုးကို မချေဖျက်နိုင်တော့ဘူးလား၊ ဖြစ်ပျက်ခဲ့ပြီး သမျှ ကိစ္စအားလုံးမှာ ကျွန်တော် မမှားဘူး၊ မှားတာက ခင်ဗျားတို့ပါ၊ ဒါ့ကြောင့် ခင်ဗျားတို့အမှားကို ခင်ဗျားတို့သိပြီး ဒီကျွန်းက ထွက်သွားကြပါ၊ အခု အချိန်မှသေးတယ်'

မုန်းအင်းကျားကြီးက တဟားဟား ရယ်မောလိုက်လေ၏။

ထို့နောက် .... သူက ခနဲ့ပြုံး ပြုံးလိုက်သည်။

'ဟား .... ဟား .... ဟား ... လီထိုက်ဟို၊ ခင်ဗျားကြောက်နေပြီလား၊ ဟောဒီက တိဗက် ပညာရှင်ကြီးနှစ်ယောက်ကို တွေ့တာနဲ့ ခင်ဗျားစိတ်တွေ တုန်လှုပ်ချောက်ချားနေပြီ မဟုတ်လား၊ ခင်ဗျားအနေနဲ့ ဟောဒီမိတ်ဆွေကြီး နှစ်ယောက်ကို တိုက်ကွက်သုံးကွက် ပြည့်အောင် ခုခံနိုင်ဖို့ စဉ်းစားထားပါ၊ အဲ .... တစ်ခုတော့ ပြောလိုက်မယ်၊ ခင်ဗျားဟာ သူတို့ကို ယှဉ်ပြိုင်ဖို့ ကြောက်နေတယ်ဆိုရင်တော့



ကျုပ်တို့ကို ဒူးထောက်ပြီး အညှံ့ခံ တောင်းပန်ပါ၊ ကျုပ်တို့ ခွင့်လွှတ်လိုက်မယ်၊ ဟိတ်ဟန်တွေထုတ်ပြီး .... ခြောက်လှန့်နေလို့ကတော့ အလကားပဲ'

ရပ်ကြည့်နေသော မိုရှုရိက လီထိုက်ဟို၏ အပြုအမူများကို စိတ်မရှည်တော့ပေ။ ထို့ကြောင့် ...

'အစ်ကိုလီ .... ကျွဲပါး စောင်းတီး လုပ်မနေနဲ့တော့ ... သူတို့ဟာ အစ်ကိုလီရဲ့ စကားတွေကို နားလည်မယ့်လူတွေ မဟုတ်ဘူး၊ သူတို့ရဲ့ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ စိတ်တွေက သေသွားတာတောင် ပျောက်နိုင်မှာ မဟုတ်ဘူး'

မိုရှုရိ စကားဆုံးသွားသောအခါ ... လီထိုက်ဟိုက မုန်းအင်းကျားကြီးကို ကြည့်ပြီး မျက်နှာထား တင်းတင်းဖြင့် ....

'မုန်းအင်းကျားကြီး ... ခင်ဗျား ကျုပ်ပြောနေတာကို တကယ်ပဲ နားမဝင် လက်မခံဘူးဆိုရင်တော့ ခင်ဗျားတို့နဲ့ ကျုပ် ဒီနေ့ညအပြတ်ရှင်းကြရုံပဲ ရှိတော့တယ် ... ကဲ ...'

လီထိုက်ဟိုက ပြောပြောဆိုဆို ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြန်၏။ ထိုအခါ ... မုန်းအင်းကျားကြီးသည် လီထိုက်ဟိုအား သတိထားကြည့်နေရင်းမှ နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားလေ၏။

လီထိုက်ဟိုက အဖော်ပါလာသော လူဝကြီးနှစ်ယောက်ကို အကဲခတ်ကြည့်လိုက်ကာ မုန်းအင်းကျားကြီးကို စေ့စေ့ကြည့်၍ ပြောလိုက်၏။

'ဩော် ... ခင်ဗျားက ဟောဒီ တိဗက် သိုင်းပညာရှင်ကြီး နှစ်ယောက်ကို ခေါ်လာပြီး ကျုပ်ကို ယှဉ်ပြိုင်နိုင်းမယ်ပေါ့၊ ရပါတယ်၊ ဒါပေမယ့် .... ကျုပ် သူတို့နဲ့ မယှဉ်ပြိုင်ခင်မှာ ခင်ဗျား ကျုပ်ကို ကတိ တစ်ခု ပေးရလိမ့်မယ်၊ အဲဒါကတော့ တကယ်လို့ ... ကျုပ် ရှုံးနိမ့်ခဲ့ရင် ခင်ဗျားတို့ ကျုပ်ကို ကြိုက်သလိုလုပ်နိုင်တယ်၊ ဒီလိုမဟုတ်ဘဲ ခင်ဗျား တို့ဘက်က ရှုံးနိမ့်ခဲ့ရင် ကျုပ်နဲ့တကွ ဟောဒီ 'ပိုင်' ဂေဟာတစ်ခုလုံးကို နောက်ထပ် ရန်မပြုတော့ပါဘူး ဆိုတဲ့ ကတိပဲ'

လီထိုက်ဟို၏ စကားဆုံးသွားသောအခါ မုန်းအင်းကျားကြီး က အံကို တင်းတင်းကြိတ်လိုက်ပြီး .....

'ကျုပ် ... ကတိပေးတယ်လေ၊ ခင်ဗျားက ကျုပ်ရဲ့ မိတ်ဆွေ တိဗက်သိုင်းပညာရှင်ကြီး နှစ်ယောက်ကို အထင်သေးတယ်ပေါ့ .... ဟုတ်လား'

မုန်းအင်းကျားကြီးသည် တိဗက် သိုင်းပညာရှင် နှစ်ယောက် ဘက် လှည့်လိုက်ပြီး လက်ဖမိုးယှက် အရိုအသေပေးလိုက်ကာ ....

'ကဲ ... လီထိုက်ဟို လေထွားနေတာကို မိတ်ဆွေကြီးတို့ ကြား ကြတဲ့အတိုင်းပါပဲဗျာ'

သို့သော် .... တိဗက် သိုင်းပညာရှင်နှစ်ယောက်မှာ မည်သို့မျှ ပြန်လည်ပြောကြားခြင်းမပြုဘဲ အဆိပြန်နေသော မျက်နှာကြီးများ ဖြင့် ပြုံးရယ်နေကြသည်။ ထို့နောက် ...

တစ်ယောက်က ရှေ့သို့ အနည်းငယ် တိုးလာသည်။



ထိုအခါ ... လှစ်ဟသွားသော အဝါရောင် ဝတ်ရုံအတွင်းမှ ကြီးမားသော လက်ကိုင်ရိုးကြီးကို လှမ်းမြင်လိုက်ရသည်။

ထိုတိဗက် ပညာရှင်ကြီးက လီထိုက်ဟိုအား အသေအချာ စိုက်ကြည့်လိုက်ပြီး အသံဩဩကြီးဖြင့် မေးလိုက်သည်။

'မင်း ... ကျုပ်နဲ့ဘယ်လိုယှဉ်ပြိုင်ချင်သလဲ၊ လက်နက်မဲ့ လက် သိုင်းပဲ ယှဉ်ပြိုင်မလား၊ ဒါမှမဟုတ် ဓားသိုင်းနဲ့ပဲ ယှဉ်ပြိုင်မလား'

မိုရှရိက လီထိုက်ဟို မည်သို့ ပြန်ပြောမည်ကို စိတ်ဝင်စားစွာ လှမ်းကြည့်နေလိုက်သည်။

လီထိုက်ဟိုက ချက်ချင်းပင် အကြောင်းပြန်သည်။

'ခင်ဗျားတို့နဲ့ မတိုက်ခိုက်ခင်မှာ ကျုပ်စကား နည်းနည်း ပြော ချင်တယ်၊ မုန်းအင်းကျားရဲ့နဲ့ ကျုပ်ဟာ အထင်လွဲမှားစရာ ပြဿနာ တစ်ခုကြောင့် တစ်ယောက်နဲ့တစ်ယောက် ခြေလွန်လက်လွန် တိုက် ခိုက်ခဲ့ကြတယ်၊ ဒီလို ဖြစ်ရတာကလည်း ... မုန်းအင်းကျားရဲ့တွေရဲ့ မိုက်မဲမှားယွင်းမှုတွေကြောင့်ပဲ၊ အဲဒီတော့ .... သူတို့ရဲ့ မိုက်မဲမှား ယွင်းမှုထဲမှာ ခင်ဗျားတို့က ပါဝင်ကြဦးမလို့လား၊ ပြီးတော့ ခင်ဗျားတို့ ဟာ ကျုပ်နဲ့ ဘာရန်ငြိုးရန်စမှ ရှိခဲ့ကြဖူးတာ မဟုတ်ဘူး၊ သူတစ်ပါး ရဲ့ သွေးဆောင်မှုနဲ့ တကယ်ပဲ သတ်ဖြတ်တိုက်ခိုက်ကြတော့မှာလား'

တိဗက်သိုင်းပညာရှင်က ပြန်ပြောလေ၏။

'မင်းက ကျုပ်တို့ နှစ်ယောက်နဲ့ မတိုက်ခိုက်ရဲဘူး ဆိုရင်လည်း ရပါတယ်၊ ဒါပေမယ့် .. ကျုပ်တို့ ဒီအတိုင်းတော့မပြန်နိုင်ဘူး၊ ဟောဟို

မိန်းကလေးနှစ်ယောက်ကို ကျုပ်တို့လက်ထဲအပ်ပါ၊ အဲဒီ မိန်းကလေး နှစ်ယောက်ကို ရရင် ကျုပ်တို့ အေးအေးဆေးဆေး ပြန်သွားမယ်'

ဤတွင် .... မိုရှရိမှာ ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ ရုတ်တရက် ထိုလူအား အော်ဟစ်ပြောဆိုလိုက်၏။

'ဒီလောက် ရိုင်းစိုင်း ယုတ်မာတဲ့ကောင်တွေ ... သေပေတော့'

မိုရှရိသည် အော်ဟစ်သံနှင့် မရှေးမနှောင်းမှာပင် ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ လှုပ်ရှားမှုကိုပါ တစ်ဆက်တည်း ပြုလုပ်လိုက်လေတော့သည်။

၎င်းမှာ .... သူမ၏ ညာဘက်လက်သည် မြောက်တက်သွားပြီး ပြန်အကျတွင် အားနှင့် လွှဲပစ်လိုက်လေ၏။

လင်းလင်းလက်လက် အရာများက တိဗက် သိုင်းပညာရှင်ကြီးထံသို့ ဖွားခနဲ ဖြာထွက်လျက် တိုးဝင်ရောက်ရှိသွားလေသည်။

မိုရှရိက သေးငယ်သော လက်နက်ပုန်းကို အသုံးပြုလိုက်ခြင်းပင် ဖြစ်၏။ ယင်းလက်နက်ပုန်းကား အဆိပ်လူးအပ် ခြောက်ဆယ့်လေးချောင်းပါသော အဆိပ်အပ်ပညာပင် ဖြစ်သည်။

ထိုအဆိပ်အပ်များသည် မိုးစက်မိုးပေါက်များကဲ့သို့ ဖြာထွက်လျက် တိဗက်သိုင်းပညာရှင်ကြီးနှင့် ... မုန်းအင်းကျားကြီး ရှိရာသို့ တစ်ရှိန်ထိုး ရောက်သွားတော့၏။

ယင်းအဆိပ်အပ်ကလေး တစ်ချောင်းစီ၏ အန္တရာယ်က ကြီးမားလှသည်။ တစ်ချောင်းတည်း စိုက်လိုက်မိသည်နှင့်ပင် အသက်ပါ



ထွက်သွားနိုင်လောက်အောင် ပြင်းထန်လှသည်။ သို့သော် ....

တိဗက် ပညာရှင်ကြီးက လုံးဝ ရှောင်တိမ်းခြင်းမပြုချေ။

ရောက်လာသော အဆိပ်အပ်များကို သူ၏ အင်္ကျီလက်မောင်းပွပွကြီးဖြင့် တဟူးဟူးမြည်အောင် လှုပ်ယမ်း၍ လေးငါးချက်မျှ ခါထုတ်ပစ်လိုက်၏။ ထိုအခါ ... မိုးစက်မိုးပေါက်များသဖွယ် ကျလာသော အဆိပ်အပ်များ ဘေးဘက်သို့ လွင့်စင်ထွက်သွားလေသည်။

နောက်ဘက်တွင် ရပ်နေသော တိဗက်သိုင်းပညာရှင်ကြီးကလည်း ထိုမြင်ကွင်းကြောင့် ရှေ့သို့ လှမ်းထွက်လာသည်။

သူ့လက်ထဲတွင် လင်းကွင်းငယ်တစ်စုံကို ကိုင်ထားလေသည်။

ထိုလင်းကွင်းအား ကြေးဖြင့် ပြုလုပ်ထားပြီး အလွန်ထူထဲသော လင်းကွင်းငယ် တစ်စုံပင် ဖြစ်သည်။

လီထိုက်ဟိုက နောက်သို့ သတိဖြင့် ဆုတ်လိုက်ရင်း မိုရှရိကို အော်ကာ သတိပေးလိုက်၏။

'ရှရိ .... သတိထား'

ထိုစဉ် ... ကြေးလင်းကွင်းကြီးကို ကိုင်ထားသော တိဗက်သိုင်းပညာရှင်ကြီးသည် 'ခွမ်း'ခနဲ လင်းကွင်းကို တီးခတ်လိုက်ပြီး လက်တစ်ဘက်ကို ရှေ့သို့ဆန့်တန်းထားလိုက်၏။ သူသည် လက်ထဲမှ လင်းကွင်းငယ်နှစ်ချပ်ကို ပစ်ခတ်ရန် ဟန်ပြင်နေခြင်း ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်းပင် တိဗက်သိုင်းပညာရှင်ကြီးသည် ရုတ်တရက် လျှင်မြန်စွာ လှုပ်ရှားလိုက်၏။

'ဗိုး ...'

သူ့လက်ထဲမှ ကြေးလင်းကွင်းသည် 'ဗိုး'ခနဲ အော်မြည်ကာ ပျံထွက်လာသည်။ ပထမ ကြေးလင်းကွင်းတစ်ချပ်က မိုရှုရိထံသို့ တဝီဝီ အော်မြည်ကာ ပျံထွက်လာသည်။

ထို့အတူ ... နောက်ထပ် ကြေးလင်းကွင်းတစ်ချပ်ကလည်း လီထိုက်ဟိုထံသို့ တစ်ရှိန်ထိုး ပျံဝဲလာနေပေသည်။

ထို့ကြောင့် ... လီထိုက်ဟိုက ကိုယ်ကို တစ်ပတ်လှည့်လိုက်၏။

ထိုအချိန်တွင် .... မိုရှုရိကလည်း တစ်ဘက်သို့ ခုန်ပျံ၍ ရှောင်ထွက်လိုက်လေတော့၏။

ကြေးလင်းကွင်းနှစ်ချပ်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မထိဘဲ တဝီဝီမြည်လျက် ဝဲပျံနေပြီးနောက် တိဗက်သိုင်းပညာရှင်ကြီးဆီသို့ ဝေ့ဝိုက်ကာ ပျံဝဲရောက်ရှိလာသည်။

ဤတွင် ...

တိဗက်သိုင်းပညာရှင်ကြီး နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး တိဗက်ဘာသာစကားဖြင့် အပြန်အလှန် ပြောဆိုလိုက်ကြလေတော့၏။

သူတို့၏ ပထမအကြိမ် တိုက်ခိုက်မှုကား အချည်းနှီး ဖြစ်သွားခဲ့ချေပြီ ...

❖❖❖❖❖



## အခန်း (၃၁)
## ရင်ဆိုင်တွေ့သည့် သေမင်း

တိဗက်သိုင်းပညာရှင်ကြီးနှစ်ယောက် .... အတန်ကြာအောင် စကား ပြောနေကြ၏။ စကားပြောဆိုပြီးသောအခါ တစ်ယောက်က အားရပါးရ ရယ်မောလိုက်ပြီး .....

'ဟား .... ဟား ... ဟား .... လီထိုက်ဟို .... မင်းတို့ရဲ့ အရှောင်အတိမ်းတွေကိုတော့ ကြိုက်သွားပြီ ဟို .... မိန်းကလေးရဲ့ အဆိပ်အပ်လက်နက်ပုန်းဟာလည်း တော်ရုံတန်ရုံ သိုင်းသမားဆို ရှောင်တိမ်းဖို့ မလွယ်ဘူး၊ ဟဲ ... ဟဲ ... ခုတော့ ပညာသည်ချင်း တွေ့ကြပြီပေါ့ .... ကျုပ်တို့ကလည်း အဲဒီလိုမျိုးမှ သဘောကျတာ၊ ကဲ .... ခုအချိန်ကစပြီး ကျုပ်တို့ဘက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့မယ်၊ မင်းတို့ အစွမ်းကုန် ကာကွယ်ကြပေတော့'

ရုတ်တရက် ...

လီထိုက်ဟိုက သူ၏အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်၏။

အောက်တွင် သူဝတ်ထားသော သိုင်းကိုယ်ကျပ်အင်္ကျီ ပေါ်လာ၏။ ထိုသို့ပြုလုပ်ခြင်းမှာ သူသည် ဤတိုက်ခိုက်ပွဲကို တကယ်ပင် ပြတ်သားစွာ တိုက်ခိုက်တော့မည့် သဏ္ဍာနပင်။ သူက အပေါ်အင်္ကျီကို ချွတ်လိုက်ပြီးနောက် မဲ့ပြုံး ပြုံးကာ ....

'ခင်ဗျားတို့ သိုင်းပညာကတော့ အဆင့်မြင့်ပါတယ်၊ သုံးတဲ့ လက်နက်တွေကလည်း ထူးဆန်းနေတယ်၊ အဲဒီတော့ ခင်ဗျားတို့ကို ကျုပ်မေးချင်တာက အခုပွဲမှာ ယှဉ်ပြိုင်မှုကို အဓိကထားမလား၊ ဒါမှမဟုတ် ... အသေအကြေ တိုက်ခိုက်ကြမှာလား'

ဤတွင် တိဗက်သိုင်းပညာရှင်ကြီးက ရယ်မောလိုက်ပြီး ....

'ဟဲ ... ဟဲ ... မုန်းအင်းကျားရဲ့တွေရဲ့ ထိုက်တန်တဲ့ငွေကြေးကို ကျုပ်တို့က ယူထားခဲ့ပြီမို့ ခင်ဗျားကို အသေသတ်ရလိမ့်မယ်'

တိဗက်ပညာရှင်၏ စကားမှာ ရှင်းလင်းပြတ်သားလှ၏။

တိဗက်သိုင်းပညာရှင်ကြီးတစ်ဦးက ထပ်၍ ပြောပြန်သည်။

'ဟဲ ... ဟဲ .... လီထိုက်ဟို ... မင်းထိတ်လန့်သွားသလား၊ ဒါပေမယ့် ... မင်းမသေစေချင်လည်း ရပါတယ်၊ ဟို မိန်းကလေးတွေကိုသာ ကျုပ်တို့လက်ထဲ ထည့်ပေးလိုက်၊ သူတို့နှစ်ယောက်ကို ရရင် ကျုပ်တို့ မင်းကို မသတ်ဘဲ အေးအေးဆေးဆေး ပြန်သွားမယ်'

ပြောပြောဆိုဆို ရှေ့မှ တိဗက်သိုင်းပညာရှင်က မိုရှုရီအား လှမ်းကြည့်လိုက်ပြီး သူ့နောက်ဘက်တွင် ရှိနေသော တိဗက်သိုင်းပညာရှင်အား လှည့်ပြောလိုက်၏။



'တီမူး .... ဟောဟို မိန်းကလေးရဲ့ အလှမျိုး ... မင်းတွေ့ဖူးရဲ့လား၊ ကြည့်လေလှလေပဲ၊ ငါတော့ သူ့ကိုရရင် ... တစ်ခါတည်း ပြန်တော့မယ်၊ မုန်းအင်းကျားရဲ့တွေ နောက်ထပ်ပေးမယ့် ငွေလည်း မမက်မောတော့ဘူး'

ထိုစဉ် ... မိုရှုရီ၏ လက်ထဲမှ သံမဏိစွန်ကုတ်တံ လက်နက်က လင်းလက်သွားပြီး ခုန်လွှားတိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။

သို့သော် ... လီထိုက်ဟိုက လက်တစ်ဘက်ဖြင့် ဆန့်တန်းကာ တားထားလိုက်သည်။

'ရှုရီ .... ညီမ မထွက်နဲ့၊ ဒီကိစ္စ အစ်ကိုပဲ ဖြေရှင်းမယ်'

ဤတစ်ချိန်တွင်လည်း မိုရှုရီမှာ မကျေမနပ်ဖြင့် ကိုယ်ရှိန်သတ်လိုက်ရပြန်သည်။ သူမ မျက်နှာပေါ်ဝယ် အလိုမကျမှုများ ပေါ်လွင်နေပြီး လီထိုက်ဟိုအား လှမ်းကြည့်ကာ အေးစက်သောအသံဖြင့် ပြောလိုက်၏။ သူမ၏ ဒေါသကား အစိုင်အခဲ ဖြစ်နေလေပြီ။

'အစ်ကိုလီ .... အစ်ကိုလီကို ကျွန်မ နားမလည်နိုင်အောင်ဘဲ ဖြစ်နေပြီ၊ သည်းခံတယ်ဆိုတာ အတိုင်းအတာ တစ်ခုအထိပဲ ကောင်းပါတယ်၊ အတိုင်းအတာတစ်ခုထက် ကျော်လာရင် တစ်ဘက်လူကို အခွင့်ကောင်းပေးသလို ဖြစ်နေပြီ၊ ခုဆို အစ်ကိုရဲ့ ချစ်သူ ကျွန်မကို စော်ကားပြောဆိုပုံနေကြပြီ၊ ဒါကိုတောင် အစ်ကိုက သည်းခံနိုင်တုန်းပဲလား၊ အစ်ကိုက သူတို့ကို ထပ်ပြီး တရားချဖို့ စိတ်ကူးနေသေးသလား'

ထိုအခါ ... လီထိုက်ဟိုက မိုရှရိကို လှမ်းကြည့်လိုက်သည်။

မိုရှရိသည် သူ့အပေါ် နားလည်မှုမရှိတော့ဘဲ စိတ်ကွက် ငြိုငြင်စပြုလာပြီ ဖြစ်ကြောင်း သူရိပ်မိလိုက်သည်။ မိုရှရိကလည်း အမှန်ပင် လီထိုက်ဟိုအား စိတ်ပျက်စပြုလာနေပြီ ဖြစ်၏။

သူမက လီထိုက်ဟိုအား လှမ်းကြည့်ကာ ဆက်ပြောလိုက်၏။ လီထိုက်ဟိုသည် ကျားရဲတို့အား သက်သက်လွတ်စားရန် အထပ်ထပ် အခါခါ တိုက်တွန်းနေသကဲ့သို့ ရှိနေ၏။

'အစ်ကိုလီ ... အစ်ကိုဆက်ပြီး သည်းခံနေပေတော့၊ ကျွန်မ လုံးဝ သည်းမခံနိုင်တော့ဘူး၊ ကျွန်မ သူတို့နဲ့ အသေအကြေ တိုက်ခိုက်မယ်၊ မနိုင်ရင် သူတို့ရဲ့အဖမ်းကိုတော့ မခံဘူး၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်'

မှန်သည်။ မည်သူမဆို အတိုင်းအတာတစ်ခုအထိသာ အစော်ကားခံနိုင်သည်။ ယခုတော့ လီထိုက်ဟိုသည် အံ့သြဖွယ်ကောင်းလောက်အောင် သည်းခံနေ၏။ သူက မိုရှရိကို ကြည့်လိုက်ပြီး ...

'ရှရိ .... ညီမဟာ အစ်ကို့အပေါ် ....'

သို့သော် ... လီထိုက်ဟို၏ စကားမဆုံးမီမှာပင် မိုရှရိက ကြားဖြတ်ပြောလိုက်၏။

'အစ်ကိုလီ ... ဆက်မပြောနဲ့တော့၊ ကျွန်မ သူတို့ကို ဆက်ပြီးတော့ သည်းမခံနိုင်တော့ဘူး၊ အသက်သာ အသေခံမယ်၊ ဒီလို စော်ကားတာတော့ မခံနိုင်ဘူး၊ အစ်ကို ဘေးဖယ်ပါ'



မိုရှရိက ပြောပြောဆိုဆို လီထိုက်ဟို၏ ဘေးမှ လှစ်ခနဲ ပြေးထွက်လိုက်ကာ ရှေ့သို့ လွှားခနဲ ခုန်ထွက်သွားတော့၏။

ထိုအခါ ... တိဗက်သိုင်းပညာရှင်ကြီး နှစ်ဦးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သူတို့အနေဖြင့် မိုရှရိက သူတို့နှင့် ယှဉ်ရဲမည်ဟု မထင်မိကြခြင်းကြောင့် ဖြစ်သည်။

မိုရှရိမှာ မြေပြင်ပေါ်သို့ လွှားခနဲ ကျရောက်သွား၏။

သူမသည် ရှေ့ဆုံးတွင်ရပ်နေသော တိဗက်သိုင်းပညာရှင်ကြီး၏ ညာဘက်သို့ ရောက်ရှိသွားခြင်းပင် ဖြစ်သည်။

မိုရှရိသည် အော်ဟစ်မာန်သွင်းလိုက်ရင်း လက်ထဲမှ သံမဏိစွန်ကုတ်တံဖြင့် ထိုတိဗက်သိုင်းပညာရှင်၏ လည်မြိုသို့ 'သစ်တောက်ငှက် အစာကောက်' သိုင်းကွက်ဖြင့် စတင် တိုက်ခိုက်လိုက်၏။

တိုက်ပွဲကား စတင်ခဲ့ချေပြီ ...

တိဗက်သိုင်းပညာရှင်သည် ဘေးသို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး ဦးခေါင်းကို ဘေးဘက်သို့ ငုံ့ကာ ထိုးသွင်းလာသော သံမဏိစွန်ကုတ်တံအား ရှောင်လိုက်၏။ တစ်ချိန်တည်းမှာပင် ....

သူ၏ ကိုယ်ခန္ဓာသည် ဖြတ်ခနဲ နောက်သို့ဆုတ်သွားပြီး ချက်ချင်းပင် မိုရှရိ၏ ဘေးသို့ လှစ်ခနဲ ရောက်ရှိလာခဲ့သည်။

ယင်း တိဗက်သိုင်းပညာရှင်ကြီးမှာ ခန္ဓာကိုယ် ဝဖြိုးတုတ်ခိုင်နေသော်လည်း ရှောင်တိမ်းမှုကား လျင်မြန်ဖျတ်လတ်လွန်းလှသည်။ အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်နေ၏။

ထို့ကြောင့် ... မိုရှုရိက သူမလက်ထဲမှ သံမဏိစွန်ကုတ်တံ၏ လက်ကိုင်နောက်ရိုးချွန်ဖြင့် သူမ၏ဘေးသို့ ရောက်ရှိချဉ်းကပ်လာသော တိဗက်သိုင်းပညာရှင်ကြီး၏ နံစောင်းသို့ ထိုးသွင်းလိုက်၏။

ထိုအခါ ... တိဗက်သိုင်းပညာရှင်ကြီးက ကိုယ်အနည်းငယ် တိမ်းပေးလိုက်ပြီး 'ကဏန်းလက်မ' သိုင်းကွက်ဖြင့် မိုရှုရိ၏ သံမဏိစွန်ကုတ်တံ၏ နောက်ရိုးအား ဖမ်းညှပ်ထားလိုက်သည်။

သို့ဖြစ်၍ ... မိုရှုရိ၏ သံမဏိစွန်ကုတ်တံမှာ တိဗက်သိုင်းပညာရှင်ကြီး၏ လက်ချောင်းများကြားဝယ် ပြုတ်တူကြီးဖြင့် အညှပ်ခံထားရသကဲ့သို့ ဆွဲနုတ်၍မရဘဲ ရှိနေတော့သည်။

ဤတွင် ... တိဗက်သိုင်းပညာရှင်ကြီး၏ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးကြီးက မိုရှုရိကို စိုက်ကြည့်နေလိုက်သည်။ ထိုလူကြီး၏ အဆီပြန်နေသော မျက်နှာမှာ မချိုမချဉ်ဟန်မျိုး ဖြင့် ....

'မင်းရဲ့ မျက်နှာက ... အခုလို အနီးကပ်ကြည့်မှ ပိုပြီး ချစ်စရာကောင်းနေပါလား၊ မင်းကို ကျုပ် ... သိပ်ချစ်သွားပြီ၊ မင်းကို ကျုပ်တို့ ဂေဟာမှာ ... ကောင်းကောင်းမွန်မွန် တင့်တင့်တယ်တယ် ထားမယ်'

ရုတ်တရက် မိုရှုရိ၏ မျက်နှာတစ်ခုလုံး နီရဲသွား၏။

ရှက်စိတ်နှင့် ဒေါသစိတ်တို့ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ သို့သော် ....

တစ်ဘက်လူသည် အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက် ဖြစ်နေသည်။



သူမ အနေဖြင့် အနိုင်တိုက်ခိုက်နိုင်ပါမည်လား။

ထို့ကြောင့် ... မိုရှုရိက လီထိုက်ဟိုကို လှမ်းကြည့်လိုက်မိသည်။ လီထိုက်ဟို မည်မျှထိ သည်းခံပြီး လက်ပိုက်ကြည့်နေဦးမည်နည်း။ သို့ဖြင့် ... မိုရှုရိအနေဖြင့် ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်သည်။

တစ်ဘက်ရန်သူကို မနိုင်နိုင်အောင် အစွမ်းကုန်တိုက်မည်။

အကယ်၍ မနိုင်ခဲ့လျှင်မူ သူတစ်ပါးလက်ဖြင့် အသေမခံဘဲ မိမိကိုယ်ကို မိမိ အဆုံးစီရင်သွားရန်ပင် ဖြစ်သည်။ ထို့နောက် ....

'ဟိုင်း ....'

မိုရှုရိ ၏ မာန်သွင်းအော်ဟစ်သံသည် ရုတ်တရက် ပေါ်ထွက်လာလေ၏။ သူမသည် ဆွဲနုတ်၍မရသော သူမ၏ သံမဏိစွန်ကုတ်တံ ကိုင်ထားသော လက်ကို လွှတ်လိုက်သည်။ ထို့နောက် .....

'နဂါးပတ်ခွေ' သိုင်းကွက်ဖြင့် ကိုယ်ကို တစ်ပတ်လှည့်ကာ တိဗက်သိုင်းပညာရှင်ကြီး၏ နောက်ကျောဘက်သို့ လှည့်ပတ် တိုက်ခိုက်လိုက်ပြန်သည်။ မိုရှုရိ၏ လှုပ်ရှားမှုက လျင်မြန်သကဲ့သို့ တိဗက်သိုင်းပညာရှင်ကြီး၏ လှုပ်ရှားမှုကလည်း သွက်လက်လှသည်။

'ဖြန်း .....'

ဖြန်းခနဲ လက်ချင်းထိရိုက်လိုက်မိသံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

မိုရှုရိက 'နဂါးပတ်ခွေ' သိုင်းကွက်ဖြင့် တိဗက်သိုင်းပညာရှင်ကြီး၏ နောက်ကျောဘက်သို့ ပတ်ခွေပြီး တစ်ဆက်တည်း 'ကျောက်

တောင်ကွဲအက်’ လက်ဝါးသိုင်းရိုက်ချက်ဖြင့် ရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။ ဤလက်ဝါးရိုက်ချက်မှာ အလွန် ပြင်းထန်လှသည်။

ယင်းလက်ဝါးရိုက်ချက်သာ ထိမိလျှင် ချက်ချင်းပင် လဲကျကာ သေဆုံးသွားနိုင်သည်။

သို့ရာတွင် ... တိဗက်သိုင်းပညာရှင်ကြီးကလည်း မခေပေ။

သူသည် သူ၏ ကိုယ်ခန္ဓာကိုယ်ကို လှစ်ခနဲ လှည့်လိုက်ပြီး မိုရှရိ၏ လက်ဝါးရိုက်ချက်ကို ခုခံလိုက်နိုင်သည်။

သူ၏ လှည့်ပတ်မှုကလည်း အံ့မခန်းလောက်အောင်ပင်။

မိုရှရိ၏ ရိုက်ချက်အား သူ၏လက်ဝါးဖြင့် ပြန်လည်ခုခံ ကာကွယ်လိုက်ခြင်းပင် ဖြစ်သည်။ ထိုအခါ ....

မိုရှရိ၏ ကိုယ်လုံးကလေးသည် တစ်ချက်မျှ ဆတ်ခနဲ ဖြစ်ကာ တုန်ခါသွားသည်။ သူမက မယုံကြည်နိုင်သကဲ့သို့ ... အထိတ်တလန့် ဖြစ်ကာ နောက်သို့ ဆုတ်ပေးလိုက်မိသည်။

သူမ၏ လက်ဝါးပြင်တစ်ခုလုံးသည်လည်း မီးစနှင့် ထိုးလိုက်သည့်နှယ် စူးခနဲ ဖြစ်ကာ ပူသွား၏။ သို့နှင့် သူမ၏ လက်ဖဝါးသည် ချက်ချင်းပင် ယောင်ကိုင်းလာသည်။ ထို့နောက် .....

တိဗက်သိုင်းပညာရှင်ကြီးက မိုရှရိအား ပြုံးစိစိဖြင့် ရပ်လျက် ကြည့်ရင်း ....

‘မရဘူး မိန်းကလေး ..... ကျုပ်လေ့ကျင့်ထားတဲ့ သိုင်းကွက်တွေက သေမင်းသိုင်းကွက်တွေချည်းပဲ၊ မင်းရဲ့ ‘ကျောက်တောင်ကွဲအက်’ လက်ဝါးရိုက်ချက်က တိဗက်ရဲ့ သေမင်းလက်ဝါးရိုက်ချက်ကို ဘယ်ယှဉ်နိုင်လိမ့်မလဲ၊ မင်းလက်ကလေး တော်တော်နာသွားမယ်ထင်တယ်၊ လာလေ .... ကျုပ်နှိပ်နယ်ပေးပါ့မယ်’

ပြောပြောဆိုဆို တိဗက်သိုင်းပညာရှင်ကြီးက တကယ်ပင် နှိပ်နယ်ပေးမည့်အလား မိုရှရိအနီးသို့ တိုးကပ်လာခဲ့သည်။

လက်တစ်ကမ်းအကွာသို့ ရောက်သည်နှင့် မိုရှရိ၏ လက်ကလေးကို လှမ်းကိုင်ရန် သူ၏လက်ကို ရွယ်လိုက်လေသည်။

ထိုစဉ် ... လူရိပ်တစ်ခုသည် မိုရှရိ၏နံဘေးသို့ လှစ်ခနဲ ရောက်ရှိလာသည်။ ထိုလူရိပ်၏ လက်တစ်ဖက်ကလည်း လျှပ်တစ်ပြက် အတွင်း လှုပ်ရှားသွားခဲ့သည်။

ဝင်းခနဲ လက်သွားသော အလင်းတန်းတစ်ခုသည် လက်၏ လှုပ်ရှားမှုနှင့်အတူ တစ်ပြိုင်တည်းလိုလိုပင် ထွက်ပေါ်လာသည်။

ထိုအလင်းတန်းက မိုရှရိ အနီးသို့ တိုးကပ်လာသော တိဗက်သိုင်းပညာရှင်ကြီး၏ မျက်နှာဆီသို့ တန်းခနဲ ပြေးဝင်သွားသည်။

တိဗက်သိုင်းပညာရှင်ကြီးသည် လူရိပ်ကို လျှပ်တစ်ပြက် တွေ့လိုက်ရသဖြင့် ထိတ်လန့်တကြား နောက်သို့ ခုန်ဆုတ်လိုက်သည်။

မိုရှရိအနီးသို့ ရောက်ရှိလာသော တိဗက်သိုင်း ပညာရှင်ကြီးအား နောက်သို့ဆုတ်သွားအောင် ... ပြုလုပ်လိုက်သူမှာ လီထိုက်ဟို မဟုတ်ပါ။ လီကျောင်းပင် ဖြစ်သည်။ သူမ၏ လက်ထဲတွင် သံမဏိ စူးချွန်လက်နက်ကို ကိုင်ထားသည်ကို တွေ့ရ၏။

လီကျောင်းက နောက်သို့ ဆုတ်ခွာသွားသော တိဗက်သိုင်း ပညာရှင်ကြီး၏ နောက်သို့ တစ်ဆက်တည်း ခုန်လွှား၍ လိုက်ပါသွားကာ အဆက်မပြတ် တိုက်ခိုက်လေတော့သည်။

တစ်ဖန် လီကျောင်း၏ သံမဏိစူးချွန်များသည် တိဗက်သိုင်း ပညာရှင်ကြီး၏ လည်မျိုနှင့် ရင်ဝ တစ်ဝိုက်သို့ 'ထက်အောက်မိုးမြေ' သိုင်းကွက်ဖြင့် အဆက်မပြတ် ထိုးနှက် တိုက်ခိုက်လိုက်ပြန်သည်။

ထိုအခါ ... တိဗက်သိုင်းပညာရှင်ကြီးမှာ ... နောက်သို့ တစ်ဆုတ်တည်း ဆုတ်လိုက်ရ၏။ ပြန်လည်တိုက်ခိုက်ရန် အခွင့် အလမ်းမရဘဲ ဖြစ်နေတော့သည်။ ထိုစဉ် .....

'ဟိုင်း ....'

အော်ဟစ်မာန်သွင်းလိုက်သံက .... ရတ်တရက် ကျယ်လောင် စူးရှစွာ ထွက်ပေါ်လာသည်။

အသံနှင့် မရှေးမနှောင်းမှာပင် ကြီးမားတုတ်ခိုင်သော ကိုယ် ခန္ဓာကြီးသည် အထက်သို့ မြောက်တက်သွားသည်ကို တွေ့ရ၏။

ထိုခန္ဓာကိုယ်ကြီးသည် ချက်ချင်းပင် ကျွမ်းတစ်ပတ်လည်ကာ မြေပြင်သို့ ပြန်ကျလာသည်ကို တွေ့လိုက်ကြရပြန်သည်။

ထို့နောက် ...

တိဗက်သိုင်းပညာရှင်ကြီးသည် .... မြေပေါ်တွင် ဒူးထောက် လျက် အနေအထားဖြင့် ဓားကြီးကို 'ခြွမ်း'ခနဲ မြည်အောင် ခဲ့ထုတ် ကာ အဆက်မပြတ် ဝှေ့ယမ်းလိုက်၏။



သို့သော် ... လီကျောင်းကလည်း ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့စွာပင် တိုးဝင်သွား၏။ တစ်ဆက်တည်း သူမ၏ လက်တွင်းမှ သံမဏိစူးချွန်လက်နက်ဖြင့် ... တိဗက်သိုင်းပညာရှင်ကြီး၏ ရင်ဝ တည့်တည့်သို့ ထိုးချလိုက်သည်။

'ခြွမ်း ...'

ခြွမ်းခနဲ အသံနှင့်အတူ မီးဖွားများက ဘေးနှစ်ဘက်သို့ ဖြာ ခနဲ လွင့်စဉ်ထွက်သွားသည်။ ထို့အတူ .... လီကျောင်းမှာလည်း တစ်ကိုယ်လုံး တုန်ခါသွားကာ တစ်ဘက်သို့ ယိမ်းထိုးထွက်သွား၏။

ယိမ်းထိုးသွားသော လီကျောင်းအား ခုတ်ပိုင်းရန် တိဗက် သိုင်းပညာရှင်ကြီးက ဓားကိုဝင့်ကာ မြှောက်လိုက်၏။ ထိုစဉ် ...

'ဝှစ် ..... ရှီး ....'

အလင်းတန်းတစ်တန်းသည် လျှပ်လက်လိုက်သလို ဓားကို မြှောက်လိုက်သည့် တိဗက်သိုင်းပညာရှင်ကြီး၏ ရင်ဝသို့ ရုတ်တရက် ထိုးဝင်သွားလေတော့၏။

'အား ....'

ဓားကိုမြှောက်၍ ခုတ်ချရန် ရည်ရွယ်ထားသော တိဗက်သိုင်း ပညာရှင်ကြီးသည် လုံးဝ ကာကွယ်နိုင်ခြင်း မရှိတော့ပေ။

ထိုအခါ သူ၏ခန္ဓာကိုယ်ကြီးသည် တုံ့ခနဲ လှုပ်ခါသွားသည်။

ရှေ့သို့ လှမ်းလျက်ရှိသော သူ၏ခြေလှမ်းသည် မူမှန်အနေ အထား မရှိတော့ဘဲ ယိုင်ထိုး၍ သွားလေသည်။

'လက်နက်ပုန်း ... ဘယ်သူပစ် ....'

တိဗက်သိုင်းပညာရှင်ကြီးသည် .... စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ဘဲ ခွေကာ ကျသွားလေတော့သည်။

ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသော တီမူးဆိုသည့် တိဗက် သိုင်းပညာရှင်ကြီးသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

မမျှော်လင့်ဘဲ သူ့မိတ်ဆွေသည် သေဆုံးသွားခဲ့ရပြီ ဖြစ်သည်။

တကယ်တော့ ..... သူ့မိတ်ဆွေသည် သိုင်းပညာတွင် ညံ့ရ သည် မဟုတ် ...

ဤကဲ့သို့သော မိန်းကလေးမျိုး ငါးဦး ဝိုင်းတိုက်လာသည့် တိုင်အောင် သူ့ကို နိုင်ဖို့ မလွယ်ကူပေ။

ယခု သူ့မိတ်ဆွေ သေဆုံးခဲ့ရသည်မှာ မည်သည့်နေရာက လာမှန်းမသိသော လက်နက်ပုန်းကြောင့်ပင် ဖြစ်သည်။

ဤလက်နက်ပုန်းကား ..... မည်သူက ပစ်ပေါက်လိုက်လေ သနည်း။

တိဗက်သိုင်းပညာရှင် တီမူးက .... လက်နက်ပုန်းပစ်သူကို အလျင်အမြန် ရှာဖွေလိုက်၏။ ထိုသူကို ရှာတွေ့မှသာ .... သူ အမှန် တကယ် တိုက်ခိုက်နိုင်မည်။ ထိုကြောင့် ထိုသူအား သေရေးရှင်ရေး တမျှ ရှာဖွေနေရလေတော့၏။

❖❖❖❖❖



အခန်း (၃၂)

ရှုံးနိမ့်သူများ

လီထိုက်ဟိုက မလှုပ်မယှက် ရပ်နေသည်။

ယခုအချိန်အထိ လုံးဝ လှုပ်ရှားမှု မရှိသေးပေ။

တုန်းနန်စန်း၏ မျက်နှာတွင်မူ ဒေါသရိပ်လွှမ်းနေသော်လည်း သူ၏ လက်နှစ်ဘက်ကို နောက်သို့ ပစ်ထား၏။ ထို့ကြောင့် ...

သူတို့နှစ်ယောက်အနက် ဤလက်နက်ပုန်းကို မည်သူက ပစ် လွှတ်လိုက်သနည်း။

လက်နက်ပုန်းပစ်လွှတ်လိုက်သူမှာ လွန်စွာ လျင်မြန်လှ၏။

လက်နက်ပုန်းပစ်လိုက်သူကို မည်သူမျှ မမြင်လိုက်ကြပေ။

အမှန်စင်စစ် ယင်းလက်နက်ပုန်းကို ပစ်လွှတ်လိုက်သူမှာ တုန်းနန်စန်းပင် ဖြစ်၏။

သူသည် တစ်ယောက်တည်း ကျန်ရှိသော သူ၏ တူမကလေး လီကျောင်းအား အချိန်မီ ကယ်တင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

'ချွမ်း ....'

တီဗက်သိုင်းပညာရှင် တီမူးက 'ချွမ်း' ခနဲ မြည်အောင် လက်ထဲမှ ကြေးလင်းကွင်း ဓားဝိုင်းလက်နက်အား တီးခတ်လိုက်ပြီး ခုန်လွှားကာ ထွက်လာ၏။ ဖြူးသော သူ့ခန္ဓာကိုယ်သည် သိန်းစွန်ငှက်တစ်ကောင်ပမာ ပေါ့ပါးစွာ ခုန်လွှား၍ ကျဆင်းပြီး မြေပြင်ပေါ်တွင် တုံ့ခနဲ ရပ်လိုက်၏။

• သူသည် မြေပြင်ပေါ်တွင်ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ...

'ဝှီး ... ဝှီး ... '

သူ့လက်ထဲမှ ကြေးလင်းကွင်းနှစ်ချပ်သည် ရုတ်တရက် မွှတ်နေအောင် လည်ပတ်လျက် လှစ်ခနဲ ပျံထွက်သွား၏။

'ဝှီး ... ဝှီး ... ဝှီး .... '

နောက်ထပ် ကြေးလင်းကွင်းချပ်များက တဝှီးဝှီးနှင့် ထပ်၍ လွင့်ပျံထွက်လာပြန်သည်။

တီဗက်သိုင်းပညာရှင်ကြီး တီမူးက သူ၏လက်ထဲမှ ကြေးလင်းကွင်းချပ်များကို ဆက်တိုက် ပစ်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ... ကြေးလင်းကွင်းချပ်များသည် တစ်ချပ်ပြီး တစ်ချပ် အဆက်မပြတ်ဘဲ ဆက်တိုက်ပင် ပျံဝဲထွက်နေသည်။

စုစုပေါင်း ဆယ်ချပ်တိတိ ရှိသည်။ စင်စစ် ...

သူ၏ ကြေးလင်းကွင်း ကိုင်ထားသော လက်နှစ်ဘက်တွင် လက်တစ်ဘက်စီ၌ လင်းကွင်းချပ် ငါးချပ်စီ ထပ်ကိုင်ထားလေသည်။



သူသည် ကြေးလင်းကွင်းထပ်မှ ကြေးလင်းကွင်းချပ်များကို တစ်ချပ်ချင်း တစ်ချပ်ချင်း ကျင်လည်စွာ လက်မဖြင့် တွန်းကော်ဖြုတ်လျက် အဆက်မပြတ် ပစ်လွှတ်နေခြင်းပင် ဖြစ်သည်။

ကြေးလင်းကွင်း ဆယ်ချပ်သည် တဝှီးဝှီး တဝှစ်ဝှစ် မြည်လျက် ခပ်လှမ်းလှမ်းတွင် ရပ်နေကြသော လီထိုက်ဟိုတို့ရှိရာသို့ အရှိန်ပြင်းစွာဖြင့် ပျံဝဲသွားလေသည်။ ထိုအခါ ....

'ဟာ .... များလိုက်တဲ့ ကြေးလင်းကွင်း ဓားဝိုင်းလက်နက်တွေပါလား၊ သတိထား ရှောင်ကြဟေ့'

တုန်းနန်စန်း၏ အော်ဟစ်သတိပေးလိုက်သံက ရုတ်တရက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ထိုသို့ အော်ဟစ်လိုက်ရင်းမှ သူ၏လက်သည် အပေါ်သို့ မြောက်တက်ကာ လှုပ်ရှားလိုက်သည်။

'ချွမ်း .... ဂလွမ်း .... ဂလွမ်း .....'

ထိုအခါ ... သူ့ထံသို့ ပျံဝဲလာသော ကြေးလင်းကွင်း ဓားဝိုင်းနှစ်ချပ်က တစ်ဘက်သို့ လွင့်စဉ်ထွက်သွားလေသည်။

အကြောင်းမှာ ... သူက သုံးဘက်ချွန် စကြာပန်းပွင့်သဏ္ဍာန်လက်နက်ပုန်းနှစ်ခုကို ပစ်လွှတ်လိုက်သောကြောင့် ဖြစ်၏။

ထို့အတူ ... မိုရှုရိကလည်း သူ့မထံ ဝဲပျံလာသော လင်းကွင်း တစ်ချပ်ကို တိမ်းရှောင်လိုက်ပြီး၊ နောက်ထပ်ဝင်လာသော လင်းကွင်း တစ်ချပ်ကိုမူ ... သူမလက်ထဲမှ သံမဏိစွန်ကုတ်ဘ်ဖြင့် ဇွေ့ယမ်း ခတ်ထုတ်ပစ်လိုက်နိုင်သည်။

လီကျောင်းကမှ လင်းကွင်းများ လာရာလမ်းကြောင်းမှ ဘေး
သို့ ခုန်ရှောင်လိုက်၏။ ထို့ကြောင့် ... သူမသည်လည်း ကြေးလင်းကွင်း
၏ အန္တရာယ်မှ လွတ်မြောက်အောင် ရှောင်တိမ်းလိုက်နိုင်သည်။

သို့သော် ... လီထိုက်ဟိုကား မူလက ရပ်နေသော နေရာတွင်
မရှိတော့ပေ။

သူထံသို့ ပျံဝဲ၍ ဝင်ရောက်လာသော လင်းကွင်းဓားပိုင်းနှစ်ချပ်
ကမူ ဝါးရုံပင်များဆီသို့ ငေ့ဝဲ၍ ရောက်ရှိသွားလေတော့သည်။

ချက်ချင်းပင် ... ဝါးပင် သုံးလေးပင်ခန့်မှာ .. လင်းကွင်းများနှင့်
ထိ၍ ပြတ်တောက်ခါ လဲကျလာသည်။

ကြေးလင်းကွင်း ဓားပိုင်းက မှတ်နေအောင် လည်ပတ်နေ
သဖြင့် ဝါးပင်များကို ခုတ်ဖြတ်သလို ဖြစ်သွားသည်။ ထို့ကြောင့် ...
ဝါးပင်များ တိတိရိရိ ပြတ်ကျလာခြင်းပင် ဖြစ်သည်။

ထိုစဉ် ... အော်သံတစ်ချက် ပေါ်လာ၏။

'အား ...'

မီးတုတ်ကိုင်ထားသော 'ပိုင်'ဂေဟာမှ လူကတော့ မရှောင်
တိမ်းနိုင်ပေ။ ကြေးလင်းကွင်း ဓားပိုင်း ထိသွားလေတော့သည်။

သူ၏လက်ထဲမှ မီးတုတ်မှာ မြေပြင်ပေါ်သို့ ဦးစွာ လွတ်ကျ
သွား၏။ ပြီးမှ ... လူက လဲကျသွားလေတော့သည်။ သို့သော် ....

ကျန်တစ်ယောက်မှာမူ မြေပြင်ပေါ်သို့ ကမန်းကတန်းလှဲချ
ပြီး လူးလိမ့်ကာ ရှောင်လိုက်သောကြောင့် လွတ်မြောက်သွားသည်။



တိဗက်သိုင်းပညာရှင် တီမူး၏ လက်ထဲတွင် ... လင်းကွင်း
တစ်ချပ်မျှ မရှိတော့ပေ။

ထို့ကြောင့် ... သူသည် သူ၏အနီးဆုံးနေရာတွင် ကျနေသော
လင်းကွင်းဓားပိုင်းနှစ်ချပ်ကို လျင်မြန်စွာ ပြန်လည်ကောက်ယူလိုက်
ပြီး လက်ထဲတွင် ကိုင်ထားလိုက်၏။

ထိုအချိန်တွင် ... လီထိုက်ဟိုမှာ တီမူး၏ နောက်သို့ ရောက်ရှိ
နေသည်။ သူသည် မည်သည့်အချိန်က တီမူး၏ နောက်ဘက်သို့
ရောက်ရှိနေမှန်း မည်သူမျှ မသိလိုက်ပေ။ ရုတ်တရက် ... လီထိုက်ဟို
၏ ညာလက်က တီမူး၏ ဘယ်ဘက်ပခုံးအား ကုတ်ဆွဲကာ မြဲမြံစွာ
ဆုပ်ကိုင်ထားလိုက်လေသည်။

ပြီးနောက် ... ညဲ့စာသံ အပြည့်အဝဖြင့် အမိန့်ပေးလိုက်၏။

'အခု ချက်ချင်း ရပ်လိုက်စမ်း'

ထိုအခါ ... တိဗက်သိုင်းပညာရှင် တီမူးက နောက်သို့ ကိုယ်ကို
ယိုင်ကာ လှည့်ကြည့်လိုက်၏။

တစ်ဆက်တည်း သူသည် ဒူးကို ကွေးညွတ်ကာ လီထိုက်ဟို၏
လက်မှ လွတ်ရန် ရုန်းထွက်မည့်ဟန် ပြင်လိုက်သည်။

ဤတွင် ... လီထိုက်ဟိုက သူ၏ ညာလက်ချောင်းများဖြင့်
အတွင်းအား အပြည့်သုံးကာ ဖျစ်ညှစ်လိုက်လေတော့သည်။

'အား ... '

'ချမ်း ... ချမ်း '

သို့ဖြင့် တိဗက်သိုင်းပညာရှင် တီမူး၏ လက်ထဲမှ လင်းကွင်းနှစ်ချပ်စလုံးသည် 'ချမ်း'ခနဲ 'ချမ်း'ခနဲ မြည်လျက် မြေပြင်ပေါ်သို့ လွတ်ကျသွားလေတော့သည်။

သူ၏ ဘယ်ဘက်ကိုယ်တစ်ခြမ်းလုံးလည်း ကျင်ခနဲ ဖြစ်သွားသည်။ တိဗက်သိုင်းပညာရှင် တီမူးက သူ၏ ဒဏ်ရာကိုပင် ဂရုမစိုက်နိုင်ဘဲ ညာလက်အကြီလက်အိုးစဖြင့် လီထိုက်ဟို၏ မျက်နှာကို ဖြန်းခနဲ နေအောင် ဝှေ့ယမ်းရိုက်ခတ်လိုက်၏။

ထို့ကြောင့် ... လီထိုက်ဟိုမှာ ပခုံးအား ဆုပ်ကိုင်ထားသော သူ၏ညာဘက်လက်ကို လွှတ်၍ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

ထိုအခါ ...

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသွားကြလေသည်။

ထို့နောက် ... တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် စူးစူးစိုက်စိုက် ကြည့်နေကြ၏။ လီထိုက်ဟို၏ လက်ထဲတွင် သံသေတ္တာကို ဆုပ်ကိုင်ထားလျက်ပင် ရှိသည်။ တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်နေရင်းမှ လီထိုက်ဟိုက ....

'တိဗက် သိုင်းပညာရပ်တွေဟာ ဆန်းပြားနက်နဲပြီး အလွန်ပဲ အဆင့်မြင့်ပါတယ်၊ ခင်ဗျား ဒီလောက် ခက်ခဲနက်ခဲတဲ့ သိုင်းပညာရပ်တွေကို သင်ယူထားပြီးတော့ သူတစ်ပါးရဲ့ ဩဇာခံအဖြစ် အသုံးချခံတော့မှာလား၊ သေသေချာချာ စဉ်းစားပါ၊ ခုအချိန်မှာ ခင်ဗျားအတွက် အချိန်မနှောင်းသေးပါဘူး၊ ကျုပ်အနေနဲ့ အကောင်းဆုံးအကြံပေးချင်တာကတော့ ခင်ဗျားအဖော်ရဲ့ အလောင်းကိုထမ်းပြီး ပြန်သင့်တယ်လို့ ထင်ပါတယ်'

ဤတွင် တိဗက်သိုင်းပညာရှင် တီမူးက အားရပါးရ ရယ်မောလိုက်လေတော့၏။

'ဟေ့ကောင် .... လီထိုက်ဟို၊ မင်းကသာ ငါ့ကိုကြောက်နေတယ်ဆိုရင် အခုပဲ အရှုံးပေးလိုက်၊ ငါကတော့ မင်းလို နံပါတ်တစ်ဓားသမားကို အနိုင်တိုက်ပြီးမှ ပြန်မယ်'

ပြောပြောဆိုဆို တိဗက်သိုင်းပညာရှင် တီမူးသည် လီထိုက်ဟိုထံသို့ ကိုယ်ဖော့ပညာဖြင့် ခုန်လွှား၍ ဝင်ရောက်လာ၏။

တီမူးက လီထိုက်ဟို အနားရောက်သည်နှင့် ရုတ်တရက် သူ၏ ညာလက်ဝါးကို လီထိုက်ဟိုဆီသို့ တွန်းထုတ်လိုက်သည်။

လီထိုက်ဟိုက လုံးဝ ရှောင်တိမ်းခြင်း မပြုပါ။ သူကလည်း သူ၏ ညာလက်ဝါးကို ဆန့်တန်းကာ တွန်းထုတ်လိုက်၏။

ဤတွင် ...

'ဖြောင်း ...'

လက်ဝါးချင်း ထိတွေ့ရိုက်ခတ်သံက ကျယ်လောင်စွာ မြည်သွားသည်။ သူတို့၏ လက်ဝါးနှစ်ဘက်မှာ ပူးကပ်သွားကြသည်။

ထို့နောက် ...

သူတို့သည် လက်ဝါးချင်း ပူးကပ်လျက် အတွင်းအားချင်း ယှဉ်ပြိုင်လိုက်ကြ၏။

တိဗက်သိုင်းပညာရှင် တီမူး၏ ခြေအစုံသည် ပျော့သောမြေကြီးအတွင်းသို့ တဖြည်းဖြည်း နစ်ဝင်နေရာ လက်နှစ်လုံးခန့်အထိပင် နစ်မြုပ်ဝင်သွားလေတော့သည်။

ထိုအခါ .. တီမူးအနေဖြင့် လွန်စွာ ထိတ်လန့်တုန်လှုပ်သွား၏။

ထို့ကြောင့် ... သူက လက်ကို ကပျာကယာ ပြန်ရုပ်လိုက်ကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

နောက်သို့ ခုန်ဆုတ်ပြီးသည်နှင့် တိဗက်သိုင်းပညာရှင် တီမူးက ကိုယ်ကို နောက်သို့တစ်ပတ်လှည့်၍ တစ်ဆက်တည်း အားယူကာ သူ၏ညာလက်ကို ဆတ်ခနဲ လွှဲ၍ ပစ်ပေါက်လိုက်၏။

'ဝိုး ...'

ဝိုးခနဲ အသံနှင့်အတူ လီထိုက်ဟို၏ ဦးခေါင်းတည့်တည့်သို့ ဝင်းလက်သော လက်နက်တစ်ခုက ရုတ်တရက် အရှိန်ပြင်းစွာ တိုးဝင်လာ၏။ လီထိုက်ဟိုက ချက်ချင်းပင် သူ၏လက်ထဲမှ ဓားအိမ်ဖြင့် ဆီးကာ ဟန့်တားထားလိုက်၏။

'ထန်း .....'

မာကျောသော အရာဝတ္ထုနှစ်ခု ထိတွေ့သံက ပြင်းထန်စွာ ထွက်ပေါ်လာသည်။

သို့သော် ....

လီထိုက်ဟိုထံ တိုးဝင်လာသော အရာကား ဓားအိမ်နှင့် ထိမိသော်လည်း ဘေးသို့ လွင့်စဉ်မသွားပါ။



ထိုအရာသည် လီထိုက်ဟို၏ ဓားအိမ်တွင် ရစ်ပတ်လျက်သား ရှိနေသည်။ စင်စင် ... တီမူး ပစ်ပေါက်လိုက်သော အရာမှာ သံစူးချိတ်တစ်ခု ဖြစ်နေသောကြောင့်ပင်။ စူးချိတ်သုံးချောင်းက သုံးပွင့်ဆိုင် အနေအထားဖြင့် အပြင်ဘက်သို့ အတန်ငယ် ကွေးလျက် ရှိ၏။

ထိုအပြင် သံမဏိကွင်းများဖြင့် ဆက်ထားသော ကြိုးစက ရှည်လျားစွာ ရှိနေသည်ကို တွေ့ရသည်။

ထိုကြိုးစတစ်စမှာ သံစူးချိတ်နှင့် တစ်ဆက်တည်းဖြစ်ပြီး ကျန်သော အစမှာ တီမူး၏ လက်ထဲတွင် ဆုပ်ကိုင်ထားလျက် ရှိနေသည်။

'ဟိုင်း ... '

အော်ဟစ်သံနှင့်အတူ တီမူးက လက်ထဲမှ ကြိုးစကို အားကုန်ဆောင့်ဆွဲလိုက်၏။ ထို့နောက် .... တစ်ဆက်တည်း သူ့လက်ထဲမှ ကြိုးစကို ပြန်လွှဲလိုက်ကာ လီထိုက်ဟိုထံသို့ ဒုတိယအကြိမ် ကြိုးစဖြင့် လွှဲ၍ ပစ်ပေါက်လိုက်သည်။

ဓားအိမ်ကို ရစ်ပတ်လျက်ရှိသော ကြိုးစကို ဆောင့်ဆွဲလိုက်သည့်အားကြောင့် လီထိုက်ဟိုမှာ ရှေ့သို့ အနည်းငယ် ယိုင်ထိုးသွားသည်။ ထိုအခါ ... လီထိုက်ဟို၏ ဦးခေါင်းထက်သို့ သံမဏိကြိုးစက ကွင်းသဏ္ဌာန်ဖြစ်လျက် ဝှေ့ဝဲကျရောက်လာပြန်သည်။

သို့သော် လီထိုက်ဟိုကလည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် 'နဂါးတိမ်ဖောက်' သိုင်းကွက်ဖြင့် အံ့မခန်းအောင် လျင်မြန်စွာ နောက်သို့ ခုန်လွှား၍ ရှောင်ထွက်သွားသည်။

လီထိုက်ဟိုသာ အချိန်အနည်းငယ်ခန့် နောက်ကျသွားမည်ဆိုပါက တီမူး ပစ်လိုက်သော သံမဏိကြိုးကွင်းက သူ့လည်ပင်းအားစွပ်မိပြီး ဖြစ်နေလိမ့်မည်။

ယင်းသို့ လီထိုက်ဟိုက ... ခုန်လွှားတိုးထွက်သွားပုံမှာ နဂါးတစ်ကောင် ကောင်းကင်သို့ ထိုးတက်သွားသည့်အလား လှပသည်။

ဓားအိမ်က တီမူး၏ သံစူးချိတ်တွင် ကျန်ရစ်ခဲ့သော်လည်း သူ့လက်ထဲတွင်မူ ... သံသေတ္တာ ပါသွားလေသည်။ ချက်ချင်းပင် လီထိုက်ဟိုမှာ အောက်သို့ ပြန်လှည့်ခြား ပြန်လည် ကျဆင်းလာသည်။

သူ့လက်ထဲမှ သံသေတ္တာမှာ အောက်သို့ ထိုးညွှန်လျက် ကျလာခြင်း ဖြစ်သည်။

လီထိုက်ဟို မြေပြင်သို့ ပြန်လည်ကျလာချိန်တွင် တီမူးကလည်း သူ၏သံချိတ်ကို ပြန်လည်ဆွဲယူထားလိုက်ပြီး ဖြစ်နေသည်။

ထို့ကြောင့် ... လီထိုက်ဟို မြေပြင်သို့ ကျရောက်လာသည်နှင့် တစ်ပြိုင်နက် တီမူးကလည်း ထပ်မံ ပစ်ပေါက်ရန် ဟန်ပြင်လိုက်ပြီး ဖြစ်၏။ သို့သော် ... လီထိုက်ဟိုက သူ့ခေါင်းပေါ်သို့ ဓားကို အောက်စိုက်လျက် ကျရောက်လာသည်ကို တွေ့လိုက်ရသောအခါ လျှင်မြန်စွာ တိမ်းရှောင်လိုက်သည်။

ဓားကို အောက်စိုက်လျက် အထက်မှ ကျလာသော လီထိုက်ဟိုကို တီမူးက သံစူးချိတ်ဖြင့် လွှဲ၍ ပစ်ပေါက်လိုက်ပြီး ရှေ့သို့ ခုန်ထွက်လိုက်၏။



ထို့နောက် ... ကိုယ်ကို သူသည် ပတ်လှည့်လိုက်ပြီး ကြိုးစကို တင်းတင်းဆွဲလိုက်သည်။ တစ်ဆက်တည်း ဝှေ့ယမ်းပစ်ရန်လည်း ကြိုးစားလိုက်လေသည်။

သို့သော် ... လီထိုက်ဟိုကို မတွေ့ရတော့ချေ။

လီထိုက်ဟိုကား ပျောက်ချက်သား ကောင်းနေ၏။

သူ၏ သံစူးလက်နက်သည် လေကို ရစ်ပတ်မိလျက်နှင့် သူ့ထံ ပြန်လည်ရောက်ရှိလာသည်။

တီမူးက သံစူးချိတ်ကြိုးကို ပြန်၍ ဆွဲယူကာ သိမ်းလိုက်၏။

လီထိုက်ဟို၏ ဓားအိမ်သာ မြေပြင်ဝယ် ကျန်ရစ်ခဲ့သည်။

ထိုစဉ် ...

'ခင်ဗျား .... လှုပ်ဖို့ မကြိုးစားပါနဲ့၊ ကျုပ် လူမသတ်ချင်ဘူး၊ ဒီတော့ .... ခင်ဗျားပါးစပ်က အရှုံးပေးပါပြီလို့ ပြောစမ်း၊ ဒီလိုပြောပြီးမှ ခင်ဗျားကို ပြန်ခွင့်ပေးနိုင်မယ်'

ထိုသို့ လီထိုက်ဟို၏ အသံက သူ့နောက်သို့ ကပ်လျက် ရုတ်တရက် ထွက်ပေါ်လာသည်။ တီမူးအနေနှင့် လုံးဝ မလှုပ်ရှားဝံ့တော့ပါ။ အကြောင်းမှာ ... လီထိုက်ဟို၏ ဓားက သူ၏ကျောပြင်ကို ထောက်ထားသောကြောင့်ပင် ဖြစ်သည်။ ထိုအခါ ...

တိဗက်သိုင်းပညာရှင် တီမူးမှာ ဇောချွေး ပြန်လာလေသည်။ သူ့အနေနှင့် ဝန်ခံလိုက်ပါက သူ၏သိက္ခာ ကျသွားပေတော့မည်။

အတန်ကြာမှ သက်ပြင်းကို အသာချလိုက်ပြီး ...

'ဟုတ်တယ် .... ကျုပ် ပေးပြီ၊ မင်း ကျုပ်ကို သတ်ချင်ရင် သတ်နိုင်တယ်'

ဤတွင် လီထိုက်ဟိုမှာ သူ၏နောက်မှ အေးဆေးတည်ငြိမ်သော လေသံဖြင့် ...

'ကျုပ် ... ခင်ဗျားကို မသတ်ချင်ဘူး၊ ဒါပေမယ့် ... ပညာတော့ ပေးလိုက်မယ်၊ ခင်ဗျားဟာ သိုင်းပညာမှာ တော်တယ်၊ ကိုယ့်ကိုကိုယ်လည်း အထင်ကြီးလွန်းတယ်၊ ဒီတော့ သိပ်ပြီး အထင်မကြီးပါနဲ့လို့ ကျုပ် ပြောချင်တယ်'

လီထိုက်ဟိုကား .... အံ့ဩ၍ မကုန်နိုင်သည့် သိုင်းပညာရှင်တစ်ယောက်ပင် ဖြစ်သည်။ သူ့စိတ်ဓာတ်မှာ လက်ဖျားခါလောက်အောင်ပင် အံ့ဩဖွယ်ကောင်းသည်။ သူသည် တိုက်ပွဲမဖြစ်ခင်ကလည်း ငြိမ်းချမ်းရေးစကား ပြောခဲ့သည်။ ပြောသည်မှာ အကြိမ်ကြိမ်ပင်။ မိုရှုရိပင် သည်းမခံနိုင်တော့ဘဲ ထွက်တိုက်သည်။ ယခု အသေအကြေတိုက်ပွဲတွင်လည်း တိဗက်သိုင်းပညာရှင်တစ်ဦး သေဆုံးသွားခဲ့ပြီ ဖြစ်သော်လည်း ငြိမ်းချမ်းရေးစကား ပြောနေဆဲပင်။ မိုရှုရိသည် လီထိုက်ဟိုကို မည်သို့ နားလည်ရမည်မှန်းပင် မသိတော့ချေ။

ယခု လီထိုက်ဟိုက ပြောနေပြန်လေပြီ ....

'တရုတ်စကားပုံတစ်ခု ရှိတယ်၊ ကောင်းကင်ရဲ့ အထက်မှာ စကြာဝဠာ ရှိတယ်၊ လူတော်ရဲ့အထက်မှာ လူစွမ်းကောင်း ရှိတယ်တဲ့၊ ဒီတော့ လူတစ်ယောက်ဟာ သိုင်းပညာကျွမ်းကျင်စွာ တတ်မြောက်



ဖို့ထက် လူချစ်လူခင် ပေါများဖို့လိုတယ်၊ ပညာအားကိုးနဲ့ နိုင်ထက်စီးနင်းလုပ်မယ်ဆိုရင် ရန်ကြွေးသံသရာဟာ ဆုံးနိုင်တော့မှာ မဟုတ်တော့ဘူး၊ နောက်ဆုံး ... ကိုယ့်ထက်အစွမ်းထက်တဲ့သူ ပေါ်လာပြီး ကိုယ့်အသက်ပါ ဆုံးရှုံးသွားနိုင်တယ်၊ ဒါကြောင့် အသက်ရှည်စေဖို့ကို လိုလားတယ်ဆိုရင် ခင်ဗျား နောက်ကို ကျုပ်ပြောသလို နေပါ ...'

သို့နှင့် ... တိဗက်သိုင်းပညာရှင် တီမူးသည် အတန်ငယ် ငေးမောတွေးတောကာ စဉ်းစားလိုက်ပြီးနောက် ...

'ခင်ဗျားပြောပုံအရဆိုရင် အခု ခင်ဗျား ကျုပ်ကို မသတ်တော့ဘူးပေါ့ ဟုတ်လား'

ထိုအခါ ... လီထိုက်ဟိုက ပြန်မပြောမီမှာပင် တုန်းနန်စန်းက ကြားဖြတ်၍ ဝင်ပြောလိုက်လေ၏။

'လီထိုက်ဟို ... တိဗက်သိုင်းပညာရှင်တွေဟာ ကျုပ်တို့တရုတ်ပြည် အလယ်ပိုင်းကို ဆင်းလာကြပြီး ကျုပ်တို့ တရုတ်သိုင်းသမားတွေကို အနိုင်ကျင့် တိုက်ခိုက်နေကြတယ်၊ သူတို့က အခကြေးငွေယူပြီး မတရားတဲ့အလုပ်တွေကို လုပ်နေကြတယ်၊ အခုလည်း ကြည့်၊ မုန်းအင်းကျားရဲ့တွေက ငွေကြေးနဲ့ဆွယ်ပြီး ညီလေးနဲ့ ကျုပ်တို့ကို တိုက်ခိုက်နိုင်းခဲ့တာ မဟုတ်လား၊ ဒီတော့ သူတို့ကို ပြန်လွှတ်မယ်ဆိုရင် ကျုပ်တို့ သိုင်းလောကသားတွေကို ဆက်ပြီး အန္တရာယ်ပြုနေလိမ့်ဦးမယ်'

တုန်းနန်စန်း ဆိုလိုသည့်သဘောကို လီထိုက်ဟို သိသည်။

သို့သော် ... လီထိုက်ဟိုက ခေါင်းကို ခါယမ်းလိုက်ပြီး ...

'သခင်ကြီး ... ကျွန်တော် လူမသတ်ချင်ဘူးလို့ အစကတည်းက ပြောခဲ့ပြီးပြီပဲ'

တုန်းနန်စန်းက လီထိုက်ဟိုကို ပြော၍ ရမည့်သူ မဟုတ်မှန်းသိ၍ သက်ပြင်းကိုအသာချကာ ပြောလိုက်၏။

'အင်း ... လီထိုက်ဟို၊ မင်းရဲ့ စိတ်ဓာတ်ကိုတော့ လူတွေမပြောနဲ့၊ ကျောက်တုံးနဲ့ သစ်ပင်တွေကတောင် ခေါင်းညိတ်ပြီး ကောင်းချီးပေးကြလိမ့်မယ် ထင်တယ်'

တုန်းနန်စန်းက ခေတ္တရပ်ပြီးမှ ဆက်ပြောသည်။

'ခုလည်း မင်းက မုန်းအင်းကျားရဲတွေကို အကြိမ်ကြိမ် ခွင့်လွှတ်သည်းခံခဲ့ပေမယ့် သူတို့က မင်းကို ရန်ငြိုးထားပြီး တိုက်ခိုက်နေတုန်းပဲ မဟုတ်လား'

ထိုစဉ် ... မိုရှုရီ၏ အော်ပြောလိုက်သံကို ကြားလိုက်ရ၏။

'ဟာ ... အစ်ကိုလီ ... မုန်းအင်းကျားရဲတွေ ပြေးကုန်ပြီ'

မိုရှုရီ၏ စကားကြောင့် လီထိုက်ဟို လှမ်းကြည့်လိုက်မိ၏။ ထိုအခါ မုန်းအင်းကျားရဲသုံးကောင်သည် နောက်သို့တရွေ့ရွေ့ဆုတ်ရင်း ဝါးရုံပင်များအကြားသို့ တိုးဝင်ကွယ်ပျောက်သွားကြောင်း တွေ့လိုက်ရတော့သည်။ မုန်းအင်းကျားရဲများကား ထွက်ပြေးကြလေပြီ။

❖❖❖❖❖



## အခန်း (၃၃)

## ထင်ရှားကျော်ကြားသူတစ်ယောက်

မိုရှုရီက လီထိုက်ဟိုအား မကျေမနပ်ဖြင့် ပြောလိုက်၏။

'မုန်းအင်းကျားတွေကို သတ်ပစ်မှ အေးမယ်၊ ဒီအတိုင်း လွှတ်လိုက်ရင် နောက်ထပ်အနှောင့်အယှက် ပေးနေဦးမှာ သေချာတယ်၊ ဒီလူတွေဟာ တစ်သက်လုံး ဆိုးမိုက်မယ့် လူတွေ ...'

လီထိုက်ဟိုက မိုရှုရီအား မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မပြုဘဲ တိဗက်သိုင်းသမား တီမူးကိုသာ ကြည့်ပြီး ပြောလိုက်၏။

'တွေ့တယ် မဟုတ်လား၊ ခင်ဗျားတို့ ခေါ်လာတဲ့ မိတ်ဆွေက ခင်ဗျားကိုပစ်ပြီး ပြေးကုန်ကြပြီ၊ ကဲ .... ခင်ဗျားလည်း ထွက်ပြေးချင် ပြေးနိုင်ပြီ၊ ခင်ဗျားအဖော်ရဲ့ အလောင်းကို သယ်ယူချင်ရင်လည်း ယူသွားနိုင်တယ်'

လီထိုက်ဟို၏ စကားဆုံးသည်နှင့် တိဗက်သိုင်းသမား တီမူး
က သူ့အဖော်၏ အလောင်းကို မြှော့ယူ၍ ပခုံးပေါ်သို့ တင်လိုက်၏။

လီထိုက်ဟိုက သူ့ဓားကို ပြန်လည်၍ ရုပ်သိမ်းလိုက်ပြီး ဖြစ်
လေသည်။ ပြီးလျှင် ... တီမူးအား စိုက်ကြည့်နေလိုက်သည်။

ထို့နောက် ... တိဗက် သိုင်းပညာရှင် တီမူးက အလောင်းကို
ပခုံးပေါ်တွင် ထမ်းရင်း လီထိုက်ဟိုကို မဲ့ပြုံးပြုံးကာ ပြောလိုက်၏

'လီထိုက်ဟို ... ကျုပ်မသွားခင် မင်းကို တစ်ခု သတိပေးခဲ့မယ်
မကြာခင် မင်းဆီကို အဆင့်မြင့် တိဗက်သိုင်းသမားတွေ ရောက်လာ
လိမ့်ဦးမယ်၊ သူတို့ကို ခုခံကာကွယ်နိုင်ဖို့အတွက် မင်းအဆင်သင့်
ပြင်ထားပါ'

လီထိုက်ဟိုက ပြုံးလိုက်လေ၏။

'ကျုပ်ကတော့ နေရာဒေသအနှံ့ လျှောက်သွားနေမယ့် လူပဲ
ကျုပ်ကို တွေ့အောင်ရှာပြီး လိုက်ခဲ့ကြပေါ့၊ ခင်ဗျားတို့ အစဲမကြေ
ရင်လည်း ပြန်တွေ့ကြတာပေါ့၊ ခု ... ခင်ဗျားကို ကျုပ် မသတ်ပါဘူး

ဤတွင် ...

တိဗက်သိုင်းသမား တီမူးက ခနဲ့ပြုံးပြုံးကာ ...

'အို ... ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ မင်းကိုတွေ့အောင်ရှာဖို့က
သူတို့မှာ နည်းလမ်းတွေ ရှိပြီးသားပါ၊ မင်းသာ သတိထားနေပေါ့'

ပြောပြောဆိုဆို တိဗက်သိုင်းပညာရှင် တီမူးက အလောင်း
ကိုထမ်းလျက် ချာခနဲ လှည့်ထွက်သွားလေတော့၏။



ဝင်းခြံအနီးသို့ ရောက်သောအခါ သူသည် ပေါ့ပါးစွာပင်
အလောင်းကို ထမ်းလျက် ခါးသာသာလောက် မြင့်သော ဝင်းခြံကို
ခုန်လွှားကျော်ထွက်သွားလေတော့၏။

တိဗက်သိုင်းပညာရှင် တီမူး ထွက်သွားပြီးသောအခါ တုန်းနန်
စန်းက သက်ပြင်းကို အသာချလိုက်လေ၏။

'အင်း ... လီထိုက်ဟို၊ ဒီလူတွေကို မင်းက အသက်ချမ်းသာ
ခွင့်ပေးလိုက်ပေမယ့် တစ်နေ့ကျရင် သူတို့က မင်းကို အန္တရာယ်ပြု
မှာ သေချာတယ်'

လီထိုက်ဟိုက ပြုံးလိုက်ပြီး ဓားအိမ်ကို ကောက်ယူလိုက်၏။
ပြီးနောက် ... ဓားကို ဓားအိမ်အတွင်းသို့ ပြန်သွင်းပြီး သိမ်းဆည်း
လိုက်သည်။ ထိုအချိန်တွင် တုန်းနန်စန်းက ခေါင်းကိုခါယမ်းလျက်
သူ့တူမ လီကျောင်းထံသို့ လျှောက်သွားသည်။

'လီကျောင်း ... တူမလေး၊ မင်းအစ်မတွေရဲ့ အသုဘကိစ္စ
ပြီးရင် ဦးလေးရဲ့ ဂေဟာမှာ မင်းလိုက်နေပါ၊ ဒီမှာ မင်းတစ်ယောက်
တည်းနေဖို့ မသင့်တော်ဘူး'

လီကျောင်းက ခေါင်းကို ခါယမ်းပြလိုက်ပြီး အေးစက်သော
လေသံဖြင့် ပြောလိုက်လေ၏။

'ဦးလေးဆီမှာလည်း ကျွန်မ လိုက်မနေဘူး၊ ကျွန်မတို့ 'ဝိုင်'
ဂေဟာမှာလည်း မနေတော့ဘူး၊ အခုချိန်ကစပြီး ကျွန်မရဲ့ အဓိက
တာဝန်နှစ်ရပ်ကို ထမ်းဆောင်ဖို့ စတင်လှုပ်ရှားတော့မယ်၊ ဒီတာဝန်

နှစ်ရပ်ထဲက ပထမတာဝန်အနေနဲ့ မုန်းအင်းကျွားရဲ့တွေကို မတွေ့တွေ့အောင် လိုက်ရှာပြီး သုတ်သင်ပစ်ရမယ်၊ ဒုတိယတာဝန်ကတော့ ဟောဒီ လီထိုက်ဟိုကို အနိုင်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားရမယ်'

ထိုအခါ ... လီကျောင်း၏ စကားကြောင့် လီထိုက်ဟိုမှာ မျက်နှာကွက်ခနဲ ပျက်သွားလေ၏။ သူမ၏ စကားအရ လီထိုက်ဟိုမှာ သူမအတွက် ယှဉ်ပြိုင်ရမည့်စာရင်းသို့ ဝင်သွားပြီဖြစ်ကြောင်း သိနိုင်သည်။ လီကျောင်းကပင် ဆက်၍ ...

'ဒီလေးငါးနှစ်အတွင်းမှာတော့ ကျွန်မဟာ လီထိုက်ဟိုကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်သေးဘူး၊ ဒါပေမယ့် ... တစ်နေ့မှာ ယှဉ်ပြိုင်အနိုင်ယူနိုင်အောင် ကျွန်မဆက်ပြီး ကြိုးစားရဦးမယ်'

သို့နှင့် လီထိုက်ဟိုက လီကျောင်းကို စိတ်ပျက်စွာ ကြည့်၍ ဦးခေါင်းကို ခါယမ်းလိုက်သည်။

'မိန်းကလေးဟာ ကျုပ်ကို ယှဉ်ပြိုင်အနိုင်ရဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ အသက်ဆက်ရှင်နေမယ် ဆိုရင်တော့ လူ့ဘဝဟာ အင်မတန်မှ နမြောစရာ ကောင်းတယ်'

ဤတွင် ... လီကျောင်းက ရယ်လိုက်လေ၏။

'ဟင်း ဟင်း .. ဘာလဲ၊ ရှင်က တစ်နေ့ကျရင် ရှင့်ကို ကျွန်မက ယှဉ်ပြိုင်အနိုင်တိုက်ခိုက်လာမှာကို ကြောက်နေလို့လား၊ စိတ်ချ၊ ကျွန်မကတော့ ပထမ မုန်းအင်းကျွားရဲ့သုံးကောင်ကို ရှင်းပစ်မယ်၊ ပြီးတော့မှ ရှင့်ကို တွေ့အောင်ရှာမယ်'



ထို့နောက် ... သူမက တုန်းနန်စန်းဘက်သို့ လှည့်ကာ ...

'ဦးလေး .... ကျွန်မတို့ အိမ်ထဲ ပြန်ဝင်ကြစို့'

ထို့နောက် ... သူမသည် လီထိုက်ဟိုဘက်သို့ တစ်ဖန် ပြန်လှည့်လိုက်ပြီး မဲ့ပြုံးပြုံး၍ .....

'ရှင်တို့ ပြန်နိုင်ပြီ၊ ရှင်တို့ဟာ ကျွန်မတို့ဂေဟာကို ကောင်းကျိုးမပေးခဲ့တဲ့သူတွေမို့ ကျွန်မတို့ဆက်ပြီး လက်မခံနိုင်တော့ဘူး'

လီထိုက်ဟို၏ မျက်နှာတစ်ခုလုံး နီမြန်းသွား၏။

မိုရှုရီသည်လည်း လီထိုက်ဟို အနီးတွင် ရပ်လျက် လီထိုက်ဟိုကို လှမ်းကြည့်လိုက်သည်။

လီကျောင်းက ပြောပြီးသည်နှင့် ရှေ့ဆုံးမှ ထွက်ခွာသွား၏။

သူ့နောက်မှ တုန်းနန်စန်းနှင့် မီးတုတ်ကိုင် ဂေဟာသားများကလည်း လိုက်ပါသွားကြသည်။ ချက်ချင်းပင် ... ထိုက်ဟူရေအိုင် ဥယျာဉ်အတွင်းဝယ် အမှောင်ထုက ပြန်လည် လွှမ်းမိုးသွား၏။

ထိုအခါ ... လီထိုက်ဟိုနှင့် မိုရှုရီ တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။

လီထိုက်ဟိုက မိုရှုရီအား စိုက်ကြည့်ပြီး မေးလိုက်လေ၏။

'ရှုရီ .... ညီမကော အစ်ကို့ကို နားလည်ခွင့်လွှတ်နိုင်ရဲ့လား၊ အခု အစ်ကို့ရဲ့ လုပ်ဆောင်ပြုမှုချက်တွေဟာ တစ်စုံတစ်ရာ အမှား အယွင်း ရှိနေသလား၊ ညီမ အစ်ကို့ကို အမှန်အမှိုင်း ပြောစမ်းပါ၊ ညီမ ခံစားမိတဲ့အတိုင်း ပြော ... '

သို့သော် ... မိုရှရီက ဘာမျှ ပြန်မပြောဘဲ လီထိုက်ဟိုး၏ မျက်နှာကိုသာ စိုက်ကြည့်နေလိုက်သည်။

သူမ၏ မျက်လုံးအိမ်တွင် မျက်ရည်တို့က ဝေ့၍ နေသည်။

'ရှုရီ ... တကယ်တော့ အစ်ကိုဟာ အစ်ကို့ ဆရာရဲ့ ဩဝါဒ အတိုင်း လိုက်နာဆောင်ရွက်နေရတာပါ၊ အစ်ကို့ရဲ့ ဆောင်ရွက်ချက် တွေဟာ သိုင်းလောကကို တစ်စိတ်တစ်ပိုင်း အနေနဲ့ ငြိမ်း ချမ်းမှုကို ပေးနိုင်လိမ့်မယ်လို့ ... အစ်ကို မျှော်လင့်ပါတယ်၊ ဒါပေမယ့် ...'

လီထိုက်ဟိုက စကားကို ခေတ္တရပ်လိုက်ပြီး မိုရှရီ မျက်နှာကို သေသေချာချာ စိုက်ကြည့်နေသည်။ ပြီးမှ ...

'ရှုရီ ... အစ်ကို သိုင်းလောကထဲ ဝင်ခဲ့တာဟာ သိုင်းလောက မှာ တောက်လောင်နေတဲ့ ရန်ငြိုးတွေကို တတ်နိုင်သမျှ ငြိမ်းသတ်ပြီး တစ်လောကလုံးကို ငြိမ်းချမ်းစေချင်လို့ပဲ၊ ဒါပေမယ့် ... ခုတော့ အဲဒီ မီးတွေဟာ ငြိမ်းမသွားတဲ့အပြင် အစ်ကို့ကိုပါ ကူးစက်တောက်လောင် နေပြီ၊ သိုင်းလောကသားတွေရဲ့ ရန်ငြိုးပွားမှုတွေကို ဖျန်ဖြေပေးတဲ့ အစ်ကို့ဆီကိုပါ ကူးစက်လာခဲ့ပြီ ... မုန်းအင်းကျားရဲ့တွေ၊ တိဗက်သိုင်း ပညာရှင်တွေနဲ့ ထိုက်ဟူရေအိုင်နဂါးနတ်မယ် လီကျောင်းတို့ အားလုံး ဟာ သူတို့ရဲ့ ခံစားချက်အသီးသီးနဲ့ အစ်ကို့ အပေါ်မှာ ရန်ငြိုးထားခဲ့ ကြပြီ'

လီထိုက်ဟိုက စကားကို ခေတ္တရပ်လိုက်ပြီး သက်ပြင်းရှည် ကြီးကို ချလိုက်၏။



ထို့နောက် ... ဆက်၍ ပြောလိုက်ပြန်သည်။

'အင်း၊ အခုတော့ အစ်ကို့ရဲ့ ဆောင်ရွက်မှုတွေဟာ ပြောင်းပြန် ဖြစ်ခဲ့ရပြီ၊ သိုင်းလောကကြီးဟာ ... မငြိမ်မသက်ခဲ့တဲ့အပြင် တစ်ဘက် တစ်လမ်းက ပိုပြီးဆူပူလာအောင် လုပ်သလို ဖြစ်နေပြီ၊ တိုက်ခိုက် သတ်ဖြတ်မှုတွေ ပိုများလာအောင် လုပ်သလို ဖြစ်နေပြီ'

လီထိုက်ဟိုက စိတ်ပျက်လက်ပျက် ပြောဆိုပြီး မိုရှရီထံ ကြည့် နေသော အကြည့်ကို လွှဲပြောင်းလိုက်၏။

သူသည် အဝေးသို့ မျှော်ကြည့်လိုက်၏။ သူ့လုပ်ဆောင်ချက် များကို သူပင် မယုံမကြည် ဖြစ်လာခဲ့မိချေပြီ။

'အစ်ကို ...'

မိုရှရီက ခေါ်လိုက်၏။

'အစ်ကိုရယ် ... အစ်ကို့ လုပ်ရပ်တွေဟာ မှန်ကန်ပါတယ်၊ လက်မလျှော့ပါနဲ့၊ စွဲမလျှော့ပါနဲ့၊ ဆက်လုပ်ပါနော် ...'

ထိုအချိန်တွင် ... ထက်ကောင်းကင် အာကာတစ်ခွင်၌ ရောင်နီ ပျိုးလာခဲ့ချေပြီ။ လင်းအရုဏ်နီအောက်မှ ထိုက်ဟူရေအိုင်သည် လွန်စွာ သာယာလှပနေ၏။

လီထိုက်ဟိုသည် ... တစ်ဘက်က မိုရှရီ လက်ကိုဆွဲလျက် တစ်ဘက်က ဓားကိုကိုင်ကာ 'ဗိုင်'ဂေဟာမှ ထွက်ခွာလာခဲ့ကြ၏။

'ဗိုင်' ဂေဟာထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ သူတို့နှစ်ဦး အား ထွက်၍လည်းမကြည့်၊ တားလည်း မတားမြစ်ကြပါ။

အတန်ကြာအောင် လှော်လာခဲ့ကြရာ သူတို့နှစ်ယောက် ရောက်လာခဲ့ကြစဉ်က ကမ်းစပ်သို့ ရောက်ရှိလာကြသည်။

ကမ်းစပ်သို့ ရောက်သောအခါ၊ လှေတစ်စင်းက သူတို့နှစ်ဦးအား စောင့်ကြိုနေသည်ကို တွေ့လိုက်ရ၏။ သူတို့နှစ်ဦးအား တစ်ဘက်ကမ်းသို့ ပို့ပေးရန် စောင့်ကြိုနေသောလှေပင် ဖြစ်သည်။

လီထိုက်ဟိုနှင့် မိုရှုရီတို့ လှေပေါ်သို့ တက်လိုက်ကြသည်။

လှေသမားများက လီထိုက်ဟိုတို့အား စကားလုံးဝ မပြောကြချေ။ သူတို့သည် သူတို့၏ သခင်မဖြစ်သော လီကျောင်း၏ အမိန့်ဖြင့် စောင့်ကြိုနေကြခြင်း ဖြစ်သည်။

ထိုလှေသည် ... အိုင်၏ ရေမျက်နှာပြင်ပေါ်တွင် တရိပ်ရိပ်နှင့် လျှင်မြန်စွာ ပြေးနေ၏။ လှော်ခတ်အားနှင့် ရွက်တိုက်အား နှစ်ခု ပေါင်းစပ်ထားသောကြောင့် ယခုကဲ့သို့ လျှင်မြန်နေခြင်းပင် ဖြစ်သည်။

'ပိုင်' ဂေဟာ တည်ရှိနေသော ကျွန်းသည် နောက်ဘက်တွင် တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့၏။

ထို့နောက် ... တဖြည်းဖြည်း မှုန်ပျပျသာ မြင်ရတော့၏။

ထိုစဉ် ...

ကျောက်တောင်ကြီးတစ်ခုကို ကွေ့ပတ်လိုက်ပြီးသောအခါ ကမ်းစပ်ကို ဘွားခနဲ မြင်တွေ့လိုက်ကြရလေသည်။

လှေငယ်ကို ကမ်းစပ်သို့ ဆက်၍ လှော်ခတ်ခဲ့ရာ တဖြည်းဖြည်း ကမ်းစပ်သို့ ရောက်လာကြ၏။



ကမ်းစပ်သို့ ဦးထိုးကာ ဆိုက်ကပ်လိုက်၏။

ထို့နောက် ...

လီထိုက်ဟိုသည် မိုရှုရီ လက်ကိုဆွဲ၍ လှေပေါ်မှနေ၍ ကမ်းပေါ်သို့ ခုန်တက်လိုက်သည်။

ကမ်းပေါ်သို့ ရောက်၍ ခြေချလိုက်ပြီးသောအခါ လီထိုက်ဟိုက လှေသမားကြီး နှစ်ယောက်အား လက်ဖမိုးယှက် အရိုအသေပေးလိုက်ပြီး ကျေးဇူးတင်စကား ပြောဆိုလိုက်လေသည်။

ဤတွင် ... လှေသမားကြီးတစ်ယောက်က လှေဦးတွင် ရပ်လျက် လီထိုက်ဟိုကို လှမ်းပြောလိုက်သည်။

'သခင်မလေး လီကျောင်းက .... မောင့်ရင့်ကို အမှာစကား ပါးလိုက်ပါတယ်၊ ဒီစကားကို ကမ်းစပ်ရောက်မှ ပြောဖို့လည်း သခင်မလေးက မှာလိုက်ပါတယ်၊ နောက်တစ်ကြိမ် မောင်ရင်တို့ ထိုက်ဟူရေအိုင်ကို လာမယ်ဆိုရင် ထိုက်ဟူရေအိုင် နဂါးနတ်မယ် လီကျောင်းက မောင်ရင့်ကို ရန်သူအဖြစ် ဆက်ဆံလိမ့်မယ်ဆိုတာ သိထားလိုက်ပါတဲ့'

လှေသမား၏ စကားကြောင့် လီထိုက်ဟို၏ မျက်နှာသည် ရုတ်တရက် တည်ကြည်သွားသည်။

သို့သော် ...

သူသည် ဘာမျှ မပြောတော့ဘဲ မိုရှုရီ၏ လက်ကိုဆွဲပြီး ... လျှောက်လှမ်းလာခဲ့လေတော့သည်။

ယခုတော့ ....

လီထိုက်ဟိုနှင့် မိုရှုရီတို့ နှစ်ယောက်သား မြို့ဘက်သို့ ရှေးရှု၍ လျှောက်လာခဲ့ကြသည်။

မြို့တွင်းသို့ ရောက်သောအခါ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်၍ ဦးစွာ ဟာနေသော ဝမ်းကို ဖြည့်လိုက်ကြ၏။

ထိုသို့ စားသောက်နေရင်း သူတို့ နှစ်ယောက်သည် ရှေ့ဆက်ရမည့် ခရီးစဉ်ကို တိုင်ပင်ပြောဆိုနေမိကြသည်။

လီထိုက်ဟိုက ....

'အစ်ကို ကြားဖူးတာ ကြာပြီ၊ 'ကျင်းစို့' မြို့ကြီးဟာ သိပ်ပြီး စည်ကားလှတယ်-ဆိုပဲ၊ ပြီးတော့ အဆင့်မြင့် သိုင်းပညာရှင်ကြီးတွေလည်း ရောက်တတ်တဲ့ နေရာ ဖြစ်တယ်တဲ့၊ ညီမ ရှုရီ ... အစ်ကိုတို့ အဲဒီ 'ကျင်းစို့' မြို့ကို သွားလည်ကြရင် မကောင်းဘူးလား'

မိုရှုရီက လီထိုက်ဟိုကို ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး ...

'အစ်ကိုလီ .... အစ်ကိုနဲ့ဆို ညီမ ဘယ်နေရာကို မဆို လိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ တကယ်လို့ အစ်ကိုလီက စကြာဝဠာ အစွန်းကို ညီမ လိုက်ခဲ့မလားဆိုရင်လည်း ညီမ မငြင်းဆန်ပါဘူး အစ်ကိုရယ် ... '

ဤကား မိုရှုရီ၏ ပြောစကားပင် ဖြစ်ပါတော့သည်။

❖❖❖❖❖



ကျင်းစို့မြို့ ...

ရှေးယခင်အခါက ကေရာဇ်ကြီး 'ထိုက်ကျူ' စံမြန်းရာ နေပြည်တော်ကြီးအဖြစ် တည်ဆောက်မွမ်းမံခဲ့သော မြို့ကြီး ဖြစ်သည်။

လွန်စွာ စည်ကားသော မြို့ကြီးတစ်မြို့လည်း ဖြစ်သည်။

ကျင်းစို့မြို့ကြီးသည် ကုန်းလမ်းရော .... ရေလမ်းတို့ပါ ပေါက်ရောက် ဆုံစည်းသော မြို့ကြီးလည်း ဖြစ်သည်။

ဤမြို့ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများ၊ သူဌေးသူကြွယ်များနှင့် သိုင်းလောကမှ အဆင့်မြင့် သိုင်းသမားများ လာရောက်လည်ပတ်ကြသည်။

ယုတ်စွအဆုံး .....

သူတောင်းစားများပင် ရောက်ဖူးသည့်ရှိအောင် လာရောက်လည်ပတ်လေ့ရှိကြသည်။

ကျင်းစို့မြို့ကား .....

ကျွန်းနန်ဒေသတစ်ခုလုံး၏ အချက်အချာ ကျပြီး အရေးပါလှသော မင်းနေပြည်တော်ဟောင်း တည်ရှိရာ မြို့ပင် ဖြစ်တော့သည်။

ယခုတလော ....

ကျင်းစိုးမြို့တွင် လူအများ၏ နှုတ်ဖျား၌ အရေးတကြီး ပြောဆိုနေကြသော ကိစ္စတစ်ရပ်က ရေပန်းစားလျက် ရှိနေသည်။

စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် လူအများစုဝေးမိကြသည်နှင့် ထိုအကြောင်းကိုသာ အစဉ်အမြဲ ပြောဆိုနေကြသည်။

ထိုကဲ့သို့ ရေပန်းစားလျက် ရှိသော အကြောင်းကိစ္စတစ်ရပ်မှာ လူတစ်ယောက်၏ အကြောင်းမျှသာ ဖြစ်လေ၏။ ထိုသူမှာ ....

'လွေကျင်ထန်း' ပင် ဖြစ်လေတော့သည်။

လွေကျင်ထန်းသည် ကျင်းစိုးမြို့၏ မြို့ပြင်ဘက်ရှိ 'ရွှန်းဝူ' ရေအိုင်အနီးတွင် အိမ်ဂေဟာကြီး ဆောက်၍ သီးခြားနေထိုင်သည်။

လွေကျင်ထန်းမှာ အဆင့်မြင့် သိုင်းသမားတစ်ယောက်လည်း ဖြစ်၏။

ထို့အပြင် ...

သူသည် ခုနစ်ခရိုင်သို့ ပစ္စည်းပို့ဆောင်ပေးရသော အာမခံဌာနများ၏ တာဝန်ခံချုပ်ကြီးလည်း ဖြစ်သည်။

ကျင်းစိုးမြို့ရှိ 'ကျင့်ယွင်' ပစ္စည်းပို့ဆောင်ရေး အာမခံဌာနသည် သူကိုင်တွယ် တာဝန်ယူထားရသော ဌာနကြီးပင် ဖြစ်၏။



ထို့အပြင် ကျင်းစိုးမြို့ အနီးတစ်ဝိုက်တွင်သာမက ကျွန်းနန်နယ်ရှိ ခရိုင်ကြီး ခုနစ်ခရိုင်စလုံးတွင် သူ၏ နာမည်အား မကြားဖူးသူ မရှိသလောက် ဖြစ်သည်။

ထိုကဲ့သို့ လွေကျင်ထန်းကား .... သိုင်းလောကတွင်သာမက ဒုစရိုက်သမားများ အားလုံးကပင် သိထားသော သိုင်းသမားကြီးလည်း ဖြစ်သည်။

လွေကျင်ထန်းသည် သိုင်းကွန့်ဖူး ပညာတွင် ထူးချွန်ထက်မြက်သကဲ့သို့ ... ပေါင်းသင်းဆက်ဆံရေး နယ်ပယ်တွင်လည်း ဝင်ဆံ့သူ တစ်ယောက်လည်း ဖြစ်သည်။

သူသည် နှစ်ဆယ့်ငါးနှစ် အရွယ်ကတည်းကစ၍ ပစ္စည်း ပို့ဆောင်ရေး အာမခံလုပ်ငန်းကို လုပ်ကိုင်ခဲ့သူ ဖြစ်၏။

ယခု အသက်ခြောက်ဆယ့်ငါးနှစ် ရှိလာသောအခါကျမှသာ အနားယူလိုက်ပြီး အိမ်ဂေဟာတွင် နေထိုင်လျက် အုပ်ချုပ်ကွပ်ကဲရေး တာဝန်ကိုသာ ယူခဲ့သည်။

သူ၏ အိမ်ဂေဟာတွင် နေ့စဉ်ပင် ဧည့်သည်များ ပြတ်သည် ဟူ၍ မရှိပေ။

သူ့အနေနှင့် မိတ်ဆွေအပေါင်းအသင်း ပေါများခြင်းကို အထူးပင် နှစ်သက်သူ ဖြစ်၏။

နေ့စဉ်လိုလိုပင် သူ၏ အိမ်ဂေဟာတွင် စားသောက်ပွဲများ တည်ခင်းကာ မိတ်ဆွေ အပေါင်းအသင်းများကို ဧည့်ခံလေ့ရှိသည်။

မကြာမီ ရက်ပိုင်းအတွင်းမှာပင် .... သူ၏ အသက်ခြောက်ဆယ့်ငါးနှစ်မြောက် မွေးနေ့ညစာခံပွဲ ကျင်းပရန် စီစဉ်လျက် ရှိသည်၊

ယနေ့မှ လွန်မြောက်၍ နောက်ထပ်(၁၆)ရက်ကြာလျှင် သူ၏ ခြောက်ဆယ့်ငါးနှစ်မြောက် မွေးနေ့သို့ ကျရောက်မည် ဖြစ်၏။

လွှကျင်ထန်းမှာ ခုနစ်ခရိုင် ပို့ဆောင်ရေးအာမခံချုပ်ကြီး ဖြစ်သည့်အပြင် ကျော်ဇော ထင်ရှားသော သိုင်းသမားကြီးလည်း ဖြစ်၏။

သို့ဖြစ်၍ သူ၏မွေးနေ့ ညစာခံပွဲတွင် ဧည့်ပရိသတ် မည်မျှများပြား၍ စည်ကားမည်ကို မှန်းဆနိုင်ပေသည်။

ထို့အတူ ... ကြွရောက်လာကြမည့် ဧည့်ပရိသတ်များထဲတွင် အဆင့်မြင့် သိုင်းပညာရှင်များ မည်မျှလောက် ပါရှိမည်ကိုလည်း ခန့်မှန်း၍ မရနိုင်အောင် ဖြစ်နေပေတော့သည်။

လွှကျင်ထန်းကား ဤမျှ လူသိများ ကျော်ကြားသူတစ်ဦး ဖြစ်လေတော့သည်။

❖❖❖❖❖



## အခန်း (၃၄)

## မွေးလက်ဆောင်

ရက်သတ္တတစ်ပတ်။

မွေးနေ့ပွဲမတိုင်မီ ရက်သတ္တတစ်ပတ်အလိုတွင် ဖြစ်သည်။

ထိုမွေးနေ့ပွဲ မတိုင်မီကတည်းကပင် လွှကျင်ထန်း၏ ရင်းနှီးသော မိတ်ဆွေဧည့်သည်များ တဖွဲဖွဲ ရောက်ရှိလာကြသည်။

ထိုအထဲတွင် ... လွှကျင်ထန်းနှင့် အလွန်ရင်းနှီးသော သိုင်းညီ အစ်ကိုများလည်း ပါဝင်သည်။ ထိုအခါ ...

လွှကျင်ထန်း အိမ်ဂေဟာအတွင်းရှိ ဧည့်ခန်းဆောင်ကြီး သုံးဆောင်စလုံးတွင် ဧည့်သည်များဖြင့် ပြည့်လျှံလျက် ရှိ၏။

မိတ်ဆွေများထံမှ လက်ခံရရှိသော မွေးနေ့လက်ဆောင်များမှာလည်း ဧည့်ခန်းဆောင်ကျယ်ကြီး၏ စားပွဲရှည်ပေါ်ဝယ် ပြည့်လျှံမို့မောက်နေသည်။

မွေးနေ့ညှိခံပွဲ မတိုင်မီကပင် အိမ်ဂေဟာကြီးအတွင်းဝယ် အထူးပင် စည်ကား သိုက်မြိုက်လျက် ရှိ၏။

လွှေကျင်ထန်းမှာ ကြွရောက်လာသော ဧည့်သည်တော်ကြီးများကို ဆီးကြိုဧည့်ခံစကား ပြောရသဖြင့် အားလပ်သည့် အချိန်ဟူ၍ မရှိနိုင်အောင်ပင် ဖြစ်နေသည်။

လွှေကျင်ထန်းသည် အရင်းနှီးဆုံး မိတ်ဆွေ သုံးလေးယောက်တို့ကို ဧည့်ခန်းဆောင်တွင် ဧည့်ခံစကား ပြောဆိုလျက် ရှိသည်။

ထိုစဉ် ... ဘဏ္ဍာထိန်း 'လောင်မိုး' သည် ဧည့်ခန်းဆောင်အတွင်းသို့ ရုတ်တရက် ရေးကြီးသုတ်ပျာ ဝင်ရောက်လာ၏။

ဘဏ္ဍာထိန်းက လွှေကျင်ထန်းအား လက်ဖမိုးယှက်ကာ အရိုအသေပေးလိုက်ပြီးနောက် ....

'သခင်ကြီး .... ရပ်ဝေးက မွေးနေ့လက်ဆောင်ပစ္စည်းပို့တဲ့ လူတွေ အိမ်ဂေဟာရှေ့မှာ ရောက်ရှိနေပါတယ်'

ဤတွင် လွှေကျင်ထန်းက လောင်မိုးအား လှမ်းကြည့်လိုက်ပြီး ...

'လောင်မိုး .... ရပ်ဝေးက ငါ့ရဲ့ မိတ်ဆွေတချို့ မလာနိုင်လို့ လက်ဆောင်ပစ္စည်း အပို့လွှတ်လိုက်တာ ဖြစ်မှာပေါ့၊ အဲဒါကို ထုံးစံအတိုင်းပဲ မင်းလက်ခံ သိမ်းဆည်းထားလိုက်ပါလား၊ ဒါကိုပဲ မင်းက အရေးတကြီးနဲ့ တကူးတက လာပြီး .... အကြောင်းကြားဂနေရသေးသလား'



လောင်မိုး၏အသက်မှာ လေးဆယ်ဝန်းကျင်ခန့် ရှိ၏။

သူသည် 'လွှေ' ဂေဟာတွင် နှစ်ပေါင်းကြာမြင့်စွာ ဘဏ္ဍာထိန်း လုပ်ခဲ့သူ ဖြစ်သည်။

သူ၏ အသက် နှစ်ဆယ်လောက်ကစ၍ .... လွှေကျင်ထန်း ထံတွင် အမှုထမ်းခဲ့သည်။

ထို့ကြောင့် ...

သူသည် လွှေဂေဟာ၏ ထုံးစံနှင့်စည်းကမ်းကို နားလည်ပြီးသား ဖြစ်၏။

မွေးနေ့ညှိခံပွဲသို့ လူကိုယ်တိုင် ... မတက်ရောက်နိုင်သော ရပ်ဝေးမှ မိတ်ဆွေများက သူတို့၏ လူယုံတပည့်များဖြင့် လက်ဆောင်ပစ္စည်းများ ပို့ပေးလေ့ရှိတတ်သည်။

အချို့ကလည်း နှုတ်ခွန်းဆက် အမှာစကားများ ပါးလိုက်လေသည်။

အချို့ကျကမူ ... မွေးနေ့ဆုတောင်းသဝဏ်လွှာကို စာဖြင့်ရေး၍ ပေးပို့တတ်ကြသည်။

သို့သော် .....

ဤတစ်ကြိမ်တွင် လောင်မိုး အနေနှင့် တစ်စုံတစ်ရာကို ပြောဆိုချင်နေသည့် ဟန်မျိုး ရှိနေ၏။

ဤသည်ကို ... ရိပ်စားမိသော လွှေကျင်ထန်း၏ အနီးမှ မိတ်ဆွေကြီးတစ်ဦးက လောင်မိုးကို အသေအချာ အကဲခတ်လိုက်ပြီး ...

'မိတ်ဆွေလွှေ၊ ခင်ဗျားရဲ့ ဘိဏ္ဍာထိန်းက ခင်ဗျားကို တစ်စုံတစ်ရာ အခက်အခဲကို တင်ပြချင်နေတယ်နဲ့ တူတယ်၊ သူဘာပြောချင်လို့လဲ မသိဘူး၊ သေသေချာချာ မေးစမ်းပါဦး'

လွှေကျင်ထန်းက လောင်မိုး၏ မျက်နှာကို အကဲခတ်လိုက်၏။ မှန်သည်။ သူ ... တစ်စုံတစ်ခု ပြောချင်နေပုံ ရသည်။

လွှေကျင်ထန်းက လောင်မိုးကို လှမ်းမေးလိုက်သည်။

'လောင်မိုး ... ဘယ်အရပ်ဒေသက မိတ်ဆွေ ... ပို့လိုက်တဲ့ လက်ဆောင်ပစ္စည်းလဲ၊ မင်း ပြောစရာရှိရင် ပြောလေ'

လောင်မိုးက ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

'ဘယ်သူဘယ်ဝါဆိုတာ သူတို့ကို မေးလို့ကို မရဘူး၊ လက်ဆောင်လာပို့တဲ့သူက စုစုပေါင်း ငါးယောက် ရှိတယ်၊ လေးယောက်က ကျွန်းသေတ္တာ အနီကြီးတစ်လုံးကို ထမ်းလာကြတယ်၊ ကျန်တစ်ယောက်ကတော့ ခေါင်းဆောင်လို့ ထင်ရတယ်၊ ကျွန်တော်က ထုံးစံအတိုင်း သူတို့ကို ကျေးဇူးတင်စကား ပြောလိုက်တယ်၊ ပြီးတော့ ပစ္စည်းလက်ခံရရှိကြောင်းနဲ့ ကျေးဇူးတင်ကြောင်း ပါရှိတဲ့ 'လွှေ' ဂေဟာရဲ့ အသိအမှတ်ပြု ကတ်ပြားလေးကို ပေးပါတယ်၊ ဒါပေမယ့် သူတို့က လက်မခံကြဘူး၊ သူတို့က သခင်ကြီးကို ကိုယ်တိုင်တွေ့ချင်တယ်လို့ မရမက တောင်းဆိုနေတယ်၊ ပြီးတော့ .... ပစ္စည်းကိုလည်း သခင်ကြီးလက်ထဲကို သူတို့ကိုယ်တိုင် အပ်ပြီးမှ ပြန်နိုင်မယ်လို့ ပြောနေပါတယ် သခင်ကြီး '



ထိုအခါ ...

လွှေကျင်ထန်း၏ မျက်နှာထားသည် ရုတ်ခြည်းပင် တည်ကြည်လေးနက်သွား၏။

ကြုံ့ထားသော မျက်မှောင်အစုံသည် ပို၍ ကြုံ့သွားတော့၏။

ထို့နောက် ... သူက စဉ်းစား၍ မရဟန်ဖြင့် ....

'သူတို့ဟာ ဘယ်သူရဲ့ တပည့်လူယုံတွေလဲ ဆိုတာကိုကော မင်းကို ပြောမပြဘူးလား'

လောင်မိုးက ခေါင်းကို ခါယမ်းလိုက်ပြီး ....

'ကျွန်တော် မေးပါသေးတယ်၊ သူတို့က လုံးဝ မဖြေဘူး၊ သခင်ကြီးနဲ့ တွေ့မှ ဖြစ်မယ်လို့ပဲ ထပ်တလဲလဲ ပြောနေကြလို့ ကျွန်တော်လည်း ခုလို ...'

ယခုမှပင် လွှေကျင်ထန်း သဘောပေါက် နားလည်သွား၏။

သူက လောင်မိုးကို လက်ကာပြလိုက်ပြီး ....

'ငါသိပြီ ... အဲဒီတော့ မင်းအရင်သွားနှင့်ပါ၊ သူတို့ကို ခဏစောင့်နေပါလို့ ပြောထား၊ ငါ အခုပဲ လိုက်ခဲ့မယ်'

ဤတွင် ....

လောင်မိုးက ဦးညွှတ်အရိုအသေ ပြုလိုက်ပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

❖❖❖❖❖

အသက်ခြောက်ဆယ့်ငါးနှစ် ပြည့်ပြီဖြစ်သော လွှကျင်ထန်းသည် လွန်ခဲ့သော အနှစ်လေးဆယ်ကလောက်တော့ ကြံ့ခိုင်သန်မာခြင်း မရှိတော့ပါ။

သို့သော် .....

သူ၏ စိတ်ဓါတ်ကား လွန်ခဲ့သော အနှစ်လေးဆယ်ကလိုပင် ပြောင်းလဲခြင်း မရှိဘဲ ထက်သန်နေဆဲပင် ဖြစ်၏။ နှစ်များ ပြောင်းလဲခဲ့သော်လည်း စိတ်ဓါတ်ကတော့ ပြောင်းလဲခြင်း မရှိပေ။

သံမဏိစိတ်ဓါတ်ရှိသူပင် ဖြစ်၏။

လွှကျင်ထန်းက ထိုင်ရာမှ ထလိုက်ပြီး ဧည့်သည်မိတ်ဆွေများကို လက်ဖမိုးယှက် အရိုအသေ ပေးလိုက်၏။

ထို့နောက် ....

'ကဲ .... ဒီက မိတ်ဆွေကြီးတို့ ဧကလောက်တော့ ကျွန်တော်ကို ခွင့်ပြုပါဦး'



သူက ထိုသို့ ပြော၍ ... ခွင့်ပန်လိုက်ပြီးသည်နှင့် ပစ္စည်းများလက်ခံရာ ဧည့်ခန်းဆောင်ရှေ့သို့ ထွက်လာခဲ့သည်။

ဤနေ့ ဤရက်တွင် လွှဂေဟာအတွင်း၌ ဧည့်သည်များဖြင့် ပြည့်ကျပ်လျက် ရှိနေသည်။

အချို့မှာ အစုလိုက်ဖွဲ့၍ ဥယျာဉ်အတွင်းဝယ် လမ်းလျှောက်ရင်း စကားပြောနေကြသည်။

အချို့ကား အိမ်ဝင်းအတွင်း မြေကွက်လပ်တွင် လမ်းလျှောက်ရင်း စကားပြောနေကြသည်။

အချို့ကား ဧည့်ခန်းဆောင်အတွင်းဝယ် ထိုင်ရင်း စကားပြောနေကြသည်။

ထိုစဉ် ... လွှကျင်ထန်းမှာ .... ဧည့်ခန်းဆောင်ရှေ့ရှိ မြေကွက်လပ်သို့ ရောက်ရှိလာလေ၏။

ရောက်သည်နှင့်ပင် သူက ဧည့်ခန်းဆောင်ရှေ့ လှေကားရင်းသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ....

လှေကားရင်းတွင် အဝါရောင်ဝတ်စုံကို တူညီစွာ ဝတ်ဆင်ထားသော လူငါးယောက် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသူငါးယောက်စလုံးမှာ ကြံ့ခိုင်တောင့်တင်းသော ခန္ဓာကိုယ်ပိုင်ရှင်များဖြစ်ကြောင်း တွေ့ရသည်။

သူတို့၏အလယ်၌ .... ဆိုင်းကြီးတံပိုးဖြင့် ချည်လျက်သား မြေကြီးပေါ်တွင် ချထားသော အတန်ငယ်ကြီးမားသည့် အနီရောင် ယွန်းသေတ္တာတစ်လုံးကို တွေ့လိုက်ရ၏။

သူတို့သည် ‘လွှေ့ဂေဟာသခင်ကြီး လွှေကျင်ထန်းကို တွေ့ လိုက်ရသောအခါ အားလုံး လက်ဖမိုးယှက် အရိုအသေပေးလိုက် ကြ၏။

ရှေ့ဆုံးမှလူက နှုတ်ခွန်းဆက်စကား ပြောလိုက်၏။

‘ကျွန်တော်တို့က ... သခင်ကြီးကို နှုတ်ဆက်ဂါရဝပြုပါတယ် ခင်ဗျား’

လွှေဂေဟာသခင်ကြီး လွှေကျင်ထန်းက ထိုသူတို့အား အသေ အချာ ကြည့်လိုက်မိသည်။

ထိုသူတို့၏ ပုံသဏ္ဌာန်မှာ အတန်ငယ် ထူးခြားနေသည်။

သူတို့ ဝတ်ဆင်ထားကြသည့် အဝါရောင် ဝတ်စုံကြီးများသည် အတန်ငယ် ကြီးမားပြီး ပွယောင်းယောင်း ရှိနေသည်။

ခါးတွင် လက်ဝါးပြားခန့်ရှိ သားမွေးရေ ခါးပတ်များကို ပတ် ထားကြသည်။

သူတို့၏ ခြေအစုံတွင် ဝတ်ဆင်ထားသော လည်ရှည်ဖိနပ် များမှာလည်း သားမွေးသားရေဖြင့် ချုပ်လုပ်ထားကြ၏။

သူတို့၏ ဦးခေါင်းထက်ရှိ ဆံထုံးကို ငွေရောင်တောက်နေသော ဖဲကြိုးဖြင့် စည်းနှောင်ထားကြသည်။



ဆံထုံးများ၏ ရှေ့တွင် လျှာကလေး နှစ်ခွထွက်လျက် ပါးပြင်း ထောင်နေသည့် မြွေရုပ်ကလေးတစ်ကောင်စီ ထိုးထားသည်ကို လည်း တွေ့လိုက်ရ၏။

သူတို့သည် မြွေရုပ်ဆံထိုးကို ဆင်တူပြုလုပ်၍ ဆံထုံးရှေ့တွင် ထိုးစိုက်ထားခြင်း ဖြစ်သည်။

လွှေကျင်ထန်းက ထူးခြားစွာ ဝတ်ဆင်ထားသော လူငယ် ငါးယောက်စလုံးကို အတန်ကြာအောင်ပင် ... စူးစိုက်၍ ကြည့်နေပြီးမှ ရုတ်တရက် မေးလိုက်သည်။

‘မောင်ရင်တို့က လက်ဆောင်ပဏ္ဏာ လာပို့ကြတာလား’

ဤတွင် ..... ရှေ့ဆုံးမှလူက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး ယဉ်ကျေးလှသော စကားအသုံးအနှုန်းဖြင့် ပြန်လည်ဖြေကြားလိုက် သည်။

‘ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော်တို့ဆရာက ပို့ခိုင်းလိုက်လို့ သခင်ကြီးအတွက် လက်ဆောင်ပဏ္ဏာ လာပို့ကြတာပါ၊ ကျွန်တော် တို့ဆရာဟာ အခြားကိစ္စတစ်ခုကြောင့် သခင်ကြီးရဲ့ မွေးနေ့ပွဲကို အချိန်မီ ရောက်ချင်မှ ရောက်မယ်လို့လည်း မှာကြားလိုက်ပါတယ်၊ လက်ဆောင်ပဏ္ဏာကို သခင်ကြီးရဲ့ လက်ထဲကို ကိုယ်တိုင်ကိုယ်က ပေးအပ်ခဲ့ဖို့ သေသေချာချာ မှာလိုက်ပါသေးတယ်၊ ဒါကြောင့် ... ကျွန်တော်တို့လည်း ဆရာ မှာလိုက်တဲ့အတိုင်း ကိုယ်တိုင်ကိုယ်က ပေးအပ်ခဲ့ချင်လို့ သခင်ကြီးနဲ့ တွေ့ဖို့ ... အခုလို တောင်းဆိုရတာပါ

ဒီအတွက် သခင်ကြီးအနေနဲ့ ရှိုင်းစိုင်းနေမယ်ထင်ရင် .... ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် သခင်ကြီး'

သူတို့၏ အပြောအဆိုများမှာ အလွန်ယဉ်ကျေးကြ၏။ ပထမပိုင်း စိတ်အနှောင့်အယှက် ဖြစ်သွားသည့် လှေကျင်ထန်းပင် ခွင့်လွှတ်နိုင်သွား၏။

လှေကျင်ထန်းက ထပ်၍ မေးလိုက်ပြန်သည်။

'မောင်ရင်တို့ဆရာက ဘယ်သူများပါလိမ့်'

ထိုလူကပင် ဆက်၍ .....

'ကျွန်တော်တို့ဆရာက သူဟာ သခင်ကြီးနဲ့ နှစ်ပေါင်းသုံးဆယ်ကျော် ဆက်ဆံမှု ပြုလာခဲ့တဲ့သူလို့ပဲ ... ပြောခိုင်းလိုက်တယ်၊ သူပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းကိုတွေ့တာနဲ့ သူ ဘယ်သူလဲဆိုတာ သခင်ကြီးအနေနဲ့ သိလာပါလိမ့်မယ်တဲ့'

ထိုလူက ... ယင်းသို့ ပြောဆိုလိုက်ပြီးသည်နှင့် အနားတွင်ရှိသော ယွန်းသေတ္တာ၏ အဖုံးကို ဖွင့်လိုက်၏။

ပြီးနောက် .... ယွန်းသေတ္တာကြီးအတွင်းမှ ရွှေချည်ပန်းခက်များ ရပ်လုံးဖော်ထားသော ယွန်းသေတ္တာငယ်ကလေးကို မ,၍ ဆွဲယူလိုက်သည်။

ထို့နောက် .....

ယွန်းသေတ္တာကလေးအား လက်နှစ်ဘက်ဖြင့် မ,ယူကာ ... လှေကားထစ်အတိုင်း တစ်ထစ်ချင်း တက်လာသည်။



လှေကျင်ထန်း၏ ရှေ့သို့ ရောက်သောအခါ ... ခါးကိုကိုင်း၍ လှမ်းပေးလိုက်၏။

ထိုအခါ ... လှေကျင်ထန်းက ယွန်းသေတ္တာကလေးအား လှမ်းယူမည့် ဟန်ပြုလိုက်သည်။

ထိုစဉ် ....

လူတစ်ယောက်သည် လှစ်ခနဲ လှေကျင်ထန်း၏ အနီးသို့ ရုတ်တရက် ရောက်ရှိလာသည်။

ထိုလူက ... ယွန်းသေတ္တာငယ်ကလေးအား လှမ်းယူရန် ဟန်ပြင်နေသော လှေကျင်ထန်းရှေ့မှ လက်ကို ဆန့်တန်း၍ ကာထားလိုက်ပြီး ...

'သခင်ကြီးခင်ဗျား ... အဲဒီလက်ဆောင် သေတ္တာကလေးဟာ အတော်ပဲ လေးပုံရတယ်၊ သခင်ကြီးကိုယ်စား ကျွန်တော်ပဲ လက်ခံလိုက်ပါရစေ'

ရောက်လာသော ထိုလူ၏ ပြောစကားကြောင့် လှေကျင်ထန်းက ထိုလူ၏ မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

ထိုလူကား .... အဝတ်ညစ်နွမ်းနွမ်းကို ဝတ်ဆင်ထားသော ချုံကျားဂိုဏ်းမှ 'ဝေစွန်း' ဆိုသူဖြစ်ကြောင်း တွေ့လိုက်ရ၏။

ဝေစွန်း၏ အရေးတကြီး လာရောက်ပြောဆိုပုံမှာ ထူးဆန်းနေသဖြင့် လှေကျင်ထန်းက ချက်ချင်း သတိဝင်လာကာ နောက်သို့ ခြေလှမ်း သုံးလေးလှမ်းခန့် ဆုတ်သွားသည်။

ထို့နောက် ....

သူ့ကိုယ်စား ပစ္စည်းလက်ခံမည့် ဝေစွန်းအား လက်နှစ်ဘက် ယှက်ကာ ကျေးဇူးတင်စကား လှမ်းပြောလိုက်၏။

'မိတ်ဆွေကြီး ဝေစွန်း၊ ခုလို ကျုပ်ကိုယ်စား ပစ္စည်းလက်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီပစ္စည်းဟာ မိတ်ဆွေကြီး ပြောသလို အလွန်လေးလံပုံလည်း ရပါတယ်ဗျာ ...'

ထိုစဉ် ...

ဝေစွန်းသည် ယွန်းသေတ္တာကို ထိုလူ၏ လက်ထဲမှ လှမ်းယူလိုက်သည်။

ထိုလူက ဝေစွန်း၏ မျက်နှာအား တစ်ချက်မော့ကြည့်လိုက်ပြီးနောက် မည်သည့်စကားမျှ မပြောဘဲ လှေကားအတိုင်း ပြန်လှည့်ဆင်းသွားသည်။

လှေကားအောက်သို့ ရောက်သောအခါ သူတို့ငါးယောက်သည် လှေကျင်ထန်းအား အရိုအသေပေးပြီးနောက် ယွန်းသေတ္တာအခွံကြီးကို သယ်ထမ်းပြီး ထွက်ခွာသွားကြလေတော့သည်။

သူတို့ ထွက်ခွာသွားပုံမှာ အဆောတလျင် နိုင်လှသည်။

ချက်ချင်းပင် ဝင်းခြံဆီသို့ ရောက်ရှိသွားကြလေသည်။

ထိုလူငါးယောက် ဝင်းပြင်သို့ ရောက်ရှိကာ ပျောက်ကွယ်သွားသည်နှင့် လှေကျင်ထန်းက ဝေစွန်းအား လက်ဖမိုးယှက် အရိုအသေပေး၍ ပြောလိုက်၏။



'ခုလို ... လေးလံတဲ့ ပစ္စည်းကို ကျုပ်ကိုယ်စား လက်ခံယူပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်'

ထိုအခါ ...

ဝေစွန်းက ရယ်မောလိုက်ပြီး ...

'ကျွန်တော်ဟာ အလမ္မာယ်မြွေဆရာပါ၊ ကျွန်တော်ဟာ မြွေတွေကိုဖမ်းပြီး လူတွေကို ပြစားနေခဲ့တာ နှစ်ပေါင်းအတော်ကြာပါပြီ၊ ဒါ့ကြောင့် .... သူတို့ဘယ်လောက်ပဲ လုံအောင်ဖုံးလာခဲ့ပေမယ့် ကျွန်တော့်နှာခေါင်းကိုတော့ လိမ်လို့ မရဘူး'

ဤတွင် .... လှေကျင်ထန်းက အလန့်တကြား ပြန်မေးလိုက်လေသည်။

'မိတ်ဆွေ .... ဝေစွန်း၊ ခင်ဗျားပြောနေတဲ့ ... သဘောက ဒီသေတ္တာထဲမှာ မြွေရှိတယ်ပေါ့၊ ဟုတ်လား'

ဝေစွန်းက သေတ္တာကလေးကို ကိုင်မြှောက်လိုက်ပြီး .....

'ကျွန်တော် တပ်အပ်ပြောလိုက်မယ်၊ ဟောဒီ လက်ဆောင်သေတ္တာထဲမှာ အနည်းဆုံး မြွေတစ်ကောင်တော့ ရှိရမယ် .. ပြီးတော့ အဲဒီမြွေဟာ အတော်အဆိပ်ပြင်းတဲ့ မြွေလည်း ဖြစ်ရမယ်'

ဝေစွန်းသည် အာတဗ္ဗန ဗေဒင် တတ်မြောက်သူပမာ အတတ်ဟောလိုက်လေ၏။ သူသည် အဆိပ်ကောင်များနှင့် ပတ်သက်ပြီးများစွာ ကျွမ်းကျင်သူ ဖြစ်သည်။ အထူးသဖြင့် မြွေများကို ကျွမ်းကျင်သည်။ မြွေများနှင့်လည်း ရင်းနှီးသည်။ သူ့အား တော်ရုံတန်ရုံလူက

မြေနှင့် မလှည့်စားနိုင်ချေ။ သူသည် မြေဘဝမှ လူ့ဘဝသို့ ပြောင်းလာသူဟုပင် တင်စားရမည်လား မသိပေ။ ဝေရွှန်းက ဆက်၍ ပြောလိုက်ပြန်သည်။

'အခု ...ကျွန်တော်ဟာ သေတ္တာကို လက်နှစ်ဘက်နဲ့ အဖုံးကိုပါ ဖိကိုင်ထားတာကို တွေ့တယ်မဟုတ်လား၊ ဒီသေတ္တာကို ပေးသွားတဲ့ လူကလည်း ဒီလိုပဲ လက်နှစ်ဘက်နဲ့ ဖိကိုင်ပြီး ပေးသွားခဲ့တယ်၊ တကယ်လို့ လက်ခံတဲ့သူက မသိလို့ အဲဒီလိုသာ ဖိကိုင်ပြီး မယူခဲ့ဘူး ဆိုရင် ရောက်လာမယ့် အန္တရာယ်ဟာ မတွေးဝံ့စရာပါ၊ အင်မတန် အန္တရာယ် ကြီးပါတယ်'

ထိုသို့ ဝေရွှန်း၏ စကားကြောင့် လွေကျင်ထန်းမှာ အထူးပင် ထိတ်လန့် တုန်လှုပ်သွားလေတော့သည်။

ဤစကားကို ကြားလိုက်ရသောအခါ အနီးရှိ အခြားဧည့်သည် မိတ်ဆွေများမှာလည်း ထိတ်လန့် တုန်လှုပ်သွားကြသည်။

လွေကျင်ထန်းက .....

သူ့အား လက်ဆောင်ပစ္စည်း သေတ္တာကလေးထဲတွင် မြွေဆိုး တစ်ကောင်ထည့်ပြီး လာပို့နိုင်းသော ရန်သူသည် မည်သူဖြစ်နိုင်သည်ကို ချက်ချင်းပင် စဉ်းစားလိုက်၏။

အတန်ငယ်ကြာသောအခါ လွေကျင်ထန်း၏ နဖူးပြင်မှ ချွေးသီးချွေးပေါက်များ ရတ်တရက် ထွက်လာခဲ့သည်။

ထို့အပြင် ....



သူ၏လက်များက စိတ်လှုပ်ရှားမှုနှင့်အတူ ဆုပ်ချည်ဖြန့်ချည် ဖြစ်လုပ်နေမိသည်။

လွေကျင်ထန်းအနေဖြင့် အဘယ့်ကြောင့် ဤမျှလောက် စိတ်လှုပ်ရှားမှုများ ဖြစ်လာရပါသနည်း။

ထိုလူငါးယောက်သည် အမှန်ပင် သူ၏ ရန်သူများ ဖြစ်နိုင်ပါသလော။

❖❖❖❖❖

အခန်း (၃၅)
မပြေတဲ့ ရန်ငြိုး

လူ၏မှတ်ဉာဏ်သည် လွန်စွာ ထူးဆန်းနေတတ်၏။

အကယ်၍ မတွေ့ဘဲနေလျှင် မည်မျှကြာအောင် မေ့ပျောက်နေလိမ့်မည်ဟူ၍ မပြောနိုင်ပေ။

သို့သော် ....

သတိရ၍ ပြန်လည်စဉ်းစားလိုက်မိသည်နှင့် တစ်ဖြိုင်နက် သိရှိမှတ်သားထားမှုများသည် စိတ်အာရုံဝယ် တဖြည်းဖြည်း ပေါ်လာတတ်၏။

မှတ်သားထားသော မှတ်ဉာဏ်များက အတိတ်ဇာတ်ကြောင်း မြင်ကွင်းကျယ်ကို ပြန်လည် မြင်ယောင်စေတော့သည်။

ဤမျှအထိ လူ၏မှတ်ဉာဏ်က ထူးဆန်းနေပေသည်။



လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ဆိုသည်မှာ ဝေးကွာလှသော အတိတ် ဖြစ်လေ၏။

နှစ်ပေါင်းလေးဆယ် ဆိုသည့် ကုန်လွန်ပြီးခဲ့သော အချိန်သည် လွန်စွာကြာရှည်မှု ရှိခဲ့သည့် ကာလတစ်ခုပင် ဖြစ်သည်။

လူရွယ်တစ်ယောက်အား ဆံဖြူသွားကျိုးဘဝသို့ ပြောင်းလဲသွားစေနိုင်လောက်သော နှစ်ကာလ အတိုင်းအတာတစ်ခု ဖြစ်သည်။

ထို့အတူ ဤမျှ ကြာမြင့်သောအချိန်သည် လူတစ်ယောက်အဖို့ ဘဝမျိုးစုံအောင် ကြုံတွေ့နိုင်စေလေသည်။

လွှေကျင်ထန်းက တုန်လှုပ် ချောက်ချားခြင်းနှင့်အတူ အတွေးနယ်ထဲမှ လျင်မြန်စွာ ပြန်လည်ထွက်လိုက်သည်။

ထို့နောက် .... သူသည် နှုတ်မှ ရေရွတ်လိုက်၏။

'အင်း .... နှစ်ပေါင်းလေးဆယ်တောင် ကြာခဲ့ပြီပဲ၊ သူပဲ ဖြစ်လေမလား ..... သူပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ် ... ဟုတ်မှာပါ၊ သူပဲ ဖြစ်ပါလိမ့်မယ်'

ထိုစဉ် .....

ချုံကျားဂိုဏ်းမှ ဝေစွန်းက စဉ်းစားနေသော လွှေကျင်ထန်းကို သေချာစွာ အကဲခတ် ကြည့်ရှုလိုက်ပြီး ရုတ်တရက် မေးလိုက်သည်။

'သခင်ကြီး ..... ဟောဒီလက်ဆောင်ကို ဘယ်လိုလုပ်ဖို့ ... သခင်ကြီး စိတ်ကူးပါသလဲ'

ထိုအခါ ....

လှေကျင်ထန်းက ဝေရွှန်း၏ လက်ထဲမှ ယွန်းသေတ္တာကလေးကို လှမ်းကြည့်လိုက်ပြီး ....

'မိတ်ဆွေ ဝေရွှန်း .... ခင်ဗျားအနေနဲ့ ဒီသေတ္တာကလေးထဲမှာ မြေဆိုးတစ်ကောင်ရှိတယ်လို့ ကျိန်းသေ ယူဆထားသလား'

ဝေရွှန်းက သူ၏ဦးခေါင်းကို ညိတ်ပြလိုက်၏။ ပြီးမှ ...

'ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုအရ တိတိကျကျ ပြောရရင် ... ဟောဒီ သေတ္တာကလေးထဲမှာ အလွန်အဆိပ်ပြင်းထန်တဲ့ မြွေဆိုးတစ်ကောင်ရှိနေရမယ်၊ ကျွန်တော်ဟာ တော်ရုံတန်ရုံ အဆိပ်ပြင်းတဲ့ မြွေမျိုးဆိုရင် ခုအချိန်မှာ အဖုံးကို ဖိကိုင်ထားစရာ မလိုတော့ဘူး၊ မြေပေါ်ကိုပေါက်ချပြီး ခြေဖနောင့်နဲ့ တက်နင်းလိုက်တာနဲ့ မြွေဦးခေါင်းတစ်ခုလုံး ကြေမွသွားတာ ကြာလှပြီပေါ့'

ထိုအချိန်တွင် ဧည့်ခန်းမဆောင်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

တီးတိုးပြောဆိုသံများကလည်း တစ်ယောက်တစ်ပေါက်ထွက်ပေါ်လာသည်။

ထိုအခိုက် ဝေရွှန်း၏ အနီးတွင် ရပ်နေကြသော လူအချို့သည် နောက်သို့ မသိမသာ ဆုတ်သွားကြလေသည်။

သူတို့အားလုံးသည် ဝေရွှန်း၏လက်ထဲမှ ယွန်းသေတ္တာလေးအား ထိတ်လန့်တကြားဖြင့် လှမ်းကြည့်နေကြ၏။



သူတို့အထဲတွင် ဝေရွှန်းအား သိကျွမ်းကြသူ အတော်များများပါရှိနေကြသည်။

မွေးနေ့ပွဲသို့ လာရောက်သူ ဧည့်သည် အတော်များများက ဝေရွှန်းအကြောင်း သိထားကြလေ၏။

ထိုကဲ့သို့သော လူတစ်ယောက်က သတိထားကြောက်ရွံ့နေရသော ယွန်းသေတ္တာအတွင်းမှ မြွေဆိုးသည် မည်မျှအထိ အဆိပ်ပြင်းထန်နေသည်ကို ခန့်မှန်း၍ ရနိုင်ပေသည်။

လှေကျင်ထန်းက ရုတ်တရက် ဝေရွှန်းအား ပြောလိုက်သည်။

'မိတ်ဆွေ .... ဝေရွှန်း၊ ဒီလိုဆို ကျုပ်တို့နှစ်ယောက်စလုံး ဒီမြွေဆိုးကို သုတ်သင်လိုက်ကြရအောင်လား'

ပြောပြောဆိုဆို လှေကျင်ထန်းက သူ့အပေါ်အင်္ကျီကို ရင်စေ့မှ ဆွဲလှန်ကာ ဖွင့်လှစ်လိုက်၏။

ဤတွင် ... ဆင်စွယ်ရိုးတပ် ဓားမြှောင်ရှည်က သူ့ခါးတွင် ထိုးထားသည်ကို လှစ်ခနဲ တွေ့လိုက်ရသည်။

ထိုဓားမြှောင်မှာ အရှည်တစ်တောင်ခန့် ရှိသည်။

လှေကျင်ထန်းက ထိုဓားမြှောင်ကို ခါးကြားထဲမှ ဆွဲထုတ်လိုက်၏။

ထိုအခါ ....

ခန်းမဆောင်တစ်ခုလုံး လျှပ်စီးလက်သလို ဝင်းခနဲ လင်းလက်သွားသည်။

'မိတ်ဆွေ ... ဝေရွှန်း၊ ခင်ဗျား လက်ကို လွှတ်လိုက်စမ်းပါ'

လွှေကျင်ထန်းက လက်ထဲမှ ဓားကို ဆ၍ ကိုင်ရင်း ဝေရွှန်းအား ရုတ်တရက် ပြောလိုက်ခြင်းပင် ဖြစ်၏။

ဝေရွှန်းက ဦးခေါင်းကို ခါယမ်းပြလိုက်ရင်း .....

'သခင်ကြီး ... ဒီသေတ္တာထဲက မြွေမျိုးဟာ သိပ်ကို လျှင်လျှင်မြန်မြန် လှုပ်ရှားသွားနိုင်တဲ့ မြွေမျိုး ဖြစ်တယ် .... ပြီးတော့ အဲဒီမြွေမျိုးတွေက ထွက်တဲ့ အရိအရွဲတွေမှာလည်း ပြင်းထန်တဲ့ အဆိပ်တွေ ရှိနေနိုင်တယ်၊ အဲဒီ အရိအရွဲ တစ်စက်လောက် လူကို ထိတာနဲ့ ထိတဲ့လူကို ချက်ချင်းသေစေနိုင်တယ်၊ ဒါ့ကြောင့် သိပ်ကို သတိထားရလိမ့်မယ်'

သို့တစေ .... လွှေကျင်ထန်းက ဓားကို မြဲမြဲကိုင်လျက် တည်ငြိမ်ရင့်ကျက်စွာဖြင့် .....

'သေတယ် ... ရှင်တယ် ဆိုတာ ဘဝကုသိုလ်ကံအရ ဖြစ်ကြရတာပါ၊ လူတစ်ယောက်က တခြားလူတစ်ယောက်ကို လုပ်ကြံတိုင်း အဲဒီလူဟာ သေရမယ်လို့ တရားသေ ပြောလို့ မရနိုင်ပါဘူး၊ အစ ကျုပ်ဟာ အသက်ခြောက်ဆယ့်ငါးနှစ် ရှိနေပြီမို့ သေသွားလည်း အကြောင်း သိပ်မထူးပါဘူး၊ ဒီတော့ ..... မိတ်ဆွေ ဝေရွှန်း ... ခင်ဗျားလက်ထဲက ယွန်းသေတ္တာကို ပစ်ချလိုက်စမ်းပါ၊ ဒီသေတ္တာထဲမှာရှိတဲ့မြွေကို ကျုပ်သတ်လိုက်ပါ့မယ်'

သို့သော် .....



ဝေရွှန်းက ယွန်းသေတ္တာငယ်ကလေးကို အောက်သို့ ပစ်ချခြင်း မပြုပါ၊ သူသည် သတိကြီးစွာထား၍ ယွန်းသေတ္တာငယ်အား ကြမ်းပြင်ပေါ်သို့ မှောက်၍ ခါချလိုက်၏။

ထိုအခါ ....

'ဖောင်း ...'

'ဒုတ် ...'

'ဝုန်း ...'

'ဖုတ် ...'

ယွန်းသေတ္တာငယ်အတွင်းမှ တစ်စုံတစ်ခုသည် 'ဖောင်း'ခနဲ အသံမြည်လျက် ထိုးထွက်လာပြီး ကြမ်းခင်းကို 'ဒုတ်'ခနဲ မြည်ကာ ထိမှန်သွား၏။

ထိုအရာသည် ကြမ်းပြင်ကို ပြင်းထန်စွာ ထိခတ်ပြီးမှ တစ်ဖန် လွင့်စဉ်ထွက်သွား၏။

ပြီးနောက် ....

ယင်းအရာသည် .... ဆက်လက်၍ ဧည့်ခန်းမဆောင်၏ တိုင်တစ်တိုင်ကို 'ဝုန်း'ခနဲ မြည်လျက် ထပ်မံ ထိသွားပြန်သည်။

နောက်ဆုံး ယင်းသည် လွှေကျင်ထန်း၏ ခြေထောက်အနီးတွင် 'ဖုတ်'ခနဲ မြည်ကာ ကျသွားလေတော့သည်။

❖❖❖❖❖

ညှော်ခန်းဆောင်အတွင်းရှိ လူအားလုံးမှာ အံ့သြထိတ်လန့်သွားကုန်၏။

ထိုသို့ လွေကျင်ထန်း၏ ခြေထောက်အနီးတွင် ကျရောက်သွားပြီး ရုပ်တန့်သွားသော ထိုအရာကို အားလုံးက ဝိုင်း၍ ကြည့်လိုက်ကြ၏။

ဤတွင် အားလုံးမှာ ပို၍ပင် အံ့အားသင့်ကာ ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ..... လွေကျင်ထန်း၏ ခြေထောက်အနီးတွင် ကျနေသော အရာမှာ ... ဝေခွန်း ပြောသကဲ့သို့ပင် မြွေတစ်ကောင် ဖြစ်နေကြောင်း တွေ့လိုက်ရသောကြောင့်ပင်တည်း။

သို့ရာတွင် .... ထိုမြွေသည် သက်ရှိသတ္တဝါ မြွေတစ်ကောင်တော့ မဟုတ်ပါ။ ယင်းသည် သက်မဲ့မြွေရုပ် လက်နက်ပုန်းတစ်ခုမျှသာ ဖြစ်ကြောင်း တွေ့လိုက်ရပါသည်။



သို့သော် ....

ထို သက်မဲ့မြွေရုပ်သည် .... လူ၏အသက်ဇီဝိန်ကို ချုပ်ငြိမ်းအောင် ဖန်တီးထားသော အရာတစ်ခု ဖြစ်သည်။

အမှန်မှာ .....

ယင်းသည် မြွေရုပ်ပုံ လက်နက်ပုန်းတစ်ခုပင် ဖြစ်သည်။

ထိုမြွေရုပ်သဏ္ဌာန် လက်နက်ပုန်း၏ ထိပ်ရှိ ဦးခေါင်းချွန်ချွန်ပြားပြားလေးသည် လက်နက်ပုန်းကဲ့သို့ ထိုးဖောက်စူးနစ်ဝင်စေရန် ဖန်တီးထားခြင်း ဖြစ်၏။

မြွေရုပ်လက်နက်ပုန်းကလေးမှာ တစ်ထွာခန့် ရှည်လျားပြီး၊ ကိုယ်ခန္ဓာမှာ မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ်နေသော သဏ္ဌာန်ရှိသည်။ အကယ်၍သာ ....

လွေကျင်ထန်းသည် ထိုယွန်းသေတ္တာကလေးအား အဖုံးဖွင့်လိုက်မည်ဆိုပါက ... သေတ္တာအတွင်းတွင် တပ်ဆင်ထားသော မောင်းထိန်းခလုတ် ပြုတ်သွားမည် ဖြစ်သည်။

ထိုအခါ .....

ငွေရောင်ဝင်းလက်သော မြွေရုပ်လက်နက်ပုန်းက အရှိန်ပြင်းစွာဖြင့် သူ၏ ရင်ဝကို ထိုးဖောက် ဝင်သွားနိုင်လေသည်။

မမျှော်လင့်သော နေရာမှ မမျှော်လင့်သော လက်နက်ပုန်းက ရုတ်တရက် အရှိန်ပြင်းစွာ ထွက်လာမည်ဆိုပါက ... လွေကျင်ထန်းအနေဖြင့် လွတ်အောင် ရှောင်တိမ်းနိုင်ပါမည်လော။

လုံးဝ မရှောင်တိမ်းနိုင်ပါ။

အကယ်၍ ....

ဝေရွှန်းကသာ လှေကျင်ထန်းအား အချိန်မီ မတားဆီးနိုင်ခဲ့သော် 'လှေ' ဂေဟာအရှင်သခင်ကြီးအဖို့ ရှောင်တိမ်းရန် လွယ်ကူမည် မဟုတ်ပါ။ သေဘေးကြုံရန် ရှိနေပါသည်။

သို့ဆိုလျှင် ....

လှေကျင်ထန်း၏ အသက်အန္တရာယ်သည် မတွေးဝံ့စရာပင် ဖြစ်နေပါသည်။

ထိုသို့ .... အားလုံး အံ့သြတကြီး ဖြစ်နေကြစဉ် ဧည့်ခန်းမအတွင်းရှိ လူတစ်ယောက်က ထ၍ အော်ပြောလိုက်၏။

'သခင်ကြီး သိပ်ကံကောင်းသွားတယ် .... နို့မဟုတ်ရင် သခင်ကြီးရဲ့ ရင်ဝကို မြွေရုပ်လက်နက်ပုန်းက ဖောက်ဝင်သွားနိုင်တယ်'

ဧည့်သည်များ ရုတ်ရုတ်သဲသဲနှင့် ဝေဖန်ပြောဆိုနေကြသည်။

ထိုစဉ် ....

'အား ...'

ဝေရွှန်း၏ အော်သံကို ရုတ်တရက် ကြားလိုက်ရသည်။

ဧည့်ခန်းမဆောင်အတွင်းရှိ လူအားလုံး ဝေရွှန်းအား လှမ်း၍ ကြည့်မိလိုက်ကြသည်။

သို့နှင့် ဝေရွှန်းက သူတို့အားလုံးကို ထိတ်လန့်တကြားဖြင့် လှမ်း၍ အော်ပြောလိုက်သည်။



'သခင်ကြီးနဲ့ ဧည့်သည်တွေအားလုံး ... နောက်ကို အမြန်ဆုတ်ကြပါ။ ဝေးဝေးမှာ သွားနေကြပါ'

ထိုသို့ ဝေရွှန်း၏ အော်ဟစ်သတိပေးလိုက်သံကြောင့် လူအားလုံးမှာ ကြောက်လန့်တကြား နောက်သို့ ဆုတ်သွားကြသည်။

သခင်ကြီး လှေကျင်ထန်းမှာလည်း ထိတ်လန့်တကြားဖြင့် နောက်သို့ လေးငါးလှမ်းခန့် ဆုတ်သွားလိုက်မိသည်။

ထိုအချိန်တွင် ....

ဝေရွှန်းသည် လက်ထဲမှ ယွန်းသေတ္တာငယ်ကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်ပြီး ဖြစ်နေသည်။

သို့သော် ....

သူသည် ... သူ၏ညာလက်ဖြင့် တစ်စုံတစ်ခုကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် ရှိသည်။

ထို့နောက် ....

သူသည် ဘယ်လက်ကို သူ၏ရင်ဖုံးအင်္ကျီအတွင်းသို့ အလောတကြီး နှိုက်နေသည်။

ဝေရွှန်း၏ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက် ရှိနေသည်ကို တွေ့မြင်ရ၏။

သူ၏ ဘယ်ဘက်လက်ကို .... ပြန်ထုတ်လိုက်သောအခါ ထိုလက်ထဲတွင် ကြွေပုလင်းငယ်တစ်လုံး ပါလာသည်။

ထို့နောက် .....

အဖုံးကို သွားဖြင့် လျင်မြန်စွာ ကိုက်ဖွင့်လိုက်သည်။

တစ်ဆက်တည်း .... မှလင်းအတွင်းမှ ဆေးလုံးငယ်ကလေး အချို့ကို လျှာပေါ်သွန်ချလိုက်ပြီး ... သောက်မျိုချလိုက်လေ၏။

သို့နှင့် ဝေရွှန်း၏ မျက်နှာသည် ချက်ချင်းပင် နီမြန်းလာပြီး ချွေးသီးချွေးပေါက်များ စီးကျလာနေ၏။

သူ၏ရင်အုံသည် ဖားဖိုကဲ့သို့ နိမ့်ချည်မြင့်ချည်ဖြင့် လျင်မြန်စွာ လှုပ်ရှားနေသည်။

ထိုအခါ ....

လှေကျင်ထန်းမှာ ဝေရွှန်း၏ အဖြစ်ကို ငေးကြည့်နေရင်းမှ ထိတ်လန့်တကြားဖြင့် လှမ်းမေးလိုက်သည်။

'မိတ်ဆွေ ဝေရွှန်း ..... ခင်ဗျား ဘယ်လိုဖြစ်သွားတာလဲ'

သို့တစေ .... ဝေရွှန်းက အံကို တင်းတင်းကြိတ်ထား၏။ ထိုသို့ အံကြိတ်ထားသည့်ကြားမှ .... တုန်ရီစွာ ပြောကြားလိုက်၏။

'သခင်ကြီး .... ကျွန်တော့်အနားကို ... မလာပါနဲ့၊ မိတ်ဆွေ ညီသည်တွေကိုလည်း ကျွန်တော့်အနားကို မလာပါစေနဲ့၊ ဝေးဝေးမှာ နေခိုင်းပါ'

ပြောပြောဆိုဆို ဝေရွှန်းက သူ၏ ညာလက်ကို မြှောက်ကာ ပြလိုက်၏။

ဤတွင်မှ သူ၏ညာလက်ဖြင့် တင်းတင်းဆုပ်ကိုင်ထားသော အရာကို အားလုံးက ကောင်းစွာ မြင်တွေ့လိုက်ရလေတော့သည်။



'ဟာ .....'

'ဟင် ....'

အားလုံးမှာ အံ့သြလွန်းသွားကြသဖြင့် 'ဟာ'ခနဲ 'ဟင်'ခနဲဖြင့် အာမေဋိတ်သံ ပြုမိကြလေတော့သည်။

ထိုသို့ ဝေရွှန်း၏ ညာလက်ဖြင့် ဆုပ်ကိုင်ထားသော အရာသည်ကား လက်သန်းလုံးခန့်ရှိသော သက်ရှိမြွေတစ်ကောင် ဖြစ်နေလေသည်။

အရှည်မှာ တစ်ထွာသာသာမျှ ရှိပြီး ... သွေးရောင်ကဲ့သို့ နီရဲနေသော မြွေနီအမျိုးအစား ဖြစ်သည်။

ဝေရွှန်းက ထိုမြွေကို ကျစ်ကျစ်ပါအောင် ဆုပ်ညှစ်ထားလိုက်လေသည်။

မြွေ၏ဦးခေါင်းပိုင်းက ဝေရွှန်း၏ လက်ညှိုးနှင့် လက်မကြားတွင် ဖိညှပ်ထားခြင်း ခံနေရပြီး အမြီးဖျားသည် လက်သီးဆုပ်အတွင်းမှ ထွက်နေကာ တွန့်လိမ်လျက် ရှိသည်။

ရုတ်တရက် ....

ခန်းမဆောင်ကြီးတစ်ခုလုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

လူအားလုံးတို့သည် မိမိတို့၏ အသက်ကိုပင် ရှူရှိုက်ရန် မေ့နေသည့်အလား .... ဝေရွှန်းအား စိုးရိမ်တကြီးဖြင့် လှမ်းကြည့်နေကြသည်။

ဝေရွှန်းမှာကား ....

ထူးခြားဆန်းကြယ်ပြီး ... အန္တရာယ် ကြီးမားလှသည့် မြွေနီ တစ်ကောင်နှင့် အသည်းအသန် တိုက်ပွဲဝင်နေရသည်။

သူသည် တစ်ကိုယ်လုံးရှိ အတွင်းအားကိုသုံးကာ လက်ညှိုးနှင့် လက်မဖြင့် မြွေငယ်ကို လည်ပင်းပြတ်လုနီးပါး ဖိညှပ်ထားသည်။

မြွေနီသည် သူ၏လက်တွင်း၌ တွန့်လိမ်ကောက်ကွေးလျက် ရှိနေသည်။

သူတို့ ကြည့်နေစဉ်မှာပင် ....

ဝေရွှန်း၏ ညာလက်သီးဆုပ်သည် တဖြည်းဖြည်း ညိုမည်းလာသည်ကို တွေ့မြင်နေကြရသည်။

ထို့အပြင် .....

သူ၏ခြေအစုံမှာ ယိုင်လဲကျတော့မည့်အလား ... တဆတ်ဆတ် တုန်ယင်လျက် ရှိနေသည်။

ဤတွင် ... လှေကျောင်ထန်းမှာ မနေနိုင်တော့ပေ။

သူက စိုးရိမ်တကြီးဖြင့် ရှေ့သို့ နှစ်လှမ်းခန့် တိုးသွားလိုက်ပြီးနောက် ....

'မိတ်ဆွေကြီး ဝေရွှန်း .... ကျုပ် လာကူမယ်'

ထိုအခါ .... လှေကျောင်ထန်း အနီးတွင် ရှိနေသော ညှို့သည်တစ်ယောက်က လှေကျောင်ထန်း၏ လက်မောင်းကို ဖမ်းဆွဲကာ ဟန့်တားလိုက်လေသည်။



'သခင်ကြီး .... ဝေရွှန်းက မြွေကို ဖမ်းမိနေပြီပဲ၊ သခင်ကြီး သွားကူလည်း အကြောင်းမထူးတော့ပါဘူး၊ သူ့မှာ မြွေဆိပ်တက်နေပြီ၊ သူ့အခြေအနေကိုသာ စောင့်ကြည့်ပါ'

ထိုစဉ် ....

'ဘိုင်း'

ကြမ်းပြင်ပေါ်သို့ ဝေရွှန်း ရုတ်တရက်လဲကျသွားသောကြောင့် ထွက်ပေါ်လာသော အသံ ဖြစ်သည်။

ဝေရွှန်းနှင့်အတူ သူ့လက်ထဲမှ မြွေသည်လည်း ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွား၏။

မြွေနီလေးမှာ ကြမ်းပြင်ပေါ်သို့ ကျသည့်အချိန်၌ပင် လှုပ်ရှားလူးလွန့်ခြင်း မရှိတော့ဘဲ ငြိမ်သက်ကာ သေဆုံးသွားပြီ ဖြစ်သည်။

ထို့နောက် ....

လှေကျောင်ထန်းက ဝေရွှန်းလဲကျနေသည့် အနီးသို့ အမြန် လျှောက်သွားကာ ဝေရွှန်းအား ငုံ့ကြည့်လိုက်၏။

ပြီးနောက် ....

စိုးရိမ်တကြီးဖြင့် ပြောလိုက်၏။

'မိတ်ဆွေ ဝေရွှန်း .... ခင်ဗျား ဘယ်လို ဖြစ်သွားတာလဲ၊ ကျုပ် .... ကျုပ် ဘာလုပ်ပေးရမလဲ'

သို့ဖြစ်၍ .....

ဝေရွှန်းက လှေကျောင်ထန်းအား မော့ကြည့်လိုက်ပြီး ....

'သခင်ကြီး ... အဲဒီ မြွေနီမျိုးဟာ ကမ္ဘာပေါ်မှာ အလွန်ရှားပါးတဲ့ သွေးနီကြောမြွေလို့ ခေါ်တယ်၊ ဒီမြွေသာ ကိုက်မိရင် အကိုက်ခံရတဲ့လူဟာ ချက်ချင်း အဆိပ်တက်ပြီး သေနိုင်ပါတယ်'

ဝေရွှန်းမှာ ပြောနေရင်းမှ တဖြည်းဖြည်း အသံတိမ်ဝင်သွားလေတော့၏။

သို့ဖြစ်၍ ....

လွှကျင်ထန်းက ဝေရွှန်း၏ ဘေးတွင် ဒူးထောက်ထိုင်ချလိုက်လေသည်။

ထိုအချိန်တွင် ဧည့်သည်များမှာလည်း ဝိုင်းအုံ၍ လာကြလေသည်။

အတန်ကြာမှ ....

ဝေရွှန်းက မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ပြီး အားနည်းသော လေသံဖြင့် ....

'ဒီသွေးနီကြောလို့ ခေါ်တဲ့ မြွေနီမျိုးဟာ သူ့တစ်ကိုယ်လုံးကို တောင့်တင်းထားလိုက်ရင် သံချောင်းလို မာကျောတယ်၊ ပြေလျှော့ထားတဲ့အခါမှာတော့ ဝါဂွမ်းလို နူးညံ့ပျော့ပျောင်းနေတယ်'

သူသည် ပြောရင်းမှ မျက်နှာကို ရှုံ့မဲ့လိုက်၏။

မျက်နှာတွင်လည်း ချွေးသီးချွေးပေါက်များက စီးကျလာလေသည်။

သူသည် အတန်ကြာမှ ဆက်၍ ....



သူ့ကိုသတ်ဖို့ မလွယ်အောင် သူ့ကိုယ်ကို အလျှော့အတင်း လုပ်တဲ့သဘောပဲ ဖြစ်တယ်၊ အခု .... ကျွန်တော်ဟာ အဲဒီ မြွေနီရဲ့ အကိုက်မခံလိုက်ရဘူး၊ ဒါပေမယ့် သူ့ကိုယ်ကထွက်လာတဲ့ အရိအရွဲတွေကတော့ ကျွန်တော့်လက်မှာ ရှိတဲ့ ချွေးပေါက်တွေကတစ်ဆင့် သွေးကြောထဲကို ရောက်နေပြီ၊ ဒါ့ကြောင့် ... ကျွန်တော် နောက်ထပ် တစ်ရက်လောက်ပဲ လူ့လောကထဲမှာ နေရတော့မယ်'

ထိုစကားကို ကြားရသောအခါ လွှကျင်ထန်းက ဝေရွှန်းအား စိုးရိမ်တကြီး မေးလိုက်သည်။

'ဒီအဆိပ်ကို ဖြေလို့ မရနိုင်ဘူးလား ... ဖြေနိုင်တဲ့ ဆေးမျိုးကော မရှိတော့ဘူးလား'

ဤတွင် ဝေရွှန်းက မချိပြုံးပြုံးလိုက်ပြီး ....

'ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ... ကျွန်တော့်အတွက်တော့ ဆေးမမီနိုင်တော့ဘူးလို့ ထင်တာပဲ'

ထို့ကြောင့် .....

လွှကျင်ထန်းက အံ့အားသင့်စွာဖြင့် ....

'မိတ်ဆွေ ဝေရွှန်း ..... ဘယ်လိုကြောင့် ဆေးမမီရမှာလဲ၊ အဲဒီဆေးက အခုဘယ်မှာ ရှိနေလို့လဲ၊ ကျုပ်ကိုသာ ပြောပြပါ၊ ကျုပ်အနေနဲ့ အတတ်နိုင်ဆုံး ရအောင် ယူပေးပါ့မယ်၊ ခင်ဗျားဟာ ကျုပ်အတွက် အသက်ကို မနှမြောဘဲ ကူညီတဲ့လူပဲဗျာ ...'

ထို့ကြောင့် .....

ဝေရွှန်းက အံကို တင်းတင်းကြိတ်ထားရင်းမှ လေသံ တိုးတိုးဖြင့် .....

'သွေးနီကြော အဆိပ်ကို ဖြေနိုင်တဲ့ ဆေးနှစ်မျိုး ရှိတယ်၊ တစ်မျိုးက 'ထန်းစန်း'တောင်ပေါ်မှာပေါက်တဲ့ နှင်းကြာပွင့်ရဲ့ အမြစ်ကို ကြိတ်ပြီးအုံရင် ပျောက်ကင်းနိုင်တယ်၊ ထန်းစန်းတောင်ပေါ်က နှင်းပြင်ရေအိုင်ငယ်တွေမှာ ရှားရှားပါးပါး ပေါက်နေတဲ့ နှင်းကြာပွင့်ရဲ့ ဓာတ်သဘောဟာ အေးစိမ့်တဲ့ သဘောရှိတယ်၊ ဒါ့ကြောင့် ..... ပူပြင်းတဲ့ အဆိပ်ကို ပြေစေနိုင်တာပေါ့'

ဝေရွှန်းသည် ခေတ္တမှိန်းသွား၏။ လွေကျင်ထန်းက စိုးရိမ်တကြီး လှုပ်နှိုးသည်။

'ဝေရွှန်း .... မိတ်ဆွေကြီး ဝေရွှန်း ... သတိထားပါဦး၊ ကျုပ်တို့ .... မိတ်ဆွေကြီးရဲ့ ဘေးနားမှာ ရှိနေပါတယ်၊ အားတင်းထားစမ်းပါ ....'

ဝေရွှန်း၏ မျက်လုံးများ ပြန်ပွင့်လာသည်။ သူသည် လွေကျင်ထန်းကို ကြည့်လိုက်၏။ တိုးညင်း၍ အားမရှိသော လေသံဖြင့် ဆက်လက်ပြောပြန်သည်။

'သွေးနီကြောမြွေဆိပ်ဟာ ... လူခန္ဓာကိုယ်ထဲ ဝင်သွားရင် ရှိန်းတဲ့အပူဓာတ် ပျံ့နှံ့ပြီး သွေးကြောတွေကို ပျက်စီးသွားစေတယ်၊ သွေးကြောတွေ ပျက်စီးသွားရင်တော့ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူပြီး အသက်ထွက်ကြရတာပဲ'



ထိုကဲ့သို့ ... ဝေရွှန်း၏ ပြောစကားကို ... ကြားရသောအခါ လွေကျင်ထန်းမှာ လွန်စွာ စိတ်ပျက်ပူပန်သွားမိသည်။

ဝေရွှန်းပြောသော နှင်းကြာပွင့်အား မည်သို့ သွားရောက်ယူဆောင်နိုင်ပါမည်နည်း။

နှင်းကြာပွင့်ကို ... ယူဆောင်နိုင်သည်ပဲ ထားဦး၊ ဝေရွှန်း၏ အသက်ကိုကား လုံးဝ မမီနိုင်တော့ချေ။

ပြောစကားဖြင့်သာ ကြားသိရသည်၊ ထန်းစန်းတောင်ပေါ်ရှိ နှင်းပြင်ရေအိုင်တွင် ပေါက်သည်ဆိုသော ထိုနှင်းကြာပွင့်မှာ တွေ့မြင်ဆွတ်ခူးဖူးသူ ဟူ၍ မရှိသလောက်ပင် ရှားပါးလှ၏။

သိုင်းလောကတွင် အဆိပ်ဖြေဆေးအဖြစ် သုံးရန် မည်သူတစ်ဦးတစ်ယောက်ထံတွင် ထိုနှင်းကြာပွင့်အား သိမ်းဆည်းထားသည်ဟူ၍ မကြားမိဖူးပေ။

သို့ဆိုလျှင် .....

ဤမျှဝေးလံသော ဒေသတွင် ပေါက်ရောက်ပြီး ဤမျှရှားပါးသည့် နှင်းကြာပွင့်အား လတ်တလော ရနိုင်ရေးအတွက် လူသားတစ်ယောက်အနေဖြင့် တစ်ရက်တည်းနှင့် ကြိုးပမ်း၍ရယူရန် မဖြစ်နိုင်တော့ပေ။

လွေကျင်ထန်းမှာ စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်မိတော့သည်။

ထို့နောက် ....

ဝေရွန်းက ဆက်လက်၍ ပြောလိုက်ပြန်သည်။

'သခင်ကြီး .... ကျွန်တော့်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ သိုင်းသမားတွေဟာ တိုက်ပွဲမှာ သေကြတာ မထူးဆန်းသလို၊ မြွေ အလမ္ပာယ်ဆရာဟာလည်း မြွေနဲ့ သေရတာ မထူးဆန်းပါဘူး၊ ကျွန်တော်အသက်ဆက်ပြီး ရှင်နိုင်ဖို့အတွက် နှင်းကြာပွင့်ဟာလည်း ရနိုင်ဖို့ မလွယ်ပါဘူး'

ဤတွင် ... လွှေကျင်ထန်းက အလောတကြီးဖြင့် မေးလိုက်ပြန်၏။

'နေပါဦး မိတ်ဆွေ ဝေရွန်း၊ ခင်ဗျားပြောတော့ ဖြေဆေးက နှစ်မျိုးရှိတယ်ဆို ..... အခု တစ်မျိုးပဲ ရှိသေးတယ်၊ နောက်တစ်မျိုး ကျန်သေးတယ်၊ အဲဒီ တစ်မျိုးကရော အလွယ်တကူ မရနိုင်ဘူးလား'

ဝေရွန်းက .....

'နောက် ဆေးတစ်မျိုးက အသင့်ဖော်စပ်ပြီးသား ဆေးပါ၊ ဒါပေမယ့် ... အဲဒီ ဆေးပိုင်ရှင်က အလွယ်တကူ ထုတ်ပေးမှာ မဟုတ်ဘူး၊ ဒါ့ကြောင့် ဒီဆေးတစ်မျိုးကိုတော့ လုံးဝ ထည့်စဉ်းစားလို့ မရနိုင်ဘူး'

ထိုအခါ ....

လွှေကျင်ထန်း၏ မျက်နှာတွင် မျှော်လင့်ချက် တစ်စုံတစ်ရာကြောင့် ... ဝင်းလက်သွားပေသည်။ သူ လုပ်ကောင်း လုပ်နိုင်မည် မဟုတ်ပါလော။



'အို ... ဒီဆေးပိုင်ရှင်က ဘယ်လိုပုဂ္ဂိုလ်မျိုးမို့လဲ ... ပြောပြစမ်းပါ၊ အဲဒီ ဆေးပိုင်ရှင်က ... ဘယ်သူလဲ၊ ဘယ်မှာ ရှိသလဲ၊ ကျုပ်ကိုယ်တိုင် ဒူးထောက်တောင်းပန်ပြီး ယူလာခဲ့ပေးပါ့မယ်'

ယင်းသို့ လွှေကျင်ထန်းက စိတ်အားထက်သန်စွာ ပြောလိုက်သော်လည်း ဝေရွန်းက သူ၏ ဦးခေါင်းကို ခါယမ်းလိုက်လေသည်။

ပြီးလျှင် အင်အားနည်းသော လေသံဖြင့် .....

'ဒီသွေးနီကြော မြွေမျိုးရဲ့ အဆိပ်ဖြေဆေးကို ဖော်စပ်နိုင်တဲ့သူဟာ .... ဒီသွေးနီကြော မြွေကို မွေးမြူထားတဲ့လူပဲ ဖြစ်တယ်၊ တကယ်တော့ .... သူဟာ သခင်ကြီးကို လုပ်ကြံခဲ့တဲ့သူပဲ မဟုတ်လား၊ ဒါ့ကြောင့် ... သခင်ကြီးက သူ့ကို ဘယ်လိုလုပ် တောင်းပန်ပြီး ဖြေဆေးကို ရအောင် တောင်းနိုင်မှာလဲ'

သို့ဖြစ်၍ လွှေကျင်ထန်းက အတန်ငယ် စဉ်းစားလိုက်၏။

ထို့နောက် ... ဖြည်းလေးစွာဖြင့် .....

'အင်း .... ဒီအတွက် မပူပါနဲ့၊ ကျုပ် သိတယ်၊ ကျုပ် သူ့ကို ကောင်းကောင်းသိတယ်၊ သူဟာ မနက်ဖြန်မနက် ကျုပ်ဆီကို မလွဲမသွေ ရောက်လိမ့်မယ်လို့ ကျုပ်မျှော်လင့်ထားတယ်၊ သူဟာ ဒီလိုပဲ ပထမနေ့မှာ သူ့အကြောင်းကို တစ်နည်းနည်းနဲ့ သိအောင် ပြမယ်၊ ပြီးရင် ... နောက်တစ်နေ့မှာ သူ ရောက်လာတတ်တယ်'

ဤတွင် ဧည့်သည် မိတ်ဆွေတစ်ယောက်က သံချင်စိတ်ကို မအောင့်နိုင်ဘဲ ဝင်မေးလိုက်၏။

'သခင်ကြီးခင်ဗျား၊ အဲဒီလူဟာ ဘယ်သူပါလဲ၊ သူက ဘာ့ကြောင့် သခင်ကြီးကို ခုလို ရှားပါးတဲ့ မြွေမျိုးနဲ့ လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားရတာလဲ'

ထိုအခါ .....

လှေကျင်ထန်းက သက်ပြင်းကို အသာချလိုက်ပြီး ဟန်မူရာကင်းမဲ့စွာဖြင့် ပြောပြလိုက်သည်။

'ဟင်း ..... အနှစ်လေးဆယ်ကျော်ခဲ့ပါပြီ၊ ကျုပ်တောင် အခု သူ့ကို မေ့သလောက် ဖြစ်နေခဲ့ပြီ၊ ကျုပ်အနေနဲ့ လုံးဝ မမျှော်လင့်ခဲ့ဘူး၊ အင်း .... အနှစ်လေးဆယ်ကျော် လာခဲ့ပြီးတာတောင်မှ သူက အခဲမကျေသေးပဲကိုး'

ထိုသို့ လှေကျင်ထန်းက ပြောဆို ရေရွတ်လိုက်ပြီး အတန်ကြာမျှ တွေဝေငေးမောကာ စဉ်းစားနေလိုက်၏။

သူသည် အတန်ကြာအောင် ငေးမော တွေးတောနေလိုက်ပြီးနောက် လှေကျင်ထန်းသည် သူ့ဂေဟာမှ လူယုံတပည့်များအားလုံးကို ဆင့်ခေါ်လိုက်သည်။

ထို့နောက် .....

သူ့ဂေဟာသို့ ရောက်ရှိနေကြသည့် မိတ်ဆွေ ညီ့သည်များအား ညှိခန်းမဆောင်ကြီးထဲသို့ စုရုံးကြွရောက်ကြရန် မှာကြားလိုက်လေတော့သည်။

❖❖❖❖❖



အခန်း (၃၆)

## ရန်ငြိုးညှိသည်

လှေကျင်ထန်း၏ ညီ့သည်မိတ်ဆွေများအားလုံး ညှိခန်းမဆောင်ကြီးအတွင်းသို့ ရောက်ရှိလာကြ၏။

ရန်သူတစ်ယောက်က လက်ဆောင်ပစ္စည်း ပို့လွှတ်ပြီး လုပ်ကြံကြောင်းကိုလည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ညီ့သည်များအားလုံး သိရှိသွားကြသည်။

ထို့ကြောင့်ပင်လျှင် ... သူတို့သည် ညှိခန်းမဆောင်ကြီးထဲသို့ လျှင်မြန်စွာ စုရုံးရောက်ရှိလာကြသည်။

တစ်ယောက်တစ်ပေါက်ဖြင့် မေးမြန်းပြောဆိုသံများကလည်း ညှိခန်းမဆောင်ကြီးတစ်ခုလုံး ဆူညံနေ၏။ လက်ပံပင်ဇရက်နားသည့် အလားပါပေ။

ထို့နောက် ...

အဆိပ်သင့်နေသော ဝေရွန်းအားလည်း ကွပ်ပျစ်တစ်ခုပေါ်တွင် အမြန်မ၍ တင်ထားလိုက်ကြသည်။

ဧည့်သည်များက ဝေရွန်းအား ဝိုင်းအုံကြည့်ရှု အားပေးကြသည်။

တစ်ချို့ကလည်း သူတို့တွင် ပါလာသော အဆိပ်ဖြေဆေးများကို တိုက်ကျွေးပါရစေဟု တောင်းဆိုနေကြသည်။

သို့သော် ....

ဝေရွန်းကမူ တွင်တွင်သာ ခေါင်းကိုခါယမ်း၍ ငြင်းပယ်နေသည်။

မကြာမီ ... သူသည် ပြန်လည်မိန်းမောသွားပြန်၏။

ထိုစဉ် ....

'လေ့' ဂေဟာ၏ အရှင်သခင်ကြီး လေ့ကျင်ထန်း၏ အသံကရုတ်တရက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

'မိတ်ဆွေတို့ကို အရေးကြီးတဲ့ စကားတချို့ ပြောပြချင်တဲ့အတွက် အခုလို စုရုံးဖို့ ဖိတ်ခေါ်ရတာပါပဲ၊ မိတ်ဆွေတို့ဟာ မနက်ဖြန်မှာ ကျင်းပမယ့် ကျွန်တော့်ရဲ့ ခြောက်ဆယ့်ငါးနှစ်မြောက် မွေးနေ့မှာ .... ကျွန်တော်နဲ့အတူ ပျော်ရွှင်ကြဖို့ လက်ဆောင်ပစ္စည်းတွေနဲ့အတူ ရောက်လာကြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ....



လေ့ကျင်ထန်းက စကားကို ခေတ္တရပ်လိုက်ပြီး စိတ်မကောင်းသော အမူအရာဖြင့် ဧည့်သည်များအားလုံးသို့ တစ်ချက်ဝေ့ကြည့်လိုက်၏။ ပြီးမှ .....

'ကျွန်တော့်ကို ရန်ပြုမယ့် ရန်သူတစ်ယောက်ဟာ မနက်ဖြန်မနက်မှာ မလွဲမသွေ ရောက်လာတော့မှာ သေချာတယ်၊ ဒါကြောင့် မနက်ဖြန်မှာ ကျွန်တော်ဟာ ရန်သူနဲ့ ရင်ဆိုင်ရမယ့် အခြေအနေမျိုးဆိုက်ရောက်နေပါတယ်'

သူသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောဆိုလိုက်၏။

'ဒါကြောင့် ကျွန်တော့်ရဲ့ မွေးနေ့ပွဲကို ကျင်းပဖို့ မဖြစ်နိုင်တော့ပါဘူး၊ ဒီတော့ ဝမ်းနည်းစွာနဲ့ပဲ ကျွန်တော့်ရဲ့ မွေးနေ့ပွဲကို ဖျက်သိမ်းလိုက်ပါပြီ၊ ဒီလို မမျှော်လင့်ဘဲ ဖျက်သိမ်းလိုက်တဲ့အတွက် မိတ်ဆွေတွေအနေနဲ့ ကျွန်တော့်အပေါ်မှာ စိတ်မဆိုးကြဖို့ တောင်းပန်ပါတယ်၊ မိတ်ဆွေကြီးတို့ ကျွန်တော့်ဂေဟာမှာ ညနေစာ စားသောက်ပြီးရင် ထွက်ခွာကြပါလို့ အနူးအညွတ် မေတ္တာရပ်ခံလိုက်ပါတယ်'

လေ့ကျင်ထန်း၏ စကားဆုံးသွားသည်နှင့် ဧည့်ခန်းမဆောင်ကြီး တစ်ခုလုံး ဝေဖန်သံများဖြင့် ဆူညံသွားတော့သည်။

ထိုစဉ် .....

ဧည့်သည်တစ်ယောက်သည် ... စားပွဲပေါ်သို့ ရုတ်တရက်ခုန်တက်လိုက်ပြီး ဧည့်သည်များ အားလုံးကို လက်ကာပြလိုက်ကာ ဆူဆူညံညံ ဖြစ်နေသော ဧည့်ပရိသတ်အား ငြိမ်စေလိုက်၏။

ဆူညံလျက်ရှိသော ငှည်သည်များမှာ ရုတ်တရက် မီးကို ရေနှင့် ငြိမ်းလိုက်သကဲ့သို့ ငြိမ်သက်သွားသည်။ ထိုအခါ ...

ထိုလူက ကျယ်လောင်သော အသံဖြင့် ....

'သခင်ကြီး လွေ .... ခင်ဗျား၊ ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ၊ ကျွန်တော်တို့အားလုံးဟာ သခင်ကြီးလွေရဲ့ ရင်းနှီးကြတဲ့ မိတ်ဆွေတွေ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သခင်ကြီး ကြုံတွေ့နေရတဲ့ ဘေးအန္တရာယ်ကို လျစ်လျူပြုပြီး ပြန်ကြရမယ်ဆိုရင် ကျွန်တော်တို့ဟာ မိတ်ဆွေ မပီသရာ ကျနေပါလိမ့်မယ်၊ ဒါ့ကြောင့် ... သခင်ကြီးရဲ့ မွေးနေ့ညစာပွဲကို ဖျက်သိမ်းချင် ဖျက်သိမ်းပါ၊ ဒါပေမယ့် သခင်ကြီး ကြုံတွေ့နေရတဲ့ ဘေးအန္တရာယ်ကိုတော့ ကူညီဖြေရှင်း ပေးပါရစေ၊ ဖြေရှင်းပေးခွင့်လည်း ပြုစေလိုပါတယ်'

ထိုလူ၏ စကား ဆုံးသွားသောအခါ စောစောက ငြိမ်သက်သွားသော ဧည့်ပရိသတ်ကြီးမှာ ပြန်လည်ဆူညံလာပြန်သည်။

သူတို့သည်လည်း ထိုဧည့်သည်ပြောစကားကို တစ်ယောက်တစ်ပေါက် ထောက်ခံပြောဆိုနေကြ၏။

ဤတွင် လွေကျင်ထန်းသည် ဧည့်သည်များအားလုံးကို လက်ဖမိုးယှက် အရိုအသေပေးလိုက်ပြီး ပြောကြားပြန်သည်။

'မိတ်ဆွေတို့ခင်ဗျား၊ မိတ်ဆွေတို့ရဲ့ မိတ်ဆွေစစ် မိတ်ဆွေမှန်ပီသတဲ့ စကားကို ခုလိုကြားရတာ အထူးပဲ ကျေးဇူးတင် ဝမ်းသာမိပါတယ်'



ထိုသို့ လွေကျင်ထန်း၏ ပြောလိုက်သော စကားကြောင့် ဧည့်သည်များ အားလုံးမှာ ပြန်လည်ငြိမ်ကျသွားပြန်သည်။

ဤတွင်မှ ...

လွေကျင်ထန်းက သူ၏ ကြည်လင်ပြတ်သားသော အသံဖြင့် ဆက်၍ ပြောလိုက်၏။

'ဒါပေမယ့် .... မနက်ဖြန်မှာ ကျွန်တော်နဲ့ ရင်ဆိုင်တွေ့ကြုံမယ့်သူဟာ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်က ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ရင်ဆိုင်မယ့်သူ ဖြစ်နေပါတယ်၊ ဖြေရှင်းရမယ့် ကိစ္စတွေကလည်း ကျွန်တော်တို့ ကာယကံရှင်နှစ်ယောက်နဲ့သာ ပတ်သက်နေတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စ ဖြစ်ပါတယ်၊ တကယ်လို့ မိတ်ဆွေတွေအနေနဲ့ ကျွန်တော့်ဘက်က ကူညီ တိုက်ခိုက်ခဲ့မယ်ဆိုရင် မလိုလားအပ်တဲ့ ရန်မီးပွားမှုတွေဟာ ခင်ဗျားတို့ကိုပါ ကူးစက်ပြီး လောင်ကျွမ်းနိုင်ပါတယ်၊ ကျွန်တော့်အနေနဲ့ကလည်း မိတ်ဆွေတို့ကို ဒီလိုမဖြစ်စေချင်ဘူး'

ထိုအခါ ....

ဧည့်သည်တစ်ယောက်က ဂရုမစိုက်ဟန်ဖြင့် ....

'သခင်ကြီး လွေ ...ဒီအတွက် ကျွန်တော်တို့အနေနဲ့ ဂရုမစိုက်ပါဘူး၊ ဒါ့ကြောင့် ကျွန်တော်တို့အတွက် မစိုးရိမ်ပါနဲ့'

သို့သော် .....

လွေကျင်ထန်းက ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်ပြီး ...

'ရန်သူဟာ ကျွန်တော့်ကို ... ရန်ကြေးပြန်ဆပ်နိုင်ဖို့ အနှစ်လေးဆယ်ကျော်လောက် ပညာတစ်ရပ်ကို ကြိုးစားလေ့ကျင့်ခဲ့မှာ သေချာတယ်၊ စောစောက သူ့ရဲ့ လုပ်ကြံမှုတွေကို ကြည့်ရင် သူဟာ အဆိပ်ကောင်တွေနဲ့ ပတ်သက်ပြီး အတော်ကျွမ်းကျင်နေပြီ ဆိုတာ သိသာပါတယ်၊ အဆိပ်ကို အတော်နိုင်နင်းပုံ ရနေပါတယ်'

သူသည် စကားကို ခေတ္တမျှ ရပ်တန့်လိုက်၏။ လူအားလုံးမှာ သူ့စကားကိုသာ စိတ်ဝင်စားနေသည်ဖြစ်ရာ ... တစ်ခန်းလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

'မိတ်ဆွေတို့အနေနဲ့ သိုင်းပညာချင်း ယှဉ်ပြိုင်ကြစတမ်း ဆိုရင် သူသေကိုယ်သေ ယှဉ်ပြိုင်နိုင်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါပေမယ့် .... အခုတိုက်ခိုက်ရမယ့် ရန်သူဟာ အဆိပ်ပညာရှင် ဖြစ်နေပါတယ်၊ ဒီတော့ .... သူ့ကို သိုင်းပညာနဲ့ ယှဉ်ပြိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ အဆိပ်ပညာရှင်တွေဟာ ပရိယာယ်နည်းဗျူဟာ အတတ်တွေကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လေ့ရှိကြတယ်၊ ဒါ့ကြောင့် .... မိတ်ဆွေတို့ကို ဝင်မပါစေချင်တာပါ'

သူသည် သူ့မွေးနေ့အကြိုပွဲသို့ တက်ရောက်လာသူအားလုံးကို ငေ့ဝဲကြည့်လိုက်သည်။ ဤသူများအားလုံးသည် သူ့အကျိုးကို လိုလားသူများချည်းသာ ဖြစ်သည်။ သူ့အတွက် အသက်စွန့်၍ ကူညီမည့်သူချည်းသာ ဖြစ်၏။ ထိုကဲ့သို့သော လူများအတွက် ဘေးရန်တစ်စုံတစ်ရာ မကျရောက်စေလိုပေ။



ဤသည်မှာ ... သူ့စေတနာသာ ဖြစ်လေ၏။

ထို့ကြောင့် ... သူက တောင်းပန်လိုက်သည်။

'မိတ်ဆွေတို့ကို ကျွန်တော် နောက်ဆုံး တောင်းပန်ချင်တာက ညနေစာ သုံးဆောင်ကြပြီးတာနဲ့ ပြန်ကြစေလိုပါတယ်၊ တကယ်လို့ မနက်ဖန် တိုက်ခိုက်ကြမယ့် တိုက်ပွဲမှာ ကျွန်တော် မသေဆုံးခဲ့ရင် နောင်နှစ်ခါ ကျွန်တော့်မွေးနေ့ညည့်ခံပွဲကို အထူးခမ်းနားစွာ ကျင်းပ ညည့်ခံပါ့မယ်'

ထိုသို့ လွှေကျင်ထန်း၏ စကားဆုံးသွားသောအခါ ညည့်ခန်းမဆောင်အတွင်းရှိ မိတ်ဆွေညည့်သည်များမှာ အမျိုးမျိုး စဉ်းစားဆုံးဖြတ်နေကြသည်။

အချို့မှာ ... လွှေကျင်ထန်းနှင့် သက်တူရွယ်တူ သိုင်းသမားမိတ်ဆွေကြီးများ ဖြစ်ကြ၏။

သူတို့သည် ရှေးယခင်ကတည်းက စ၍ပင် လွှေကျင်ထန်းနှင့် ဆိုးတူကောင်းဖက် ယှဉ်တွဲလုပ်ကိုင် ဆက်ဆံခဲ့ကြသူများ ဖြစ်ကြ၏။

ထို့ကြောင့် ....

ယခု လွှေကျင်ထန်း ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရချိန်တွင် လွှေကျင်ထန်းကို ပစ်ခွာ၍ မသွားလိုကြပေ။

မိမိတို့၏ အသက်သေချင်သေပါစေ၊ လွှေကျင်ထန်းနှင့်အတူ ကျရောက်လာမည့် ဘေးအန္တရာယ်ကို ဝိုင်းဝန်းကူညီဖြေရှင်းပေးမည်ဟု စဉ်းစားဆုံးဖြတ်လိုက်ကြ၏။

အချို့မှာမူ သိုင်းလောကမှ နာမည်ကြီး သိုင်းသမားများ ဖြစ်ကြသည်။

သူတို့မှာ လွေကျင်ထန်းကဲ့သို့သော ... ဝါရင့်သိုင်းသမားကြီး တစ်ယောက်အား လာရောက်ယှဉ်ပြိုင် တိုက်ခိုက်မည့် သိုင်းသမားအား စိတ်ဝင်စားကြသည်။ စောင့်၍ ကြည့်လိုနေကြ၏။

လိုအပ်လျှင် လွေကျင်ထန်းဘက်မှ ကူညီတိုက်ခိုက်ပေးပြီး သိုင်းလောကတွင် နာမည်ကောင်း ရယူလိုကြ၏။

အချို့မှာကား သာမန်သိုင်းသမားများသာ ဖြစ်ကြပြီး သိလိုမြင်လိုသောကြောင့်သာ ... နေလိုကြခြင်း ဖြစ်ပေသည်။

လွေကျင်ထန်းအား လာရောက်တိုက်ခိုက်မည့် သိုင်းပညာရှင်မှာ မည်သူနည်း။

လွေကျင်ထန်းအနေနှင့်ရော မည်ကဲ့သို့ တုံ့ပြန်တိုက်ခိုက်မည်နည်း။

ဤသည်တို့ကို တွေ့လိုမြင်လို၍ စောင့်ကြည့်ရန် နေလိုကြခြင်းမှုသာ ဖြစ်၏။

ထို့အပြင် ....

ခုနစ်ခရိုင်ရှိ ပို့ဆောင်ရေး အာမခံဌာနကြီး၏ တာဝန်ခံချုပ်ကြီးဖြစ်သော လွေကျင်ထန်းသည် ကျော်ကြားမှုကြောင့်သာ လူစွမ်းကောင်း ဖြစ်ခဲ့လေသလော ....

သို့တည်းမဟုတ် .....



တကယ်ပင် ... လူစွမ်းကောင်းဖြစ်၍ အမှန်တကယ် ကျော်ကြားခဲ့လေသလော။

ထိုကဲ့သို့ မေးခွန်းပေါင်းမြောက်မြားစွာ၏ အဖြေကို သိလို၍ သိုင်းသမားလူစုယ်များက စောင့်ကြည့်အကဲခတ်လိုခြင်း ဖြစ်သည်။

ထို့အပြင် ... ယှဉ်ပြိုင်ပွဲသည် နောက်ဆုံးမည်ကဲ့သို့ အဆုံးသတ်မည်ကိုလည်း အကဲခတ်ကြည့်ရှုလိုကြ၏။

ထို့ကြောင့် ဤသုံးမျိုးသုံးစား ဧည့်သည်များသည် မည်သူမျှ 'လွေ' ဂေဟာမှ ထွက်ခွာသွားမည် မဟုတ်တော့ချေ။

မည်သို့ပင် ဖြစ်စေကာမူ .....

သူတို့အားလုံးသည် 'လွေ'ဂေဟာ၌ ဆက်လက်နေထိုင်ကြရန် လွေကျင်ထန်းအား အမျိုးမျိုး အဖုံဖုံ ပန်ကြားကြ၏။

ဤသို့ဖြင့် .....

လွေကျင်ထန်းမှာ ဧည့်သည်အများစု၏ ဆန္ဒကို မလွန်ဆန်နိုင်တော့ဘဲ ကျေးဇူးတင်စကားကိုသာ ပြောဆို၍ လက်ခံလိုက်ရလေတော့၏။

ထိုသတင်းသည် ငြိမ်သက်ပြီးနောက်ဆုံး မည်သူမျှ စိတ်မဝင်စားသည့် သတင်း ဖြစ်ပါမည်လော။ မဖြစ်ပါ။ လုံးဝ မဖြစ်ပါ။

❖❖❖❖❖

တိုက်ပွဲသတင်း .....

ဤသတင်းသည် .... နောက်တစ်နေ့နံနက်တွင် ကျင်းစိုမြို့တစ်မြို့လုံးသို့ ပျံ့နှံ့သွားလေတော့သည်။

မြို့တွင်းရှိ စားသောက်ဆိုင်များ၊ တည်းခိုဆိုင်များ၌ လူအများ စိတ်ဝင်တစား ပြောဆိုရန် အကြောင်းတစ်ခု ဖြစ်နေသည်။

အထူးသဖြင့် ချုံကျားဂိုဏ်းမှ အဆင့်မြင့်သိုင်းသမား ဝေရွှန်း တစ်ယောက် မြွေဆိပ်မိပြီး သေလုမြောပါး ဖြစ်နေသည် ဆိုသည့် သတင်းက ပို၍ လျင်မြန်စွာ ပျံ့နှံ့သွား၏။

ထို့အပြင် ....

ဝန်းကျင်မြို့ရွာများသို့လည်း မြို့တွင်းသို့ လာရောက်ကြသည့် ကုန်သည်ပွဲစားများမှ တစ်ဆင့် နောက်တစ်နေ့ နံနက်စောစောတွင် ပျံ့နှံ့ရောက်ရှိသွားသည်။



ထို့ကြောင့် ....

နောက်တစ်နေ့ နံနက်စောစောတွင် ‘လွေ့’ဂေဟာသို့ နောက်ထပ်ဧည့်သည်အသစ်များ ထပ်မံ ရောက်ရှိလာကြပြန်သည်။

ထိုဧည့်သည်အသစ်များထဲတွင် ချုံကျားအဖွဲ့မှ အဆင့်မြင့် သိုင်းပညာရှင်များလည်း ပါဝင်လာကြသည်။

ထိုရောက်ရှိလာသော ချုံကျားအဖွဲ့ဝင်များကား အဆင့်မြင့် သိုင်းပညာရှင်များ ဖြစ်ကြောင်း သူတို့၏ခါးတွင် ပတ်ချည်ထားသော မြက်ခါးပတ်ကြိုးနက်များကို ကြည့်ခြင်းအားဖြင့် သိနိုင်၏။

ထိုမြက်ခါးပတ် ကြိုးနက် ပတ်လာသည့် ချုံကျားသိုင်းပညာရှင်မှာ ငါးယောက်တိတိ ရှိသည်။ သူတို့လာကြမည်မှာ ... သေချာသည်။ ပြင်းထန်စွာ အဆိပ်မိထားသော လူနာမှာ သူတို့၏ဂိုဏ်းဝင် ပင် မဟုတ်ပါလား။

ထို့ကြောင့်ပင်လျှင် ....

‘လွေ့’ ဂေဟာ အရှင်သခင်ကြီးသည် သူ၏ မွေးနေ့ဧည့်ခံပွဲကို မဖျက်သိမ်းဖြစ်တော့ပါ။ သူသည် ... ရဲဝံ့စွာပင် ဆက်လက် ကျင်းပ ပါသည်။

ဧည့်သည် မိတ်ဆွေများ၏ ဆန္ဒအရ မွေးနေ့ဧည့်ခံပွဲကို မဖျက် သိမ်းတော့ဘဲ ဆက်လက် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

စားသောက်ပွဲကို တည်ခင်းရန်အတွက် ‘လွေ့’ဂေဟာမှ လူများ မှာ အလုပ်ရှုပ်နေကြ၏။

'လွှ'ဂေဟာတစ်ခုလုံးသည် .... မွေးနေ့အကြိုနေ့ကအတိုင်း ဂေဟာတစ်ခုလုံး စည်ကားသိုက်မြိုက်လျက် သွားလာလှုပ်ရှားနေကြသည်။

ဧည့်သည်များ၏ စကားပြောသံ၊ ရယ်မောသံများက ဂေဟာတစ်ခုလုံးသို့ ပျံ့လွင့်လျက် ရှိလေတော့၏။

'လွှ' ဂေဟာသခင်ကြီး လွှကျင်ထန်းမှာ ပြုံးရွှင်ရယ်မောလျက် ဧည့်သည်များကို ကြိုဆိုဧည့်ခံနေ၏။ သူကား ဟန်မပျက်ပေ။

သို့သော် ...

လွှကျင်ထန်း၏ မျက်လုံးအစုံကို အသေအချာ စူးစိုက်ကြည့်မည်ဆိုလျှင် သူ့မျက်ဝန်းအစုံသည် စိုးရိမ်မှုများ ယှက်သန်းနေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ထို့အပြင် ...

သူ၏ မျက်လုံးအစုံက ဂဏာမငြိမ်ဘဲ ရှိနေသည်။

တစ်ခါတစ်ရံ အိမ်ဂေဟာ အဝင်ဝသို့ လှမ်းကြည့်နေတတ်၏။

လူစုစုရုံးရုံး ဝင်လာလျှင် စကားပြောဆိုခြင်းကို ရပ်တန့်ပြီး စူးစူးစိုက်စိုက် ကြည့်နေတတ်သည်။

သို့တစေ .... မျက်နှာပေါ်တွင် အပြုံးကိုတော့ ဆောင်ထားသည်။

ယင်းဧည့်ခန်းမဆောင်ကြီးထဲတွင် စားပွဲခုံ ငါးဆယ်ကျော်မျှ ခင်းကျင်းပြင်ဆင်ထား၏။



စားပွဲတိုင်းတွင်လည်း ဧည့်သည်များ အပြည့်ထိုင်လျက် ရှိနေကြသည်။

ဂေဟာသခင်ကြီး လွှကျင်ထန်းက ဗဟိုကျသော စားပွဲကြီးတွင် နေရာယူထားသည်။

လွှကျင်ထန်းနှင့်အတူ ထိုင်နေကြသူများမှာ ... သူနှင့် ရွယ်တူ သိုင်းရောင်းရင်း လေးငါးယောက်ခန့် ဖြစ်၏။

ထိုအချိန်တွင် .... ဧည့်သည်များမှာ ကိုယ့်ဝိုင်းနှင့်ကိုယ် တွေ့ရာလေးပါး စကားများ ပြောဆိုလျက် ရှိကြသည်။

ခဏအကြာတွင် ဗဟိုစားပွဲကြီးရှိ ဂေဟာရှင် သခင်ကြီး လွှကျင်ထန်းသည် ထိုင်ရာမှ ထရပ်လိုက်သည်။

ထို့နောက် ....

စားပွဲဝိုင်းများရှိ ဧည့်သည်များအားလုံးကို လက်ဖမိုးယှက်လျက် လိုက်လံနှုတ်ဆက်နေသည်။

ဧည့်သည်များ၏ စကားပြောဆိုသံများက ... ရုတ်တရက် တိတ်ဆိတ်သွားပြီးလျှင် ... လွှဂေဟာသခင်ကြီး၏ စကားသံက ထွက်ပေါ်လာ၏။

'မိတ်ဆွေ ဧည့်သည်တော်များခင်ဗျား၊ နံနက်စာအတွက် အသားစုံနဲ့ ကြော်ထားတဲ့ ခေါက်ဆွဲများကို စတင် သုံးဆောင်ကြပါ၊ စားသောက်ပွဲ မစမီမှာ ... ကျွန်တော့်အနေနဲ့ အရေးကြီးတဲ့ စကားကို ပြောလိုပါသေးတယ်'

လွှေကျင်ထန်းက စကားကို ခေတ္တရပ်လိုက်ပြီး ဧည့်သည်များ အားလုံးကို စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် လှည့်ပတ်ကြည့်ရှုလိုက်ပြီး .....

'ကျွန်တော့်စိတ်ထင်အရ ကျွန်တော့်ရဲ့ ရန်သူတော်ဟာ မကြာခင်မှာပဲ ရောက်ရှိလာပါတော့မယ်၊ တကယ်လို့ ... ရောက်လာခဲ့ရင် မိတ်ဆွေများအနေနဲ့ .... ဟန်မပျက် ဆက်ပြီး စားသောက်နေကြပါ၊ ကျွန်တော်ရဲ့ ပြဿနာကို ကျွန်တော်ကပဲ ရင်ဆိုင်ဖြေရှင်းပါ့မယ်'

ဤတွင် လူတစ်ယောက်က ထိုင်ရာမှ ထရပ်လိုက်ကာ ....

'သခင်ကြီးရဲ့ သဘောထားကို ... ကျွန်တော်တို့ သိပါတယ်၊ သိုင်းလောကသားများဟာ မတရားမှုကို ဘယ်တော့မှ လက်ပိုက်ကြည့် မနေတတ်ကြဘူး ဆိုတာကိုတော့ သခင်ကြီးလည်း သိပါတယ်၊ ကျွန်တော်တို့က တရားမျှတမှု ရှိ မရှိ စောင့်ကြည့်ပြီးမှ ဝင်ရောက်စွက်ဖက်မှာပါ၊ ဒါပေမယ့် သခင်ကြီးရဲ့ မွေးနေ့မင်္ဂလာပွဲကို အနှောင့်အယှက်ပြုလိုတဲ့ သဘောနဲ့ လာရောက်တဲ့သူ ဖြစ်ရင်တော့ .. ဘယ်လို အကြောင်းမျိုးနဲ့ လာလာ ... ကျွန်တော်တို့အနေနဲ့ လက်ပိုက်ကြည့် မနေနိုင်ပါဘူး'

ထိုလူ၏ ပုံသဏ္ဌာန်ကို ကြည့်လိုက်ပါက ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နိုင်သည်။ သူသည် ... လူပုံအလယ်၌ ပြောတတ်ဆိုတတ်သူတစ်ယောက် ဖြစ်ကြောင်းလည်း သူ့ဟန်ပန်ကို ကြည့်၍ သိနိုင်သည်။



ထိုလူက ဆက်ပြောလေ၏။

'အခုဆိုရင် .... မြို့ရဲ့မျက်နှာဖုံး လူကြီးလူကောင်းတွေ၊ ခရိုင်ကြီး ငါးခရိုင်က ထိပ်သီးသိုင်းသမားကြီးတွေ စုံစုံညီညီ ရောက်ရှိနေကြပါပြီ၊ ဘယ်သူမှ ဒီမွေးနေ့ပွဲမှာ မတရားလုပ်လို့ မရပါဘူး၊ မင်္ဂလာရှိတဲ့ ပွဲကို ဖျက်ဆီးလို့ မရပါဘူး၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အတိုင်းအတာကို ကျော်လာရင်တော့ အခု တက်ရောက်နေတဲ့ သိုင်းသမားတွေက လက်မခံနိုင်ပါဘူးဗျာ၊ အသေအကြေ တိုက်ခိုက်ရပါလိမ့်မယ်'

ဧည့်သည်များမှာ ထောက်ခံသည့်အလား ငြိမ်နေကြ၏။

လွှေကျင်ထန်းက ... ထိုလူအား အသေအချာ စူးစိုက်ကြည့်နေလိုက်ပြီးနောက် ... လက်ဖမိုးယှက်လျက် ဂါရဝပြုလိုက်လေ၏။

'အခု ... စကားပြောလိုက်တဲ့သူဟာ 'ကူးစန်း'တောင်က ဓားသမား 'ဝမ်လင်း' မဟုတ်ပါလားခင်ဗျာ .....'

ထိုလူက လက်ဖမိုးယှက် အရိုအသေ ပြန်လည်ပေးလိုက်ပြီး ဟုတ်မှန်ကြောင်း သူ၏ ဦးခေါင်းကို ညိတ်ကာ ပြန်လည် ဖြေကြားလိုက်သည်။

လွှေကျင်ထန်းက 'ကူးစန်း'တောင် ဓားသမားအား ပြန်လည် စကားပြောရန် ဟန်ပြင်ခိုက် ....

'ဒူ ... ဒူ ... ဒူ ...'

လွှေဂေဟာဝင်း အပြင်ဘက်မှ ... မောင်းခတ်သံ သုံးချက်က ရုတ်တရက် ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာ၏။

ထိုအခါ ....

လွေကျင်ထန်းသည် လျင်မြန်စွာ ဂေဟာဝင်းအပြင်ဘက်သို့ လှမ်းကြည့်ပြီး အားလုံးကို အသိပေးလိုက်၏။

'ဟော .... သူလာနေပါပြီ'

ထို့နောက် သူက ဆက်၍ .....

'မိတ်ဆွေတို့ခင်ဗျား .... ကျွန်တော်နဲ့ ရင်ဆိုင်ရမယ့် ရန်သူဟာ အခုပဲ ရောက်ရှိလာပါပြီ၊ မိတ်ဆွေတို့ကို ထပ်ပြီး ပြောကြားလိုတာက ကျွန်တော့်ရဲ့ ရန်သူကို ကျွန်တော်ပဲ ထွက်ပြီး တွေ့ဆုံပါ့မယ်၊ မိတ်ဆွေတို့က စားသောက်မြဲ ... စားသောက်နေကြပါ၊ အားလုံးပဲ ကျွန်တော့်ကို ခွင့်ပြုပါဦး'

လွေကျင်ထန်းသည် ခြေလှမ်းကျဲကြီးများဖြင့် ဧည့်ခန်းဆောင်မှ ထွက်ခွာလာခဲ့သည်။

သူသည် ဧည့်ခန်းဆောင် လှေကားထိပ်တွင် ရပ်တန့်လိုက်ပြီး ဂေဟာဝင်း အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

ဝင်းတံခါးဝနှင့် လွေကျင်ထန်း ... ရပ်တန့်နေသည့်ကြားဝယ် မြေကွက်လပ်တစ်ခု ခြားနေသည်။

ဧည့်ခန်းမဆောင်နှင့် ဝင်းတံခါးဝကို ကျောက်ပြားခင်းထားသည့် လမ်းကလေးဖြင့် ဆက်သွယ်ထား၏။

ထိုအချိန်တွင် နံနက်ခင်း နေရောင်ခြည်သည် ဝင်းခြံတစ်ခုလုံးသို့ ဖြာကျလျက် ရှိနေသည်။



တိုက်ခတ်နေသော လေသည် ခါတိုင်းနေ့များကထက် ပို၍ ပြင်းထန်နေသည်ဟု လွေကျင်ထန်း၏ စိတ်ထဲတွင် ထင်မိသည်။

ထို့နောက် ....

လေတံခွန်တိုင်ကို သူတစ်ချက် မော့ကြည့်လိုက်၏။

လေတံခွန်တိုင်သည် ကြွက်မြီးတန်းပမာ လူးလွန့်လှုပ်ရှားနေသည်။

ကြည်လင်သာယာလျက် ရှိသော ကောင်းကင်အောက်မှ နေရောင်ခြည်၏ အလင်းရောင်ကြောင့် ဝင်းတံခါးပေါက် အပြင်ဘက်ရှိ မြင်ကွင်းကို တောက်ပစွာ လှမ်းမြင်နေရသည်။

'လွေ' ဂေဟာသခင်ကြီး ကြည့်နေခိုက် မြင်လိုက်ရသည့် မြင်ကွင်းမှာ .....

❖❖❖❖❖

## အခန်း (၃၇)
## ငြိမ်းအေးလိုသော ဆန္ဒ

လူလေးယောက်က ဝေါယာဉ်တစ်စင်းကို ထမ်းလာနေသည်။

ဝေါယာဉ်မှာ သာမန်ရိုးရိုး ဝေါယာဉ်မျိုး မဟုတ်ပေ။

အထူးလုပ္ပစွာ မွမ်းမံပြင်ဆင်ထားသော ဝေါယာဉ် ဖြစ်သည်။ ဝေါ ယာဉ်၏ အမိုးတွင် ... ကနုတ်ပန်းများဖြင့် စီမံထားသဖြင့် ကော့ပျံတက်တော့မည့်အလား ထင်ရသည်။ ထို့အပြင် .....

ဝေါယာဉ်အိမ်တစ်ခုလုံး ပြိုးပြိုးပြောင်ပြောင် အရောင်များဖြင့် လင်းလက်တောက်ပလျက် ရှိသည်။

ဝေါယာဉ်၏ အမိုးချွန်ချွန်ကို မြွေတစ်ကောင်၏ အမြီးပိုင်းက ရစ်ပတ်ခွေထားလျက် ရှိပြီး ဦးခေါင်းပိုင်းကမူ ဝေါယာဉ်၏ မျက်နှာစာတွင် ကော့ထောင်၍ နေသည်။



ဝေါယာဉ်တစ်ခုလုံး အနီရောင် တောက်ပလျက် ရှိသည်။

သို့သော် ... ဝေါယာဉ်၏ မျက်နှာစာကို ကာရံထားသော ခန်းဆီးပဝါကား ရွှေရောင်လင်းလက်နေ၏။

ဝေါယာဉ်အိမ်၏ လေးဘက်လေးတန်ရှိ ကော့ပျံတက်နေသော အမိုးစွန်းကလေးဘက်တွင် ရွှေဝါရောင် ပန်းခြင်းလုံး လေးလုံး ချိတ်ဆွဲထား၏။

ယင်းတို့သည် ဝေါယာဉ်၏ လှုပ်ရှားမှုအတိုင်း လှုပ်ရှားယိမ်းထိုးလျက် ရှိသည်။

ထိုရွှေရောင် ဝင်းလက်နေသော ပန်းခြင်းလုံးမှ ဖွာကျနေသော ရွှေမှုင်ကြိုးများကလည်း ... လေလွင့်ရာဘက်သို့ တဖွားဖွားနှင့် လွင့်ပျံလျက် ရှိသည်။

အဝေးမှကြည့်လျှင် နီသွေးလျက်ရှိသော ပတ္တမြားကျောက်ဆောင်အိမ်ဝယ် ရွှေမှုင်များ ရစ်ပတ်နွယ်ယှက်နေသကဲ့သို့ ထင်မှတ်ရသည်။

ထိုလှပခမ်းနားသော ဝေါယာဉ်နောက်တွင် အဝါရောင်အပေါ် အင်္ကျီ၊ အနီရောင်အတွင်းခံ ကိုယ်ကျပ်သိုင်းအင်္ကျီများကို ဝတ်ဆင်ထားသော လူဆယ့်ခြောက်ယောက်က ညီညာစွာဖြင့် စနစ်တကျ တန်းစီလျက် လိုက်ပါလာကြသည်။

သူတို့သည် ရှစ်ယောက်တစ်တန်းစီ နှစ်ကန်းတန်းလျက် လိုက်ပါလာခြင်း ဖြစ်သည်။

မကြာမီမှာပင် .. ဝေါယာဉ်သည် လွေဂေဟာ ဝင်းတံခါးဝအနီးသို့ ရောက်လာကြသည်။

လွေဂေဟာ၏ ဝင်းတံခါးဝက ပွင့်ဟလျက် ရှိသည်။

ထိုစဉ် ....

ဝင်းတံခါးဝ၏ ဘေးတစ်ဘက်စီတွင် ... ဂေဟာအစောင့်နှစ်ယောက်က သတိအနေအထားဖြင့် ရပ်နေကြသည်။

ယင်းဝေါယာဉ်သည် ဝင်းတံခါးဝမှတစ်ဆင့် ဖြည်းဖြည်းချင်း ဝင်ရောက်လာ၏။

ထိုအခါ ....

ဝေါယာဉ်၏ နောက်မှ လူဆယ့်ခြောက်ယောက်က ဝေါယာဉ်ရှေ့သို့ လှမ်းတက်လိုက်ကြပြီး စနစ်တကျ တန်းစီ၍ ရပ်လိုက်ကြသည်။

'ဒီနေရာမှာပဲ ဝေါယာဉ်ကို ရပ်လိုက်စမ်း'

ဝေါယာဉ်အတွင်းမှ ကြည်လင်ပြတ်သားသော အသံက ထွက်ပေါ်လာသည်။

ထိုအသံမှာ ... မိန်းမပျိုတစ်ယောက်၏ ချိုလွင်သော အသံဖြစ်နေသည်။

ဧည့်ခန်းမဆောင်အတွင်းရှိ ဧည့်သည်များမှာ ကျောက်ရုပ်များ မဟုတ်ကြပါ။

ထို့ကြောင့် ....



သူတို့သည် လွေကျောင်ထန်း ပန်ကြားထားသလို အေးအေးဆေးဆေး ထိုင်၍ မနေနိုင်ကြပေ။

သူတို့အားလုံးသည် ဧည့်ခန်းမဆောင်မှနေ၍ ဝင်းတံခါးမကြီးဆီသို့ စုပြုံရောက်ရှိ လာကြလေတော့သည်။

ထို့နောက် ... မြေကွက်လပ်တွင် ချထားသော ဝေါယာဉ်ကို စိတ်ဝင်စားစွာ ဝိုင်းအုံကြည့်နေကြသည်။

အစောပိုင်းက ... ဝေါယာဉ်အတွင်းမှ ကြားလိုက်ရသော အသံမှာ အသက်ဆယ့်ရှစ်နှစ်အရွယ် မိန်းမပျိုတစ်ယောက်၏ အသံမျိုးဟု ထင်မှတ်လိုက်ကြရသည်။

လွေကျောင်ထန်း ပြောပြခဲ့သည့်အတိုင်း ဆိုလျှင် ယခုလာသော ရန်သူသည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ရန်သူ ဖြစ်ပေမည်။

သို့ဆိုလျှင် ဤဝေါယာဉ်အတွင်းမှ အမျိုးသမီးသည် အသက်ငါးဆယ်ကျော် ... ခြောက်ဆယ် ဝန်းကျင်တွင် ရှိရမည် ဖြစ်သည်။

သို့သော် ....

ယခု သူတို့ကြားလိုက်ရသည့် အသံမှာမူ ... အသက်အရွယ်ကြီးရင့်သည့် အဘွားအို၏ အသံမျိုး မဟုတ်ပေ။

အသက်ငယ်ရွယ်သော မိန်းမပျိုတစ်ယောက်၏ အသံမျိုး ဖြစ်နေကြောင်း သတိပြုမိကြသည်။

ထိုအခါ ...

လှေကျင်ထန်း၏ နောက်ဘက်တွင် ရပ်နေကြသော ဧည့်ပရိသတ်မှာ သိလိုစိတ်ကြောင့် ငြိမ်သက်မှု မရှိဘဲ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

ထို့နောက် .....

ဝေါယာဉ်ရပ်တန့်လိုက်သောအခါ ရွှေရောင် ဇာပဝါပါး ခန်းဆီး အတွင်းမှ ထိုင်နေသော လူရိပ်များကို လှမ်းမြင်လိုက်ရ၏။

သို့သော် ....

ကွဲကွဲပြားပြား မမြင်ရချေ။

ထိုစဉ် ....

ရွှေရောင်ပဝါသည် ရုတ်တရက် လှစ်ခနဲ ဟသွား၏။

ဝတ်စုံ အဖြူရောင်ကို .... ဝတ်ဆင်ထားသော မိန်းမပျို တစ်ယောက် ဝေါယာဉ်ပေါ်မှ ဖြည်းညင်းစွာ ဆင်းသက်လာသည်။

သူမ၏ လက်တွင်းဝယ် သေတ္တာငယ်တစ်လုံးကို ကိုင်ဆောင်ထားလေသည်။

ထိုမိန်းမပျိုသည် ဝေါယာဉ်ထက်မှ ဆင်းသက်လာပြီးနောက် ဝေါယာဉ်ရှေ့တွင် ရပ်လိုက်သည်။

နောက်တစ်ကြိမ် ထပ်မံ၍ ရွှေရောင် ဇာပဝါ ခန်းဆီးက လှစ်ခနဲ ဟသွားပြန်၏။

ဤတစ်ကြိမ်တွင်လည်း ဝတ်စုံဖြူနှင့် မိန်းမပျိုတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရပြန်သည်။



ထိုမိန်းမပျိုက ရွှေရောင်ပဝါ ခန်းဆီးစကို ဘေးသို့ဆွဲကပ်၍ ဖွင့်ဟထားလိုက်၏။

ဤတွင် ဝေါယာဉ်အတွင်းမှ ... တစ်ကိုယ်လုံး အနက်ရောင် ဝတ်ရုံကိုဝတ်ဆင်ထားသော အမျိုးသမီးကြီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ကြရသည်။

ပရိသတ်မှာ မျက်တောင်မခပ်တမ်း စူးစိုက်ကြည့်နေကြ၏။

ထိုအမျိုးသမီးကြီး ဝတ်ဆင်ထားသော ဝတ်ရုံနက် ပိတ်စမှာ ပျော့ပျောင်းနူးညံ့နေပြီး ဝင်းလက် တောက်ပြောင်နေသည်။

ဝတ်ရုံနက် ဝတ်ဆင်ထားသော အမျိုးသမီးကြီးသည် ဝေါယာဉ်ပေါ်မှ ဆင်းသက်လိုက်ပြီး အေးဆေးတည်ငြိမ်စွာဖြင့် မြေပြင်ပေါ်တွင် ရပ်နေလိုက်သည်။

ထိုအခါ ...

ဝတ်စုံဖြူနှင့် မိန်းမပျိုနှစ်ယောက်ကလည်း ထိုအမျိုးသမီးကြီး၏ နံဘေးတွင် ယှဉ်လျက် ရပ်နေလိုက်ကြသည်။

သို့ဖြစ်၍ .... အဖြူရောင် နှစ်ရောင်နှင့် အနက်ရောင်တို့မှာ တောက်ပလှသော နေရောင်ခြည်အောက်တွင် ... ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ပေါ်လွင်နေသည်။

ဤအချင်းအရာကို မြင်လိုက်ကြရတော့မှပင် ဧည့်ခန်းမ တံခါးဝမှ ရပ်ကြည့်နေကြသော ဧည့်သည်များအနေဖြင့် သဘောပေါက်သွားတော့သည်။

အလယ်မှ ဝတ်ရုံနက်နှင့် အမျိုးသမီးကြီးသည် သခင်မကြီး ဖြစ်ကြောင်းနှင့် အဖြူရောင် မိန်းမပျိုနှစ်ယောက်တို့မှာ အခြွေအရံများ ဖြစ်ကြကြောင်း သဘောပေါက်သွားကြသည်။

ဝတ်ရုံနက်နှင့် အမျိုးသမီးကြီးမှာ လွန်စွာတင့်တယ်လျက် အထူးပင် ကျက်သရေ ရှိလှ၏။

ထို့အပြင် .....

သူမ၏ ဖြူဝင်းသော အသားအရည်သည် နက်မှောင်သော ဝတ်ရုံအတွင်းမှ ကျောက်ဆစ်ဖြူအလား ရှိနေသည်။

သူမ၏ မျက်နှာထားမှာ တည်ငြိမ်ခန့်ညားနေ၏။

မျက်လုံးအစုံကလည်း ကြည်လင်ရွှန်းလဲ့ တောက်ပနေဆဲ ဖြစ်သည်။

ဤမျှ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသော အမျိုးသမီးကြီးသည် အဘယ့်ကြောင့် လွှကျင်ထန်း၏ ရန်သူ ဖြစ်နေရပါသနည်း။

ထိုအမျိုးသမီးကြီးကား မည်သူနည်း၊

လွှကျင်ထန်းနှင့် သူမတို့သည် လွန်ခဲ့သော နှစ်လေးဆယ်ကျော်က မည်ကဲ့သို့သော ရန်ငြိုးရှိခဲ့ကြလေသနည်း။

ထိုအချိန်တွင် ဧည့်ခန်းဆောင် တံခါးဝမှ ရပ်လျက်ကြည့်နေကြသည့် ဧည့်သည်အပေါင်းက ထိုအချက်များကို သိချင်နေကြသည်။

ထိုစဉ် ....



ဝတ်ရုံနက်နှင့် အမျိုးသမီးကြီးက ရုတ်တရက် ရှေ့သို့ တစ်လှမ်းချင်း ဖြည်းညင်းစွာ လျှောက်ထွက်လာနေသည်။

သူမ၏ခါးတွင် နီရဲသော ခါးပတ်ကို ပတ်ထား၏။

ထိုအနီရောင်ခါးပတ်၏ ပတ်လည်ရှိ အနီရောင်ပိုးချည်မျှင်များမှာ ခြေလှမ်းလိုက်တိုင်း လှုပ်ရှားဝဲလွင့်နေကြသည်။

သို့သော် .....

သေချာစွာကြည့်မည်ဆိုပါက သူမ၏ ခါး၌ရှိ အနီရောင်ခါးပတ်၏ ပတ်ပတ်လည်တွင် လှုပ်ရှားနေကြသော အရာများမှာ အလှအပအတွက် တန်ဆာဆင်ထားသော အနီရောင်ပိုးချည်မျှင်များ မဟုတ်ပါပေ။

အမှန်စင်စစ် ... ယင်းလှုပ်ရှားနေသောအရာများမှာ ပိုးချည်မျှင်အရွယ်ရှိ လူးလွန့်နေသော သက်ရှိမြွေနီကလေးများသာ ဖြစ်နေလေတော့သည်။

❖❖❖❖❖

ဝတ်ရုံနက်နှင့် အမျိုးသမီးကြီးသည် တရွေ့ရွေ့ လျှောက်လာနေ၏။

တဖြည်းဖြည်းနှင့် လျှောက်လာရာ လွှကျင်ထန်းနှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာအဝေးသို့ ရောက်ရှိလာသောအခါကျမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

သူမ၏ မျက်နှာတွင် အပြုံးရိပ်ဟူ၍ လုံးဝ မရှိပါ။

သူမသည် လွှကျင်ထန်းအား ငြိမ်သက်စွာဖြင့် တွေတွေကြီး ရပ်ကြည့်နေသည်။ ထို့အပြင် ....

သူမတစ်ကိုယ်လုံး လှုပ်ရှားမှု လုံးဝ မရှိတော့ပါ။

ကျောက်ဆစ်ရုပ်အလား ငြိမ်သက်လျက် ရှိနေလေသည်။

ဤတွင် လွှကျင်ထန်းမှာ ... မနေသာတော့ချေ။ သူ့အား ရပ်လျက် တွေတွေကြီး စိုက်ကြည့်နေသော အမျိုးသမီးကြီးအား လက်ဖမိုးယှက်၍ နှုတ်ဆက်စကားကို စတင်ပြောကြားလိုက်သည်။



'အနှစ်လေးဆယ်ကျော် ကြာခဲ့ပေမယ့် ခင်ဗျားရဲ့ ယေရုပ်သွင်က မပြောင်းလဲသေးပါလား'

ဝတ်ရုံနက်နှင့် အမျိုးသမီးကြီးက ... လွှကျင်ထန်းကို စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် စူးစူးရဲရဲ စိုက်ကြည့်ကာ ....

'လွှကျင်ထန်း၊ ရှင် .... ကျွန်မကို မှတ်မိသေးတယ်ပေါ့။ ဟုတ်လား .... အနှစ်လေးဆယ်ကြာပေမယ့် ကျွန်မကို မှတ်မိနေတယ်ဆိုတော့ ရှင့်မှတ်ဉာဏ်က ဘယ်ဆိုးသေးလို့လဲ ....'

ထို့ကြောင့် လွှကျင်ထန်း၏ တည်ငြိမ်စွာဖြင့် ...

'တကယ်တော့ ... အနှစ်လေးဆယ်ဆိုတာ တိုတောင်းလှတဲ့ အချိန်ကာလ မဟုတ်ပါဘူး၊ ကျုပ်အသွင်က အိုမင်းရင့်ရော်ခဲ့သလို ကျုပ် စိတ်ဓာတ်တွေလည်း အကြီးအကျယ်ပြောင်းလဲသွားခဲ့ပါပြီ ..'

လွှကျင်ထန်းက ပြောလိုက်၏။

အမျိုးသမီးကြီးကတော့ ခပ်တည်တည်ပင် .....

လွှကျင်ထန်းက ဆက်ပြောလေ၏။

'ဖြစ်ပျက်ခဲ့သမျှ ကိစ္စတွေဟာ ကျုပ်မှတ်ဉာဏ်မှာ အိပ်မက်လိုပဲ ဝိုးတဝါးသာ ရှိတော့တယ်၊ ဒါကြောင့် အခုအချိန်မှာ ကျုပ်မှာ အာဃာတ တရားတွေ မရှိတော့ပါဘူး၊ လောဘ၊ ဒေါသ၊ မောဟတွေလည်း မရှိတော့ဘူး၊ ခွင့်လွှတ်နိုင်စရာ အကြောင်းရှိရင် ခွင့်လွှတ်ပြီး တောင်းပန်မှ ကျေအေးနိုင်မယ်ဆိုရင်လည်း တောင်းပန်ဖို့ ဝန်မလေးတော့ပါဘူး၊ ခင်ဗျားရော ကျုပ်လိုပဲ ပြောင်းလဲနေပြီလား'

ဝတ်ရုံနက်နှင့် အမျိုးသမီးကြီးက နှုတ်ခမ်းအစုံကို တစ်ချက်တွန့်ပြလိုက်ပြီး တိုးညင်းသာယာသော လေသံဖြင့် ပြောလိုက်သည်။

'အင်း .... ရှင်က ကျွန်မကို ကောင်းကောင်း မှတ်မိသေးသားပဲ၊ အတိတ်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကိုလည်း ရှင်အမှတ်ရနေဦးမယ်လို့ မျှော်လင့်ပါတယ်'

လွေကျင်ထန်းက ...

'မြွေနဂါးနတ်မယ် ..... ခင်ဗျားရဲ့ ဘွဲ့နာမည်က ကျုပ်ပြောတဲ့အတိုင်း မှန်ပါသေးရဲ့လား'

သို့နှင့် သူမက ခေါင်းညိတ်ပြလိုက်၏။

'မှန်ပါတယ်၊ ကျွန်မရဲ့ဘွဲ့နာမည်က ဒီအတိုင်းပါပဲ၊ မပြောင်းလဲသေးပါဘူး၊ ဒါပေမယ့် ... အရွယ်ကတော့ ပြောင်းလဲခဲ့ ပြီ၊ ဒီတော့ နတ်မယ်လို့ မခေါ်သင့်တော့ဘူး၊ ကျွန်မဟာ ... ငယ်ရွယ်စဉ်ကလို နတ်မိမယ်တမျှ မလှပတော့ဘူး၊ ဒီတော့ ရှင် ... ကျွန်မကို မြွေနဂါးဒေဝီလို့ ပြင်ခေါ်ရင် ပိုပြီး သင့်တော်လိမ့်မယ်လို့ ထင်တယ်'

လွေကျင်ထန်းက ခေါင်းညိတ်ပြလိုက်ပြီး ဆက်ပြောလိုက်၏။

'မြွေနဂါးဒေဝီ .... မနေ့က ခင်ဗျားပို့လိုက်တဲ့ မွေးနေ့ လက်ဆောင်ပစ္စည်းကို မြင်လိုက်ပြီးကတည်းက ကျုပ် ချက်ချင်းပဲ ရိပ်မိလိုက်ပါတယ်၊ မြွေနဂါးဒေဝီ ... ခုချိန်မှာ ခင်ဗျားကို ကျုပ် တောင်းပန်ရင် ကျေနပ်နိုင်မလား၊ တကယ်လို့ ကျေနပ်နိုင်မယ်ဆိုရင်တော့ ကျုပ်အနေနဲ့ ဝမ်းသာမိမှာ အမှန်ပါပဲ'



လွေကျင်ထန်း၏ လေသံမှာ အောက်ကျို့သောလေသံ ဖြစ်ပြီး မြွေနဂါးဒေဝီ အပေါ်တွင် ... သူ အပြစ် တစ်စုံတစ်ရာ ကျူးလွန်ထားပုံရသည်။ ထိုအပြစ်အတွက် နောင်တရနေပြီး အားလုံးကို ကျေအေးစေလိုပုံရနေ၏။

သူက .....

'အခု ကျင်းပတဲ့ ပွဲဟာ ကျုပ်ရဲ့ ခြောက်ဆယ့်ငါးနှစ်မြောက် မွေးနေ့ပွဲပါ .....'

မြွေနဂါးဒေဝီက ဖြတ်၍ ပြောလိုက်၏။

'ဒါကို ... ကျွန်မ သိပါတယ် ...'

'ကျုပ်ဟာ .... ပြီးခဲ့တဲ့အတိတ်ကို ဆင်ခြင်သုံးသပ် သင်ခန်းစာယူပြီးတော့ ... ပစ္စုပ္ပန်မှာရော၊ အနာဂတ်မှာပါ အေးချမ်းသာယာစေဖို့ ရည်ရွယ်ပြီး မွေးနေ့ပွဲ ကျင်းပတာပါ၊ ပြီးခဲ့တဲ့ အနှစ်လေးဆယ်ဆိုတဲ့ အတိတ်ဟာ ... နည်းနည်းနောနော နှစ်တွေ မဟုတ်ပါဘူး၊ လူ့ဘဝကို အများကြီး ပြောင်းလဲစေနိုင်ပါတယ်ဗျာ ....'

လွေကျင်ထန်း၏ စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် ... မြွေနဂါးဒေဝီက လက်တစ်ဘက်ကို အသာ ဝှေ့ယမ်းလိုက်သည်။

ထိုအခါ ....

ဝတ်စုံဝါနှင့် လူတစ်ယောက်သည် ... ဝေါယာဉ်အတွင်းသို့ ဝင်ရောက်သွားပြီး တစ်အောင့်မျှအကြာတွင် ကျောမှီနှင့် လက်ရန်းပါသော ကုလားထိုင်တစ်လုံးကို ထုတ်ယူလာ၏။

ထိုထိုင်ခုံမှာလည်း အနက်ရောင်ပင် ဖြစ်နေသည်။

ဝတ်ရုံဝါနှင့်လူသည် အနက်ရောင်ထိုင်ခုံကို မြေပြင်ပေါ်တွင် အသာအယာ ချပေးလိုက်သည်။

ယင်းနောက် ....

မြွေနဂါးဒေဝီက ထိုအနက်ရောင် ထိုင်ခုံတွင် ဝင်ရောက်ထိုင်လိုက်ပြီး သက်ပြင်းကို ဖြည်းလေးစွာ ချလိုက်ကာ ....

'လွှေကျင်ထန်း .... လွန်ခဲ့တဲ့ အနှစ်လေးဆယ်အချိန်တုန်းက ရှင်ဟာ ကျွန်မအပေါ်မှာ အခုလို ယဉ်ယဉ်ကျေးကျေး ဆက်ဆံခဲ့ပါလား၊ အဲဒီလိုဆိုရင် ... ဒီနေ့ ဒီအချိန်မှာ ဒီလိုအခြေအနေမျိုးကို ရှင်နဲ့ ကျွန်မ ရင်ဆိုင်ကြရမှာ မဟုတ်ဘူး'

ထို့နောက် ... သူမက စကားကို ခေတ္တရပ်လိုက်ပြီးလျှင် လက်တစ်ဘက်ကို မြှောက်၍ ပြလိုက်သည်။

သေတ္တာဘူးငယ်အား ကိုင်ထားသော ဝတ်စုံဖြူနှင့် မိန်းမပျို က မြွေနဂါးဒေဝီ အနီးသို့ လျှောက်လာပြီး ရပ်လိုက်သည်။

ထိုမိန်းမပျို ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် မြွေနဂါးဒေဝီက လွှေကျင်ထန်းအား လှည့်ကြည့်ပြီး ပြောလိုက်သည်။

'မနေ့က ချုံကျားဂိုဏ်းက ဝေခွန်းဟာ ရှင့်ကိုယ်စား ခံလိုက်ရတယ်၊ ရှင့်အနေနဲ့ သိပ်ကံကောင်းသွားတာပေါ့၊ မနေ့ကသာ ရှင် ကံဆိုးခဲ့ရင် ဒီနေ့ ကျွန်မ ဒီကို လာစရာ မလိုတော့ဘူး၊ ကဲ ... မသက်ဆိုင်တဲ့ ချုံကျားဂိုဏ်းက ဝေခွန်းကို ကျွန်မက မသေစေလိုပါဘူး'



မြွေနဂါးဒေဝီက ထိုသို့ ပြောလိုက်ပြီး သူ့အနီးတွင် ရပ်နေသော ဝတ်စုံဖြူနှင့် မိန်းမပျိုအား လက်ကို ဗွေ့ယမ်းပြလိုက်သည်။

ထိုအခါ ...

ဝတ်စုံဖြူနှင့် မိန်းမပျိုသည် ... လွှေကျင်ထန်းရှေ့သို့ လျှောက်သွားပြီး သေတ္တာဘူးငယ်ကို ဖွင့်လိုက်သည်။

ထို့နောက် ....

သေတ္တာဘူးငယ်အတွင်းမှ ... အပ်ကလေးတစ်ချောင်းနှင့် ကြွေပုလင်းငယ်ကလေး တစ်လုံးကို လွှေကျင်ထန်းအား ထုတ်ပေးလိုက်ပြီး ရှင်းပြသည်။

'ဟောဒီ ... ဆေးပုလင်းထဲက အဆိပ်ဖြေဆေးရည်ကို ရှင် ယူလိုက်ပါ'

လွှေကျင်ထန်းက ယူလိုက်၏။ မိန်းမပျိုက ဆက်လက် ရှင်းပြသည်။

'ဒဏ်ရာရနေတဲ့ ... သူ့ရဲ့ လက်ချောင်းဆယ်ချောင်းစလုံးကို ဒီအပ်နဲ့ ဆယ်ပေါက် ဖောက်လိုက်ပါ၊ အဲ့ဒီ အပေါက် ဆယ်ပေါက်ထဲကို အပ်နဲ့ ဆေးရည်ကို တို့ပြီး အစက်ဆယ်စက် ချပါ ..... အဲ့ဒီလို သုံးကြိမ်လောက် အစက်ချပြီးရင် သူ့ဝေဒနာ ပျောက်ကင်းသွားပါလိမ့်မယ် ....'

မိန်းမပျိုသည် ဆေးပုလင်းကို ပေးပြီးနောက်၊ ပြန်လှည့်သွား၏။ မြွေနဂါးဒေဝီ၏ နောက်နားတွင် ပြန်ရပ်နေသည်။

ထို့ကြောင့် ... လွှေကျင်ထန်းက မြွေနဂါးဒေဝီအား လက်ဖမိုးယှက်၍ အရိုအသေပေးလိုက်၏။

'ကျေးဇူး အထူးတင်ပါတယ် မြွေနဂါးဒေဝီ၊ ကျုပ်ကိုယ်စား ဝင်ခံလိုက်တဲ့ မိတ်ဆွေရဲ့ အသက်ကို အခုလို ပြန်လည်ကယ်တင်ပေးလိုက်တာကိုပဲ ကျုပ် ကျေနပ်ဝမ်းသာလှပါပြီ'

ထို့နောက် ... လွှေကျင်ထန်းက သူ့လက်ထဲမှ အပ်ကလေးနှင့် ကြေးပုလင်းကလေးကို လူယုံတပည့်တစ်ယောက်အား လှမ်းခေါ်၍ ပေးလိုက်ရင်း ပြောလိုက်သည်။

'စောစောက ဆေးကုသနည်း ပြောသွားတာကို မင်းကြားတယ် မဟုတ်လား၊ အဲဒီအတိုင်း ကုပေးလိုက်ပါ'

ထို့နောက် ....

သူက မြွေနဂါးဒေဝီဘက်သို့ ပြန်လှည့်လိုက်ပြီး ....

'ကဲ .... ဒီနေ့ပွဲကတော့ ကျုပ်ရဲ့ (၆၅)နှစ်မြောက်မွေးနေ့ပွဲပါ၊ ကျုပ်ဟာ နောက်ထပ် ခြောက်ဆယ့်ငါးနှစ် ထပ်နေရဖို့ စိတ်မကူးတော့ပါဘူး၊ ကျုပ် ဒီနေ့သေရလည်း ကျေကျေနပ်နပ်ကြီး အသေခံပါ့မယ်၊ ခင်ဗျားကတော့ လွန်ခဲ့တဲ့ အနှစ်လေးဆယ်က ကျုပ်ရဲ့အပြုအမူတွေကို မမေ့နိုင်သေးဘူးပေါ့၊ ခင်ဗျားကိုလည်း အပြစ်မဆိုပါဘူး၊ ကိုယ်လုပ်ခဲ့တာကို ကိုယ်ခံရဲရမှာပေါ့ဗျာ ....'

လွှေကျင်ထန်းသည် ခေတ္တစကားကို ရပ်လိုက်၏။ သူ့စကားလေးနက်စေလို၍ ဖြစ်သည်။



'ဒီတော့ ... ခင်ဗျား တုံ့ပြန်ချင်တာကို တုံ့ပြန်သွားပါ၊ ကျုပ်ဟာ အနှစ်လေးဆယ်က ခင်ဗျားကို ဒုက္ခပေးခဲ့ပြီးပြီ၊ ဒီတစ်ခါတော့ ကိုယ်ဒုက္ခခံရမယ့် အလှည့်ပေါ့ဗျာ .... ဒီရန်ငြိုးကို ဒီမှာပဲ ကျုပ်ချေလိုက်ပါ့မယ်၊ ဆက်ပြီး ရန်မပွားစေချင်တော့ပါဘူး၊ ကျုပ် ခံယူလိုက်ရင် ရန်ငြိုးဟာ အေးသွားပြီပေါ့'

ထိုအခါ ... မြွေနဂါးဒေဝီက 'ဟက်'ခနဲ တစ်ချက်ရယ်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်၏။

ထို့နောက် ....

လွှေကျင်ထန်းထံ ဦးတည်၍ လျှောက်လာခဲ့သည်။

သူမသည် ခြေလှမ်းနှစ်လှမ်းခန့် လျှောက်လာပြီးချိန်တွင် ...

ရုတ်တရက် ....

လူတစ်ယောက်သည် လွှေကျင်ထန်း၏ ရှေ့သို့ လှစ်ခနဲ ခုန်လွှားရောက်ရှိလာပြီး၊ လွှေကျင်ထန်းနှင့် သူမ၏အကြားတွင် ပိတ်၍ ရပ်လိုက်သည်ကို တွေ့လိုက်ရလေ၏။

❖❖❖❖❖

## အခန်း (၃၈)
## ကြားဝင်သူ၏ ရှုံးနိမ့်မှု

မြွေနဂါးဒေဝီအား ထိုလူက လက်ကာ၍ တားဆီးလိုက်သည်။

'မြွေနဂါးဒေဝီ ခင်ဗျား၊ ကျုပ်ကို စကားနည်းနည်းပြောခွင့်ပြုပါ'

ဤတွင် ...

လွှေကျင်ထန်းက သူ့ရှေ့မှ ကာ၍ ရပ်နေသော ထိုသူအား အလောတကြီး လှမ်းအော်ပြောလိုက်သည်။

'အစ်ကိုစီး .... ကျွန်တော်တို့ကိစ္စမှာ ခင်ဗျား မပါဝင်စေချင်ဘူး၊ နောက်ဆုတ်နေလိုက်ပါ အစ်ကိုစီး'

သို့သော် ...

ထိုလူက မဖယ်ပါ။



ရပ်မြဲရပ်နေသည်။

မြွေနဂါးဒေဝီက ထိုလူအား စူးစူးရဲရဲ စိုက်ကြည့်နေပြီးမှ ....

'ရှင်က ဘယ်သူလဲ'

မြွေနဂါးဒေဝီက ထိုလူအား ခပ်ပြတ်ပြတ် မေးလိုက်သည်။

ထိုလူကလည်း ခပ်ပြတ်ပြတ်ပင် ပြန်ဖြေလိုက်သည်။

'ကျုပ်ဟာ လွှေကျင်ထန်းရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ပါ။ ကျုပ်နာမည် 'စီးမာရှန်' လို့ခေါ်တယ်'

သို့နှင့် မြွေနဂါးဒေဝီက ခေတ္တရပ်၍ စဉ်းစားလိုက်ပြီး ဦးခေါင်းကို ညိတ်လိုက်၏။

ပြီးမှ ဆက်ပြောလိုက်၏။

'သြော် .... ကျွန်းကျူးနယ်က သိုင်းသမားကြီး စီးမာရှန်လား၊ ဘာလဲ .... ရှင်က ရှင့်မိတ်ဆွေကြီးအတွက် ဓားခုတ်ရာမှာ ဝင်ပြီး လက်လျှိုချင်တယ်ပေါ့၊ ဟုတ်လား'

စီးမာရှန်မှာ ကျွန်းကျူးနယ်တစ်ခွင်တွင် နာမည်ကြီး အဆင့်မြင့် သိုင်းသမားကြီးတစ်ယောက်ပင် ဖြစ်သည်။

သူက ရင့်သီးသော မြွေနဂါးဒေဝီ၏ စကားကို သည်းခံပြီး အေးဆေးတည်ကြည်စွာ ပြန်ပြောလိုက်သည်။

'ဓားခုတ်ရာမှာ လက်လျှိုချင်တဲ့ သဘောမျိုးမဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်ဟာ မိတ်ဆွေကောင်းတစ်ယောက် အနေနဲ့ လွှေကျင်ထန်းအတွက် ကျိုးကြောင်းခြင်းရာကို မေးမြန်းသင့်တယ်လို့ ယူဆ

တယ်၊ ဒါ့ကြောင့် ကျုပ်မေးပါရစေ၊ ဘယ်လိုရန်ငြိုးကြောင့် နှစ်ပေါင်းလေးဆယ်ကျော်ကြာမှ ခင်ဗျားဟာ ... လွှကျင်ထန်းရဲ့ အသက်ကို အန္တရာယ်ပြုဖို့ ကြိုးစားရတာလဲ'

ထိုအခါ ....

မြွေနဂါးဒေဝီက စီးမာရှန်အား ဒေါသရောင်တောက်နေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ အေးစက်စွာဖြင့် ...

'အကျိုးအကြောင်း ခြင်းရာကို သိပြီးရင်ကော ... ရှင်က ဘာလုပ်ချင်သလဲ'

ဤတွင် ....

စီးမာရှန်က မဲ့ပြုံးပြုံးကာ ချက်ချင်းပင် ပြန်ဖြေလိုက်၏။

'လွှကျင်ထန်းက ခင်ဗျားရဲ့ဘဝကို ထိခိုက်နစ်နာစေမယ့် လုပ်ရပ်မျိုးကို လုပ်ခဲ့တယ်ဆိုရင်တော့ ကျုပ်ဘာမှ ဝင်မပြောလိုတော့ပါဘူး၊ ဒါပေမယ့် အတိတ်က အကြောင်းဟာ အထင်မှားမှုကြောင့် ဖြစ်ရတာမျိုး ဖြစ်ပြီး ဖြေဖျောက်လို့ ရမယ့် အသေးအမွှားကိစ္စမျိုးသာ ဖြစ်မယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ကျွန်တော့်မိတ်ဆွေကြီး လွှကျင်ထန်းရဲ့ ကိုယ်စား တောင်းပန်ပေးပါမယ်၊ မြွေနဂါးဒေဝီ အနေနဲ့ ခွင့်လွှတ်ကျေအေးနိုင်မယ် ဆိုရင်တော့ မွေးနေ့ညစာပွဲမှာ ရောက်ရှိနေကြတဲ့ မိတ်ဆွေညီသည်အပေါင်းက နှစ်ထောင်းအားရ ဖြစ်ကြမှာ အမှန်ပဲ'

မြွေနဂါးဒေဝီက ခပ်မဲ့မဲ့ကလေး ပြုံးလိုက်ပြီး ....



'စီးမာရှန် .... ရှင် အပိုတွေ လာပြောမနေနဲ့၊ ရှင့်မှာ ကျွန်မကို ယှဉ်နိုင်တဲ့ ပညာစွမ်းရှိရဲ့လားလို့ ကျွန်မ မေးချင်တယ်၊ ရှင့်မိတ်ဆွေအတွက် ကာကွယ်ပေးနိုင်တဲ့ စွမ်းအား ရှင့်မှာ ရှိရဲ့လား'

မြွေနဂါးဒေဝီ၏ စကားကြောင့် စီးမာရှန်မှာ အကြီးအကျယ် ဒေါသထွက်သွားလေတော့သည်။

သူက ပြောရာပြောကြောင်း ပြောနေသော်လည်း မြွေနဂါးဒေဝီက သူ့အား ရန်စကားသာ ပြောလာသည်။

ထို့ကြောင့် .....

စီးမာရှန်က ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ ခါးတွင် ချိတ်ထားသော ဓားကို 'ရွှမ်း'ခနဲ မြည်အောင် ဆွဲထုတ်လိုက်သည်။

ထို့နောက် မာကျောစွာ ပြောလိုက်သည်။

'ဒီမယ် မြွေနဂါးဒေဝီ .... ကျုပ်ဟာ ခင်ဗျားကို ယှဉ်နိုင်တဲ့ အဆင့်ရှိလို့ ပြောနေတာပေ့ါ၊ ကျုပ်ကို ခင်ဗျားက အထင်သေးနေသလား။ အထင်သေးနေရင်တော့ စမ်းကြည့်လိုက်လေ၊ စမ်းကြည့်ရင် သိသွားမှာပါ .....'

ဤတွင် ....

ရပ်လျက် ကြည့်နေကြသော ပရိသတ်ကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေတော့သည်။ သို့နှင့် ....

လွှကျင်ထန်းက စီးမာရှန်အား ကပျာကယာ ဝင်ရောက်တားဆီးလိုက်ကာ .....

'အစ်ကိုစီး ..... ကျွန်တော်တို့ နှစ်ယောက်ကိစ္စအတွက်နဲ့ အစ်ကိုစီး ဒေါသမဖြစ်ပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကိစ္စ ကျွန်တော့်ဘာသာ ဖြေရှင်းပါရစေ'

သို့ရာတွင် ....

စီးမာရှန်မှာ ရှူးရှူးရှဲရှဲ ဖြစ်နေပြီး ဒေါသသံဖြင့် ....

'ကျုပ်က ... တောသားဗျ၊ မြို့သားတွေလို စကားထောက်စကားစူးတွေ နားမထောင်နိုင်ဘူး၊ မဟုတ်ရင် ရှင်းရှင်း၊ ဟုတ်ရင် ဘွင်းဘွင်းပဲ၊ သူက ကျုပ်ကို အထင်သေးတဲ့ စကားမျိုးပြောနေတယ်၊ ဒီတော့ ကျုပ် သူ့ကို ယှဉ်မယ်၊ သိုင်းသမားရဲ့ စိတ်ဓါတ်ကို ခင်ဗျား သိကယ် မဟုတ်လား၊ ဘယ်သူ့မှ အသက် 'နှစ်'သက် မရှိဘူးဗျ'

ထိုစဉ် ...

မြွေနဂါးဒေဝီက စီးမာရှန်၏ အဖြစ်ကို ကြည့်လျက် မထိမဲ့မြင် ဟန်ဖြင့် ပြုံးနေ၏။

ထိုကဲ့သို့ သူမ၏ ဟန်မူရာကြောင့် စီးမာရှန်က ပို၍ ဒေါသထွက်လာခဲ့သည်။

သို့သော် ....

လွေကျင်ထန်းက တားဆီးထားသဖြင့် စီးမာရှန်မှာ နေရာမှ ပင် မရွေ့လျားနိုင်အောင် ဖြစ်နေသည်။

ဤအဖြစ်ကို မြင်တွေ့ရသော မြွေနဂါးဒေဝီက အားရပါးရ ဟားတိုက်ရယ်မောလိုက်၏။



ထိုအခါ ...

စီးမာရှန်က ... ဓားကို ဝင့်ကာ မြွေနဂါးဒေဝီဆီသို့ ဓားဦးကို ထိုးညွှန်လိုက်ပြီး အော်ငေါက်ကာ မေးလိုက်သည်။

'ခင်ဗျားက ဘယ်ရယ်တာလဲဗျ၊ ကဲ ... ခင်ဗျားဘက်က ကျုပ်နဲ့ ယှဉ်ပြိုင်ဖို့အတွက် အဆင်သင့်ပြင်ထားပါ၊ ကျုပ်အနေနဲ့ ခင်ဗျားကို ဘယ်လိုလုပ်နိုင်တယ် ဆိုတာ ခင်ဗျား အခုသိစေရမယ်'

မြွေနဂါးဒေဝီ ရယ်မြဲရယ်နေသည်။

ခေတ္တအကြာတွင် အရယ်ရပ်လိုက်ပြီး သူမ၏ မျက်နှာကို တည်ပစ်လိုက်၏။

ပြီးနောက် .....

မာကျော ပြတ်သားသော လေသံဖြင့် ...

ရှင်ဟာ တော်တော်ရယ်ဖို့ ကောင်းတဲ့လူပဲ၊ ရှင့်ကို ကျွန်မက စကားတစ်ခွန်းလောက်ပဲ ပြောလိုက်ရသေးတယ်၊ ရှင်က ကျွန်မကို သတ်ဖို့ ဓားတောင် ထုတ်လိုက်ပြီပေါ့ ဟုတ်လား'

မြွေနဂါးဒေဝီက စီးမာရှန်အား ထိုသို့ပြောလိုက်ပြီးနောက် ကျန်လူများဘက်သို့ လှည့်ကာ အသံကို အနည်းငယ်မြှင့်၍ ပြောလိုက်၏။

'အားလုံး မြင်ကြ ကြားကြတဲ့အတိုင်းပါပဲ ..... အမုန်းတရားဆိုတာ လူနဲ့ လူကြားမှာ ပေါ်ပေါက်ဖို့ အင်မတန်လွယ်တဲ့ အရာပါပဲ၊ အမုန်တော့ ဒီအမုန်းကနေ ... ရန်မီးကို ပွားစေနိုင်တာပဲပေါ့'

ထို့နောက် ...

စီးမာရှန်အား ပြန်၍ စိုက်ကြည့်လိုက်ပြီး ....

'ရှင် ဒီလောက်ဆို သဘောပေါက်လောက်ပါပြီ၊ တကယ်တော့ အမုန်းတရားရဲ့ နောက်ကွယ်က ပေါက်ဖွားလာတဲ့ အငြိုးတရား ဆိုတာ ကြီးတယ် ငယ်တယ် မရွေးပါဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်က ဖြစ်ပျက်ခဲ့တဲ့ ရန်ငြိုးဟာ ကြာမြင့်တဲ့ နှစ်ကာလရဲ့ ချေဖျက်မှုကြောင့် ပျက်ပြယ်သွားနိုင်လိမ့်မယ်လို့ ရှင်ထင်နေသလား'

မြွေနဂါးဒေဝီက ပြောရင်း ... မဲ့ပြုံးပြုံးလိုက်လေ၏။ သူမ ဆက်ပြောသည်။

'ရှင်က ကျွန်မတို့ရဲ့ လွန်ခဲ့တဲ့ နှစ်လေးဆယ်က အတိတ်ကို မသိဘဲနဲ့ ကြားထဲက ဝင်ပြောနေတယ်၊ ကြားထဲက ဝင်ပြောတဲ့ လူဆိုရင် ကျွန်မ သိပ်မုန်းတာပဲ ....'

စီးမာရှန်က ဒေါသဖြင့် ပြန်ပြောလေ၏။

'ဒါဆို ရှင်းရှင်းကလေးပဲ၊ ခင်ဗျားတို့ ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပေါ့ဗျာ .....'

မြွေနဂါးဒေဝီက မဲ့လိုက်လေ၏။

'ကျွန်မအတွက် ... ဘာမှ လျှို့ဝှက်စရာ မလိုဘူး၊ သိချင်ရင် နားထောင်ကြပါ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်က သူဟာ ကျွန်မကို ပညာလာပြိုင်တယ်ရှင့်၊ ကျွန်မ ရှုံးသွားတယ်၊ အနိုင်အရှုံးဟာ အမုန်းပွားစရာလားလို့ ရှင်တို့က မေးကြလိမ့်မယ်၊ တကယ်တော့ အနိုင်



အရှုံးဟာ အမုန်းပွားစရာ မဟုတ်ပါဘူး၊ ဒါပေမယ့် ... သူဟာ ကျွန်မ ဆံပင်ကို ဖြတ်ခဲ့တယ်၊ သူက ပြောခဲ့သေးတယ် .... နောက်နှစ်ပေါင်းလေးဆယ်ကြာအောင် လေ့ကျင့်ဦးတဲ့၊ နှစ်လေးဆယ်ကြာရင်တောင် သူ့ကို မနိုင်နိုင်ဘူး ပြောခဲ့တယ် ....'

မြွေနဂါးဒေဝီမှာ လေ့ကျင်ထန်း၏ အပြုအမူနှင့် ပြောစကားကို လွန်စွာမှပင် နာကျည်းနေဟန်တူ၏။

သူမက စိတ်ဆိုးမာန်ဆိုးဖြင့် ဆက်၍ ပြောလိုက်၏။

'သူ့အပြုအမူနဲ့ စကားတွေဟာ ကျွန်မစိတ်ကို ဘယ်လောက်အထိ နာကျည်းစေခဲ့လိမ့်မယ်ဆိုတာ ရှင်တို့ပဲ စဉ်းစားကြည့်ပါလား၊ အဲဒီတော့ လေ့ကျင်ထန်း၊ ရှင်ပြောခဲ့တဲ့စကားကို ရှင် အမှတ်ရသေးတယ်ဆိုရင်တော့ ရှင် ကျွန်မကို ယှဉ်ပြိုင်ဖို့ အဆင်သင့် ပြင်ထားပါ'

လေ့ကျင်ထန်းက ဦးခေါင်းကို ညိတ်လိုက်ပြီး အေးဆေးစွာ ပြန်ပြောလိုက်သည်။

'ကျုပ် ..... ခင်ဗျားကို ပြောခဲ့ပြီးပါပြီ၊ ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်အတွင်းမှာ ကျုပ်အဖို့ အရာရာ ပြောင်းလဲခဲ့ပါပြီ၊ ငယ်ငယ်တုန်းက ပညာသွေးကြွပြီး ခင်ဗျားအပေါ် ရိုင်းပျစွာ ဆက်ဆံခဲ့မိတယ်ဆိုတာလည်း မှန်ပါတယ်'

လေ့ကျင်ထန်းက ထိုကဲ့သို့ ဝန်ခံပြောဆိုနေသည်ကို ကြည့်ပြီး စီးမာရှန်သည် စိတ်မငြကောင်းခြင်းကြီးစွာဖြင့် ဦးခေါင်းကို ခါယမ်းလိုက်မိ၏။

ပြီးနောက် ....

သူ့ဓားကို ပြန်လည်သိမ်းဆည်းလိုက်၏။ ထိုစဉ် ....

မြွေနဂါးဒေဝီ၏ အော်ငေါက်လိုက်သံက ရုတ်တရက် ထွက်ပေါ်လာခဲ့ပြန်သည်။

'စီးမာရှန် .... ရှင့်ဓားကို ပြန်ထုတ်လိုက်စမ်းပါ'

စီးမာရှန်က သူမကို ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

မြွေနဂါးဒေဝီက စီးမာရှန်ကို လက်ညှိုးထိုးလိုက်ပြီး ...

'စောစောက ကျွန်မက ရှင့်ကို စကားလေး တစ်ခွန်းလောက်နှိမ်ပြောလိုက်ရုံနဲ့ ရှင်ဟာ ဆတ်ဆတ်ခါ နာကျည်းသွားပြီး ကျွန်မကို ချက်ချင်း တိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ် မဟုတ်လား'

သူမက တစ်ချက် မဲ့ပြုံးပြုံးလိုက်ပြီးမှ ဆက်ပြောလိုက်ပြန်လေသည်။

'နာကျည်းမှုဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားရတယ်၊ လွယ်လွယ်နဲ့ ပြေပျောက်မသွားသင့်ဘူး၊ ကိုယ့်ကို နာကျည်းအောင် ပြောဆိုထားတဲ့သူကို အစွမ်းရှိသမျှ ပြန်တိုက်ခိုက်သင့်တယ်၊ ရှင်ဟာ ယောကျ်ားတစ်ယောက် မဟုတ်ဘူးလား၊ ဒီတော့ .... ယောကျ်ားသိက္ခာထိန်းပါ'

ဤတွင် လွေကျင်ထန်းက အသံမာမာဖြင့် ....

'ဒီမယ် .... မြွေနဂါးဒေဝီ၊ ခင်ဗျား ဒီနေ့ ရောက်လာတာ ကျူပ်နဲ့ စာရင်းရှင်းဖို့ပဲ မဟုတ်လား၊ ဘာ့ကြောင့် မသက်ဆိုင်တဲ့သူအပေါ် လှည့်ပြီး ရန်မီးပွားနေရပြန်တာလဲ'



မြွေနဂါးဒေဝီက လွေကျင်ထန်းအား တင်းမာသော မျက်နှာထားဖြင့် လှမ်း၍ အော်ငေါက်လိုက်သည်။

'နောက်ဆုတ်လိုက်စမ်းပါ .... လွေကျင်ထန်း၊ သူ့ကို အရင်ရှင်းပြီးမှ ရှင်နဲ့ ဆက်ရှင်းမယ်၊ ဒီတော့ .... ရှင် နောက်ကို ဆုတ်လိုက်စမ်းပါ'

မြွေနဂါးဒေဝီက ပြောပြောဆိုဆို လက်ကို တစ်ချက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ ....

သူမ၏ အင်္ကျီလက်အိုးစက လေထဲတွင် ခါယမ်းသွား၏။

လေလှိုင်းတစ်လှိုင်းသည် ... လွေကျင်ထန်း၏ မျက်နှာအားလာရောက် ထိခတ်တွန်းကန်ထုတ်လိုက်သဖြင့် လွေကျင်ထန်းမှာ နောက်သို့ ခြေလှမ်းသုံးလေးလှမ်းခန့် ဆုတ်သွားရသည်။

သူမ၏ လေလှိုင်းရိုက်ခတ်မှုမှာ ပြင်းထန်လှကြောင်း လွေကျင်ထန်းက အံ့ဩထိတ်လန့်စွာ ခံစားလိုက်ရသည်။

အနှစ်လေးဆယ်အတွင်း သူမ၏ လေ့ကျင့်မှုများက သူမအား ကြီးမားသော အတွင်းအားကို ရရှိစေခဲ့ပြီ မဟုတ်ပါလား ....

ထိုအချိန်တွင် ....

စီးမာရှန်ကလည်း သူ၏ ဓားကို ပြန်လည်ဆွဲထုတ်လိုက်ပြီး ဖြစ်နေသည်။

ထို့နောက် ....

သူသည် ရှေ့သို့ တဖြည်းဖြည်း လျှောက်သွား၏။

မြွေနဂါးဒေဝီရှေ့သို့ ရောက်သောအခါ ဓားကို ကိုင်လျက် ရပ်တန့်လိုက်သည်။

သူ့ဟန်က အေးဆေးတည်ငြိမ်နေသည်။

သို့သော် .....

သူ့မျက်လုံးအစုံကမူ မြွေနဂါးဒေဝီအား အလစ်မပေးဘဲ ဂရုတစိုက် စူးစိုက်ကြည့်နေသည်။

သို့နှင့် မြွေနဂါးဒေဝီက မဲ့ပြုံးပြုံးကာ ....

'စီးမာရှန် .... ရှင် စ,တိုက်နိုင်ပြီ'

စီးမာရှန်က မထီမဲ့မြင် ပြုံးလိုက်ပြီး ....

'ခင်ဗျားက မိန်းမသားမို့ ခင်ဗျားကို ဦးစားပေးပါတယ်'

ဤတွင် မြွေနဂါးဒေဝီက ရယ်မောလိုက်ပြီး ....

'ဟင်း ... ဟင်း ... ကျွန်မက ရှင့်ကို စ,တိုက်ရမယ်ဆိုရင် ရှင် ကျွန်မကို ပြန်တိုက်ဖို့ အခွင့်အရေး လုံးဝ မရဘဲ ဖြစ်နေလိမ့်မယ်'

စီးမာရှန်၏ မုတ်ဆိတ်ဖြူဖြူမှာ တစ်ချက် လှုပ်ရှားသွား၏။

'တယ်လည်း အပြောကြီးတဲ့ အဘွားကြီးပါလား၊ ကဲ ... ဒီလိုဆို ကာကွယ်ပေတော့'

ပြောပြောဆိုဆိုဖြင့် စီးမာရှန်က သူမဆီသို့ ခုန်လွှားဝင်လိုက်၏။ ဓားဦးဖြင့် လှမ်း၍ ထိုးမည်ပြုပြီးမှ ... နောက်သို့ ဆတ်ခနဲ ပြန်ဆုတ်လိုက်သည်။



သူသည် ဝါရင့်သိုင်းသမားကြီး တစ်ယောက်ဖြစ်၏။

ထို့ကြောင့် စိတ်ထဲတွင် ခံပြင်းစိတ်ဖြင့် ဒေါသထွက်နေသည့်တိုင်အောင် ရန်သူအပေါ် အထင်သေးစိတ်ဖြင့် အရမ်းဝင်သည့် ပုံစံမျိုး မပြုလုပ်ပေ။

သူက 'ထင်းခုတ်သမား လမ်းရှင်' ...ုင်းကွက်ဖြင့် တစ်ဘက်လူ၏ လှုပ်ရှားလာမည့် သိုင်းကွက်ကို ...မ်းသပ်လိုက်ခြင်းပင် ဖြစ်သည်။

သို့သော် ....

မြွေနဂါးဒေဝီက ယခင်နေရာ၌ ရပ်မြဲ ရပ်နေ၏။

လုံးဝ မလှုပ်ရှားဘဲ သူ့ကိုသာ ရပ်ကြည့်နေသည်။

သူ့အသွင်က မထီလေးစားဟန် အပြည့်ရှိနေ၏။

တစ်ဘက်လူအား စိတ်ဓာတ်ရေးရာအရ စစ်ဆင်ရေး လုပ်နေခြင်း ဖြစ်သည်။ တစ်ဘက်လူ ဝေခွဲမရဘဲ ခြောက်ခြားအောင် ပြုလုပ်နေခြင်းသာ ဖြစ်သည်။

'ဟိုင်း ...'

အော်ဟစ်မာန်သွင်းသံက ... ရုတ်တရက် ပေါ်ထွက်လာပြီး စီးမာရှန်၏ လက်ထဲမှ ဓားသည် မြောက်တက်သွား၏။

ဓားရောင်က ဖွေးခနဲ လင်းလက်သွားသည်။

စီးမာရှန်က ဓားကို ဆက်တိုက် လှုပ်ရှားလိုက်၏။

ထိုအခါ ....

မြွေနဂါးဒေဝီ၏ တစ်ကိုယ်လုံးအား ... လွှမ်းခြုံဖြတ်သန်းနေသကဲ့သို့ ထင်မှတ်ရသည်။

မြွေနဂါးဒေဝီက ကိုယ်ကို ယိမ်းကာနွဲ့ကာ၊ တိမ်းကာ ငုံ့ကာဖြင့် စီးမာရှန်၏ ဓားချက်များကို သွက်လက်စွာ ရှောင်တိမ်းနေသည်။

'ဟိုင်း ....'

ယင်းသို့ စူးစူးရှရှ အော်ဟစ်မာန်သွင်းသံ အဆုံးတွင် မြွေနဂါးဒေဝီက တစ်ဘက်သို့ ခုန်ရှောင်သွားသည်ကို တွေ့လိုက်ကြရသည်။

တစ်ဆက်တည်းတွင် အားလုံး၏ မျက်လုံးအစုံက စီးမာရှန်ထံ ပြန်လည်ရောက်ရှိသွားကြ၏။

စီးမာရှန်က ဓားကိုတန့်ကာ ရပ်နေသည်ကို တွေ့လိုက်ကြရသည်။

သူသည် ဓားကို မြှောက်ကိုင်ထားသည်ကိုလည်း တွေ့လိုက်ကြရသည်။ ထိုစဉ် .....

'ဟင် ....'

'ဟာ ....'

ကြည့်နေကြသူများ၏ နှုတ်မှ ... အာမေဋိတ်သံများက ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

သွေးနီကြောမြွေငယ်တစ်ကောင်သည် စီးမာရှန်၏ ဓားစွက်တွင် ရစ်ပတ်လျက် ရှိနေသည်ကို တွေ့လိုက်ကြရသောကြောင့် ဖြစ်လေသည်။



ယင်းမြွေနီကလေးမှာ လျှာကို တစ်လစ်တစ်လစ် ထုတ်လျက် နက်ပြောင်သော မျက်လုံးအစုံဖြင့် စီးမာရှန်အား ခေါင်းထောင်၍ ကြည့်နေသည်။

အဆိပ်ပြင်းလှသော ဤမြွေနီကလေးအကြောင်းကို စီးမာရှန်က ဝေရွှန်းထံမှ သိထားပြီး ဖြစ်၏။

ထို့ကြောင့် ....

စီးမာရှန်က ဘာမျှ စဉ်းစားမနေတော့ဘဲ ဓားကိုမြှောက်ကာ ဝှေ့ယမ်း ခါထုတ်ပစ်လိုက်၏။

ဝင်းကနဲ လက်ဖြာသွားသည့် ... ဓားရောင်၏ အဆုံးဝယ် စီးမာရှန်က အောက်သို့ ခုန်ဆုတ်လိုက်သည်။

'ဖုတ် .....'

မြေပြင်ပေါ်သို့ 'ဖုတ်'ခနဲ ကျသံ ပေါ်ထွက်လာပြီး နှစ်ပိုင်းပြတ်လျက်ရှိသော မြွေနီကလေးတစ်ကောင်က မြေပြင်ပေါ်တွင် လူးလွန့်လှုပ်ရှားနေသည်။

စီးမာရှန်ကား အဆင့်မြင့် သိုင်းသမားကြီးတစ်ယောက်ပင် ဖြစ်၏။

အသွင်ပြောင်းတတ်သော ... မြွေနီကလေးအား စီးမာရှန်က ရုတ်တရက် အပေါ်သို့ ဝှေ့ယမ်းခြောက်လှန့်ကာ မြွေနီ၏ ကိုယ်ခန္ဓာကို ပျော့ပျောင်းစေပြီးမှ လျှပ်တစ်ပြက် ဓားဖြင့် ဝှေ့ယမ်းခုတ်ပိုင်းလိုက်ခြင်း ဖြစ်သည်။

ဤတွင်မှ ကြည့်နေသူအားလုံးမှာ သက်မ ချနိုင်လေတော့သည်။

စီးမာရှန်က မျက်မှောင်ကုပ်လိုက်ကာ .....

'မြွေနဂါးဒေဝီ ... ခင်ဗျားဟာ ကျုပ်နဲ့ လူချင်းယှဉ်ပြိုင်နေတာလား၊ ဒါမှမဟုတ် မြွေနဲ့တိုက်ပြီး ယှဉ်ပြိုင်နေတာလား'

စီးမာရှန်က ဝင့်ကြွားသော လေသံဖြင့် အော်ဟစ်ကာ မေးလိုက်ခြင်း ဖြစ်၏။ ထိုအခါ ...

မြွေနဂါးဒေဝီက ... တစ်ချက် ရယ်မောလိုက်သည်။

'ဘာလဲ .... ရှင်က ကျွန်မကို မတရားဘူးလို့ ပြောချင်တာလား၊ ကျွန်မ တိုက်ခိုက်နည်းက နည်းလမ်းကျပါတယ်ရှင့်၊ ရှင်က ဓားလက်နက်ကို အသုံးပြုသလို ကျွန်မက မြွေလက်နက်ကို အသုံးပြုတယ်၊ ရှင်နဲ့ ကျွန်မ လက်နက်ချင်း ယှဉ်ပြိုင်ကြတဲ့ သဘောပဲ ... မဟုတ်ဘူးလား'

ထို့ကြောင့် ...

စီးမာရှန်က သူ့ဓားကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ပြီးနောက် .....

'ကဲ .... ဒီလိုဆိုရင် ခင်ဗျားနဲ့ ကျုပ် လက်ရည်အမှန်ကို သိကြရအောင် လက်နက်မဲ့ပဲ ယှဉ်ပြိုင်ကြတာပေါ့ ဟုတ်လား'

မြွေနဂါးဒေဝီက မဓိတရို့ပြုံးလိုက်ပြီး ဦးခေါင်းကို ခါယမ်းလိုက်၏။



'ရှင် ... ကျွန်မကို ဆက်ပြီး မယှဉ်နိုင်တော့ပါဘူး၊ ရှင့်မှာ ယှဉ်ပြိုင်နိုင်မယ့် အားအင်တွေ ကုန်ခန်းသွားပြီ၊ ရှင့်ဘယ်ဘက်လက်ကို ရှင်ပြန်ကြည့်စမ်းပါ'

သို့နှင့် စီးမာရှန်က အထိတ်တလန့် ဖြစ်သွားပြီး သူ့ဘယ်ဘက်လက်ကို မြောက်ကာ ကြည့်လိုက်သည်။

သူ၏ ဘယ်ဘက် လက်ချောင်းများသည် ညိုမည်းနေသည်ကို တွေ့လိုက်ရ၏။

ဤတွင်မှ သူ့လက်ချောင်းတစ်ခုလုံး ... တစစ်စစ်ကိုက်လျက်ပူလောင်လာမှန်း သိလိုက်ရတော့သည်။

'အား ....'

စီးမာရှန်က ထိတ်လန့်တကြား အော်ဟစ်ရင်း သူ့လက်ကို ဆတ်ခနဲ ခါထုတ်လိုက်၏။ ထိုအခါ ....

မြွေနီကလေးတစ်ကောင်သည် သူ့အင်္ကျီလက်အိုးအတွင်းမှ ဖုတ်ခနဲ ကျသွားသည်ကို တွေ့လိုက်ရသည်။

ထို့နောက် .....

စီးမာရှန်က ဖိနပ်ဖြင့် မြွေနီကလေးဦးခေါင်းအား လျှင်မြန်စွာ ဖိနင်းထားလိုက်လေသည်။

လူအများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

❖❖❖❖❖

## အခန်း (၃၉)

## မေတ္တာတရားဟူသည်

မြွေနီကလေးသည် စီးမာရှန်၏ ဖိနပ်အောက်တွင် လူးလွန့်လှုပ်ရှားလျက် ရှိ၏။

စီးမာရှန်၏ နဖူးပြင်မှ ချွေးများ စီးကျလာသည်။

စီးမာရှန်က ရှိသမျှ အတွင်းအားကို ထုတ်၍ မြွေနီကလေးအား ဖိနင်းထားလိုက်သည်။

ကျောက်ပြားပေါ်တွင် ဖြစ်နေသောကြောင့် ... ရုတ်တရက် မြွေသည် မြေကြီးအတွင်းသို့ ... တိုးဝင်မသွားနိုင်ပေ၊ မြွေက ခွေလိပ်တွန့်လိမ်နေသကဲ့သို့ စီးမာရှန်၏ ဒူးအစုံသည်လည်း တဆတ်ဆတ် တုန်ယင်နေပေသည်။

ထိုအခါ .....



လူအများမှာ စီးမာရှန်၏ အဖြစ်ကိုကြည့်ရင်း ရင်တမမ ဖြစ်နေကြ၏။

ထိုစဉ် ...

လူအများ၏ အထိတ်တလန့် ရေရွတ်ပြောဆိုသံမဆုံးမီ ...

'ဘိုင်း ....'

ရုတ်တရက် .... စီးမာရှန်မှာ ... ဘိုင်းခနဲ လဲကျသွားသည်။ ပက်လက်လန် လဲကျသွားခြင်း ဖြစ်သည်။

မြွေနီကလေးသည် ကျောက်ပြားပေါ်တွင် ဦးခေါင်းပြားလျက် သေဆုံးနေပြီ ဖြစ်၏။

ကျောက်ပြားတွင် ဖိနပ်ရာက စီးမာရှန်၏ ဖိထားမှုကြောင့် အနည်းငယ် ခွက်ဝင်၍ ထင်ကျန်ရစ်ခဲ့လေသည်။

သို့တစေ ....

စီးမာရှန်မှာ လဲကျသွားသည့်နေရာတွင်ပင် မလှုပ်မရှား ငြိမ်သက်သွားလေတော့သည်။

ဤတွင် ....

လှေကျင်ထန်းမှာ ခြေလှမ်းကဲ့ကြီးများဖြင့် ရှေ့သို့ လှမ်းထွက်လာရင်း မြွေနဂါးဒေဝီအား အော်ငေါက်၍ ပြောလိုက်သည်။

'မြွေနဂါးဒေဝီ ... စီးမာရှန်ကို သေအောင် မလုပ်သင့်ဘူး၊ ကျုပ်နဲ့ ဖြေရှင်းရမယ့်ကိစ္စ .... ကျုပ်ကိုသာ ကြိုက်သလို လုပ်ပါ'

မြွေနဂါးဒေဝီက အေးစက်စွာဖြင့် ....

'ရှင် .... မပူပါနဲ့ ရှင့်အလှည့်လည်း မကြာခင် ကျရောက်လာတော့မှာပါ၊ စီးမာရှန်ဟာ သူ့ကိုယ်သူ အထင်ကြီးပြီး နေရာတကာ ဖျန်ဖြေရေးသမား လိုက်လုပ်နေလို့ ပညာပေးလိုက်ရတာပဲ၊ သူ့ကို နှစ်ရက်လောက်တော့ ပညာပေးထားလိုက်ရမယ်'

မြွေနဂါးဒေဝီက ထိုသို့ပြောပြီး လက်တစ်ဘက်ကို မြှောက်ပြလိုက်၏။

သို့နှင့် ဝတ်စုံဖြူနှင့် မိန်းမပျိုသည် ဆေးသေတ္တာဘူးလေးကို ကိုင်ကာ သူမ အနီးသို့ ချဉ်းကပ်လာခဲ့သည်။

ပြီးနောက် .....

အဖုံးကို အသင့်ဖွင့်ဟပေးလိုက်၏။

မြွေနဂါးဒေဝီက သေတ္တာအတွင်းသို့ လက်ကို ထိုးနှိုက်လိုက်သည်။

လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ၊ သူ့လက်တွင်းဝယ် ... လက်သုံးလုံးခန့်ရှည်သည့် အပ်တစ်ချောင်း ပါလာသည်ကို တွေ့ရ၏။

ထို့နောက် ....

အပ်ကို လက်မနှင့် လက်ညှိုးကြားတွင် ညှပ်ကာ မြေပြင်ပေါ်တွင် လဲကျနေသော စီးမာရှန်ထံသို့ လှမ်း၍ တောက်လိုက်သည်။

အပ်ကလေးမှာ စီးမာရှန်၏ ဘယ်ဘက် လက်မောင်းသားပေါ်သို့ တန်းတန်းမတ်မတ်ပင် စိုက်ဝင်သွားသည်ကိုပင် တွေ့လိုက်ကြရ၏။



ထိုအပ်ကလေးအတွင်းတွင် အဆိပ်ဖြေဆေးရည် ပါရှိမည်မှာ သေချာသည်။ ဝေခွန်းကိုလည်း ဤသို့ပင် အပ်နှင့် အဆိပ်ဖြေပေးခဲ့သည် မဟုတ်ပါလော။

ထို့နောက် ....

မြွေနဂါးဒေဝီက စီးမာရှန်ကို လက်ညှိုးထိုးလိုက်ပြီး ...

'သူ့ကို မ,ချီသွားကြ၊ နှစ်ရက်တိတိ အဆိပ်ဒဏ်ကို ခံပါစေ၊ ရှင့်ကို အခုပေးလိုက်မယ့် ဆေးရည်ကို မြွေကိုက်တဲ့ ဒဏ်ရာပေါ်မှာ လိမ်းပေးပါ၊ သူ နှစ်ရက်ကြာရင် ပြန်သတိရလာလိမ့်မယ်'

မြွေနဂါးဒေဝီက ပြောပြီးသည်နှင့် တစ်ပြိုင်နက် ဝတ်စုံဖြူနှင့် မိန်းမပျိုက လွှကျင်ထန်းထံ ... လျှောက်သွား၏။

လွှကျင်ထန်းကလည်း ... လက်ကို ရုတ်တရက် ငေ့ယမ်းပြလိုက်၏။

ချက်ချင်းပင် 'လွှ'ဂေဟာမှ လူယုံတပည့် သုံးယောက်သည် ကွက်လပ်သို့ ထွက်လာကြသည်။

ဝတ်စုံဖြူနှင့် မိန်းမပျိုက လွှကျင်ထန်းရှေ့တွင် ရပ်လိုက်ပြီး သေတ္တာဘူးကလေးကို ဖွင့်လိုက်၏။

ထို့နောက် ....

သေတ္တာဘူးအတွင်းမှ မြွေအရေခွံဖြင့် စီစဉ်ထားသော အုံဆေးတစ်ချပ်ကို ထုတ်ယူလိုက်သည်။

ပြီးနောက် ....

ထိုဆေးပြားကို လှေကျောင်ထန်းသို့ လှမ်းပေးရင်း .....

'ဟောဒီကပ်ဆေးကို နှစ်ရက်နဲ့ နှစ်ညတိတိ ကြာတဲ့အချိန် ရောက်မှ မြွေကိုက်တဲ့ဒဏ်ရာပေါ်မှာ အုံပေးပါ၊ တစ်ခုသတိထားရမှာက နှစ်ရက်နဲ့ နှစ်ညတိတိ ကြာမှ ကပ်ပါ၊ စောခြင်း၊ နောက်ကျခြင်း မရှိစေနဲ့၊ ဒီဆေးအုံပြီး နောက်တစ်နေ့နံနက်မှာ သတိရလာပြီး ဒဏ်ရာ ပျောက်ကင်းနေပါလိမ့်မယ်'

လှေကျောင်ထန်းက ဆေးကို လက်ခံယူလိုက်ပြီး သူ၏ လူယုံ တပည့်တစ်ယောက်အား တစ်ဆင့် လှမ်းပေးလိုက်၏။

ပြီးနောက် .....

ဝတ်စုံဖြူနှင့် မိန်းကလေး၏ မှာကြားချက်ကို အသေအချာ မှတ်သားစေလိုက်သည်။ ထို့အပြင် ....

စီးမာရှန်ကိုလည်း အိမ်တွင်းသို့ ချီမ,သယ်ယူသွားစေလေသည်။

စီးမာရှန်အား သယ်ယူသွားပြီးနောက် .....

အတန်ကြာမှ ....

မြွေနဂါးဒေဝီက လှေကျောင်ထန်းအား စူးစူးရဲရဲကြည့်ကာ မေးလိုက်သည်။

'လှေကျောင်ထန်း၊ အနှစ်လေးဆယ်လုံးလုံး ရှင့်ကြောင့် ကျွန်မ ခံစားရတဲ့ နာကျည်းမှုကို ရှင်က ဘယ်လိုနည်းနဲ့ ကျေအေးအောင် အလျော်ပေးမလဲ'



လှေကျောင်ထန်းက မတုန်မလှုပ်သော အမူအရာနှင့်ပင် ပြန်ဖြေလိုက်၏။

'ကျုပ် .... ဘာမှ မပြောလိုဘူး၊ ခင်ဗျား ကြိုက်သလို လုပ်နိုင်ပါတယ်'

ဤတွင် ... မြွေနဂါးဒေဝီက မဲ့ပြုံးပြုံးလိုက်ကာ .....

'ကောင်းပြီ၊ ဒီလိုဆို .... ရှင် ရှေ့ကို တိုးခဲ့ပါ'

လှေကျောင်ထန်းက ချက်ချင်းပင် .... ရင်ကို ကော့၍ ရှေ့သို့ လျှောက်လာခဲ့သည်။

မြွေနဂါးဒေဝီက သူမ၏ ခါးပတ်မှ မြွေနီတစ်ကောင်ကို ဆွဲထုတ်လိုက်၏။

ထူးဆန်းနေသည်က မြွေနီကလေးသည် မြွေနဂါးဒေဝီအား လုံးဝ အန္တရာယ် မပြုခြင်းပင် ဖြစ်သည်။

ထိုစဉ် .....

သခင်ကြီးခင်ဗျား .... ရှေ့ဆက်မလျှောက်ဘဲ အဲဒီနေရာမှာပဲ ရပ်နေလိုက်ပါ၊ ကျွန်တော် .... သခင်ကြီးကိုယ်စား မြွေနဂါးဒေဝီနဲ့ ဒီပြဿနာကို ဖြေရှင်းပေးပါရစေ'

ထိုအသံမှာ ရုတ်တရက် ကျယ်လောင်ပီသစွာ ပေါ်ထွက်လာသည်။

လျှောက်လှမ်းနေသော .... လှေကျောင်ထန်း၏ ခြေလှမ်းတို့ပင် ရုတ်တရက် ရပ်တန့်သွားသည်။

ထို့နောက် ....

သူက နောက်သို့ ချက်ချင်း လှည့်ကြည့်လိုက်မိသည်။

ထိုအခါ ....

လူရွယ်တစ်ယောက်သည် လူအုပ်ကြီးအတွင်းမှ ခုန်လွှား၍ ထွက်လာသည်ကို တွေ့လိုက်ရလေ၏။

လူရွယ်ကား တစ်ယောက်တည်း လာခြင်း မဟုတ်ပေ။

ထိုလူရွယ်၏ နောက်မှ လှပချောမောသော မိန်းမပျိုကလေး တစ်ယောက်လည်း ခုန်လွှား၍ ထွက်လာသည်ကို တွေ့လိုက်ရပြန်သည်။

သူတို့နှစ်ယောက်သည် လွှေကျင်ထန်း၏ အနီးသို့ ရောက်ရှိလာသည်။

လွှေကျင်ထန်းက ထိုလူရွယ်အား အသေအချာ စူးစိုက်ကြည့်လိုက်ပြီး ...

'အလို .... မောင်ရင်က ဘယ်သူပါလဲ၊ မောင်ရင့်ကို ကျုပ်က တစ်ခါမှ မမြင်ဖူးပါလား၊ ကျုပ်မွေးနေ့ပွဲကို လာတဲ့လူတွေဟာ ကျုပ်နဲ့ရင်းနှီးတဲ့ လူတွေ၊ ကျုပ်သိတဲ့ လူတွေချည်းပါ ....'

လူရွယ်က လွှေကျင်ထန်းအား လက်ဖမိုးယှက် အရိုအသေ ပေးလိုက်ကာ ....

'သခင်ကြီးခင်ဗျား .... ကျွန်တော့်နာမည်က လီထိုက်ဟို ဖြစ်ပါတယ် ... သူကတော့ ... ကျွန်တော့်ချစ်သူ မို့ရှုရီ ပါပဲ'



ဤတွင် လူအများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

သိုင်းလောကတွင် အကျော်ကြားဆုံးဖြစ်သော 'လီထိုက်ဟို' ဆိုသည့် နာမည်ကို မမျှော်လင့်ဘဲ ကြားလိုက်ကြရ၍ ဖြစ်ရပ်ပေ ကြောင့်ပင် ဖြစ်လေသည်။

'သိုင်းလောကရဲ့ နံပါတ်တစ် ဓားသမား ... လီထိုက်ဟို'

'သံသေတားပိုင်ရှင် .... လီထိုက်ဟို'

'လီထိုက်ဟို .... သခင်ကြီးရဲ့ ပြဿနာကို ဖြေရှင်းပေးပါ'

လူအုပ်ကြီးအတွင်းမှ လူအချို့၏ တစ်ယောက်တစ်ပေါက် အော်ဟစ်သံများက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တကယ်တော့ .... သိုင်းလောကတစ်ခုလုံးက လီထိုက်ဟို၏ အမည်ကို ကြားဖူးပြီးသား ဖြစ်နေသည်မှာ မဆန်းလှပေ။

သို့သော် ....

မမျှော်လင့်ဘဲ ... လီထိုက်ဟို ယခုကဲ့သို့ ရောက်ရှိလာခြင်းကြောင့် အံ့ဩဝမ်းသာမိကြသည်ကတော့ အမှန်ပင် ဖြစ်ပါတော့သည်။

❖❖❖❖❖

လီထိုက်ဟိုရ်၏ လက်တွင်း၌ သံသေ့ဓား ကိုင်ဆောင်ထားသည်။

ထိုအခါ …

မျက်နှာချင်းဆိုင်တွင် ရပ်နေသော မြွေနဂါးဒေဝီမှာ သံသေ့ဓား ကိုင်ဆောင်ထားသော လီထိုက်ဟိုကို တွေ့မြင်လိုက်သည်နှင့် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွား၏။

သူမ၏ မျက်လုံးအစုံသည် လီထိုက်ဟိုရ်၏ တစ်ကိုယ်လုံးအား မြဲငုံကြည့်ရှုနေ၏။

ပြီးနောက် ….

လီထိုက်ဟိုရ်၏ နောက်တွင် ရပ်နေသော မိုရှုရိကိုလည်း အကဲခတ် ကြည့်ရှုလိုက်လေသည်။

သို့နှင့် သူမ၏ မျက်လုံးအိမ်ဝယ် …. မှိုင်းညို့သော အရိပ်အယောင်တို့က ရုတ်ခြည်းပင် ဖြစ်ပေါ်လာသည်။



လွှေကျင်ထန်းက လီထိုက်ဟိုအား လက်ဖမိုးယှက်လျှက် ပြန်လည် အရိုအသေပေးလိုက်ပြီး ….

'အို … သူရဲကောင်း လီထိုက်ဟို ပါလား၊ အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် … အခုအချိန်မှာ လီထိုက်ဟိုကို ကျုပ် ညှို့ခံပြီး စကားမပြောနိုင်တဲ့အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ ဒါနဲ့ လီထိုက်ဟို …. ကျေးဇူးပြုပြီး နောက်ကို ခဏ ဆုတ်ပေးပါ၊ ကျုပ် ပြဿနာကို ကျုပ်ပဲ ဆက်ပြီး ဖြေရှင်းပါရစေ ….'

သို့သော် ……

လီထိုက်ဟိုက သခင်ကြီး လွှေကျင်ထန်း၏ စကားကို မကြားသယောင် ရပ်မြဲရပ်နေ၏။

အတန်ကြာမှ …

သခင်ကြီးအား ထပ်မံ၍ ပြောလိုက်လေသည်။

'သခင်ကြီးရဲ့ ပြဿနာကို မနေ့ညကတည်းက ကျွန်တော်တို့ ကျင်းစိုမြို့ထဲမှာ ကြားခဲ့ပြီးပါပြီ၊ ဒါကြောင့် ဒီမနက် စောစောထလာပြီး သခင်ကြီးရဲ့ ကြိုတင်ခွင့်ပြုချက် မရဘဲနဲ့ 'လွှေ' ဂေဟာကို လာခဲ့မိတာပါ၊ ဒီအတွက် ကျွန်တော်တို့ကို ခွင့်လွှတ်ပါ'

သို့တစေ … လွှေကျင်ထန်းက ကိစ္စမရှိကြောင်း ပြန်လည်ပြောဆိုလိုက်ပြီး … တိုက်ပွဲအတွင်းမှ ထွက်ခွာသွားရန် လက်ဟန်ဖြင့် အချက်ပြလိုက်၏။

သို့နှင့် လီထိုက်ဟိုက သဘောကျစွာ ရယ်မောလိုက်ကာ …

'သခင်ကြီးက .... ကျွန်တော့်ကို ကျွန်းကျူး ဓားသမား စီးမှာ ရှန်လို ဖြစ်မှာ စိုးရိမ်နေတယ် ထင်ပါရဲ့'

ထိုစဉ် ....

မြွေနဂါးဒေဝီ၏ ရုတ်တရက် ပြောဆိုလိုက်သံက ကျယ်လောင်စွာ ထိုးဖောက်ထွက်ပေါ်လာ၏။

'လွေကျင်ထန်း ..... ရှင် နောက်ဆုတ်ပေးလိုက်ပါ၊ ရှင် ဖယ်ပေးမယ်ဆိုရင် .... ရှင့်ကို ကျွန်မ လောလောဆယ် ရန်မပြုသေးဘူး'

သို့သော် ....

လွေကျင်ထန်းက လုံးဝ နောက်ဆုတ်ပေးချင်း မရှိပေ။

ထို့အတူ ...

လီထိုက်ဟိုကလည်း လွေကျင်ထန်းရှေ့မှ ဖိတ်ကာ ရပ်လိုက်သည်။

ထို့နောက် ....

လီထိုက်ဟိုက မြွေနဂါးဒေဝီအား လက်ဖမိုးယှက် အရိုအသေပေးလိုက်သည်။

'ကျွန်တော် လီထိုက်ဟိုက ... မြွေနဂါးဒေဝီ သခင်မကြီးကို နှုတ်ဆက် ဂါရဝပြုပါတယ် ခင်ဗျား'

လီထိုက်ဟိုက တရိုတသေ ပြောဆိုနှုတ်ဆက်လိုက်သည်။

သို့သော်လည်း ... မြွေနဂါးဒေဝီက စကားမပြောဘဲ လက်ကို နောက်ပစ်လျက် လီထိုက်ဟိုကိုသာ စူးစူးရဲရဲ ကြည့်နေသည်။



ထိုအခါ ....

လီထိုက်ဟိုက ပြုံးရွှင်စွာဖြင့် ....

'ကျွန်တော်ဟာ .... မြွေနဂါးဒေဝီ သခင်မကြီးနဲ့ လွေဂေဟာက သခင်ကြီးတို့ရဲ့ ပြဿနာကို ကြားသိခဲ့ပြီး ဖြစ်ပါတယ်၊ ဒါကြောင့် သခင်မကြီးအနေနဲ့ ကျွန်တော်ပြောမယ့် စကားတချို့ကို သည်းခံပြီး နားထောင်ပါလို့ ကျွန်တော် ဦးစွာ တောင်းပန်ချင်ပါတယ်'

ဤတွင် ... မြွေနဂါးဒေဝီက ဦးခေါင်းကို မော့ထားသည်။

ပြီးမှ သူမက မဲ့ပြုံးပြုံး၍ ပြောသည်။

'လီထိုက်ဟို ..... မင်းပြောမယ့်စကားကို မင်းမပြောခင်ကတည်းက ငါသိနေတယ် သိလား၊ မင်းဟာ ဒေသအနှံ့ လှည့်လည်နေတဲ့ သိုင်းသမားတစ်ယောက်ပဲ၊ မင်းရဲ့ ရည်ရွယ်ချက်က သိုင်းလောကမှာ ဖြစ်ပွားနေတဲ့ ရန်ငြိုးရန်စတွေကို သဘောတရားနဲ့ ပြေပြစ်ပြီး ချေဖျက်ဖို့ ကြိုးစားနေတယ် မဟုတ်လား'

လီထိုက်ဟိုက ခေါင်းညိတ်လိုက်၏။

မြွေနဂါးဒေဝီက ဆက်ပြောသည်။

'မင်းဟောပြောတာကိုမှ နားမထောင်ရင် အဲဒီလူကို မင်းက မင်းရဲ့ သိုင်းပညာစွမ်းနဲ့ ဦးကျိုးအောင် ချိုးနှိမ် မာန်လျှော့စေပြီး မင်းရဲ့ သဘောတရားတွေကို ... လက်ခံလာစေတယ်၊ အခုလည်း မင်းဟာ ငါ့ကို ဒီလိုပဲ ဟောပြောလုပ်ဆောင်ဦးမလို့လား'

သို့နှင့် လီထိုက်ဟိုမှာ လွန်စွာ အံ့အားသင့်သွားမိလေ၏။

ထို့ကြောင့် သူက အံ့အားသင့်သော မျက်နှာဖြင့် ....

'သြော် ... သခင်မကြီးက ကျွန်တော့်အကြောင်းတွေကိုတောင် အတော်သိနေတာကိုး'

မြေနဂါးဒေဝီက ခနဲ့ပြုံးပြုံးလိုက်ကာ ....

'ဟင်း .... မင်းကို သိရုံတွင် မကဘူး၊ မင်းဆရာသမားကိုပါ ငါသိတယ်၊ မင်းရဲ့ဆရာသမားက မင်းကို ဒီလို သဘောတရားရေးရာ တွေကို ပုံသွင်းပြီး အမွေပေးလိုက်တာပဲ မဟုတ်လား'

ထို့ကြောင့် ....

လီထိုက်ဟိုမှာ ပိုမို အံ့အားသင့်သွားပြီး ...

'အို .... သခင်မကြီးက ကျွန်တော့်ဆရာသမားနဲ့တောင် ကောင်းကောင်းကြီး ရင်းနှီးခဲ့ဖူးတာပေါ့ .... ဟုတ်လား'

ထိုအခါ ....

မြေနဂါးဒေဝီ၏ မျက်နှာသည် ရုတ်ခြည်းပင် အပြုံးရိပ်များ ပျောက်ကွယ်သွားပြီး မှိုင်းညို့လာလေ၏။

ထို့နောက် .....

အေးစက်ဆွေးမြေ့သော အသံက သူမ၏ နှုတ်ဖျားမှ ပွင့်အံ ထွက်လာတော့သည်။

'ဟုတ်တယ် ... သူနဲ့ ငါဟာ သိပ်ကို ရင်းနှီးခဲ့ကြတယ်၊ ဘယ် လောက် ရင်းနှီးခဲ့သလဲဆိုရင် သူနဲ့ ငါဟာ အိပ်ရာတစ်ခုတည်းမှာ အတူအိပ်ခဲ့ကြတဲ့ ဇနီးမောင်နှံတွေပဲ'



ဤတစ်ကြိမ် အကြီးအကျယ် အံ့အားသင့်သွားသူက လီထိုက် ဟိုပင် ဖြစ်တော့၏။

'ဒါဆို .... ဒါဆို ကျွန်တော့် ဆရာသမားနဲ့ သခင်မကြီးတို့ ဘယ်လို လမ်းခွဲခဲ့ကြရတာလဲ ခင်ဗျာ .... ကျွန်တော် သိခွင့်ရှိရင် သိပါရစေ ...'

မြေနဂါးဒေဝီက .... လီထိုက်ဟိုကို စူးစိုက်စွာ ကြည့်နေလိုက် ပြီး ...

'မင်းကို ... သွန်သင် အမွေပေးလိုက်တဲ့ သဘောတရားတွေ ကြောင့်ပေါ့၊ မင်းဆရာဟာ ... သဘောထားကြီးကြီးနဲ့ အရာရာကို သည်းခံခွင့်လွှတ်နိုင်တဲ့ စိတ်ဓာတ်ရှိနေခဲ့တယ်၊ ဒီစိတ်ဓာတ်ကြောင့် သူနဲ့ငါ ... လမ်းခွဲခဲ့ကြရတာပဲ'

ဤတွင် လီထိုက်ဟိုက နားမလည်နိုင်သေးသော အမူအရာ ဖြင့် ပြန်မေးလိုက်၏။

'ဘယ်လိုဖြစ်လို့လဲ သခင်မကြီး၊ ကျွန်တော် မရှင်းသေးဘူး၊ ဆရာသမားရဲ့ သည်းခံခွင့်လွှတ်နိုင်တဲ့ စိတ်ဓာတ်ကြောင့် သခင်မကြီး တို့နှစ်ယောက် ခွဲခွာခဲ့ကြတယ် ဆိုတာ ဘယ်လိုအကြောင်းများ ရှိနေ လို့ပါလဲ'

ထိုအခါ ...

မြေနဂါးဒေဝီက မိုရှုရိအား တစ်ချက်လှမ်းကြည့်လိုက်ပြီး မဲ့ပြုံး ပြုံးလိုက်ကာ .....

'မင်း ရှင်းအောင် ပြောရရင်တော့ ... ဟောဒီ မင်းရဲ့ ချစ်သူကို တစ်စုံတစ်ယောက်က မင်း ခွင့်လွှတ်သည်းခံနိုင်တဲ့ အတိုင်းအတာထက် ကျော်လွန်ပြီး ... ထိပါးစော်ကားလာမယ် ဆိုပါတော့၊ မင်း ဒီလူတွေကို သည်းခံခွင့်လွှတ်နိုင်ပါဦးမလား'

လီထိုက်ဟိုက ဘာမျှ ပြန်မပြောသေးဘဲ တွေဝေစွာ စဉ်းစားနေလိုက်သည်။

ထိုစဉ်မှာပင် ...

မြွေနဂါးဒေဝီသည် ရုတ်တရက် လျှင်မြန်သော အဟုန်ဖြင့် မိုရှုရိဆီသို့ လှစ်ခနဲ ခုန်လွှားရောက်ရှိသွားသည်။

မိုရှုရိမှာလည်း ရုတ်တရက်မို့ မရှောင်ရှားနိုင်ဘဲ အံ့အားသင့်စွာ ကြည့်နေမိ၏။

သို့ရှိနေခိုက် .... မြွေနဂါးဒေဝီက မိုရှုရိ၏ ပခုံးဘက်ဘက်အား ဖမ်းဆုပ် ကုတ်ဆွဲလိုက်သည်။ မိမိရရ ဖမ်းဆုပ် ဖျစ်ညှစ်ထားလိုက်လေသည်။

ထို့ကြောင့် ....

မိုရှုရိမှာ လုံးဝ မရုန်းဖယ်နိုင်ပါတော့ချေ။

သူမ၏ သွေးကြောများ ရုတ်ခြည်းပင် ရပ်ဆိုင်းသွားသည်ဟု ထင်မှတ်ရလောက်အောင် သူမတစ်ကိုယ်လုံးမှာ လှုပ်ရှား၍ မရဘဲ ဖြစ်သွား၏။

ထိုအခါ ....



လီထိုက်ဟိုသည်လည်း .... လွန်စွာ ထိတ်လန့်တုန်လှုပ်သွားမိပြီးလျှင် ....

'သခင်မကြီး .... သူ့ကို ဘာလုပ်မလို့လဲ'

ပြောပြောဆိုဆို ... လီထိုက်ဟိုက ရှေ့သို့တိုးကပ်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော် ....

မြွေနဂါးဒေဝီက ... လက်တစ်ဘက်ကို ဆန့်တန်းပြီး ဟန့်တားလိုက်၏။

'နေပါဦး လီထိုက်ဟို ..... သိပ်လည်း ဒေါသမကြီးပါနဲ့ဦး၊ မင်းအနေနဲ့ အလွယ်တကူ မပေးနိုင်တဲ့ အဖြေကို ချက်ချင်းပေးနိုင်အောင် လက်တွေ့စမ်းသပ်ပြမလို့ပါ၊ သူဟာ မင်းရဲ့ အချစ်ဆုံး မိန်းကလေး မဟုတ်လား၊ အခု ငါက .... သူ့ကို သွေးကြောရပ် အကြောဖိတ်ပညာနဲ့ နှိပ်စက်လိုက်မယ် ဆိုပါတော့၊ မင်းချစ်သူအတွက် မင်း ငါ့ကို ဘယ်လိုတုံ့ပြန်မလဲ၊ ငါ့အပေါ်မှာ နာကျည်းမှုနဲ့ တုံ့ပြန်မလား၊ ဒါမှမဟုတ် သည်းခံပြီး ခွင့်လွှတ်မလား'

မြွေနဂါးဒေဝီက ပြောပြောဆိုဆို မိုရှုရိအား ရှေ့သို့ တွန်းလွှတ်လိုက်သည်။

ထိုအခါ ....

ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့မယောင် ... ထိုးစိုက်ကျသွားသည်။

သို့သော် .....

လီထိုက်ဟိုက ဖြတ်ခနဲ ခုန်လွှား၍ မိုရှုရီအား ဆီးပွေ့ထား လိုက်သည်။

မိုရှုရီသည် ... လီထိုက်ဟို၏ ရင်ခွင်ထဲ ရောက်သွားသည်နှင့် သတိလစ်သွားလေတော့သည်။

ထို့နောက် ... မြွေနဂါးဒေဝီက နောက်သို့ ခုန်ဆုတ်သွား၏။

ပြီးလျှင် ... လီထိုက်ဟိုနှင့် ခပ်လှမ်းလှမ်းတွင် လက်ပိုက်လျက် အခြေအနေကို ကြည့်နေလိုက်သည်။

ညို့မှိုင်းနေသော သူမ၏ မျက်ဝန်းရိပ်များ ... ခေတ္တပျောက် ကွယ်သွားပြီး တောက်ပစူးရှသော မျက်ဝန်းရိပ်က ထင်ဟပ်လာခဲ့ သည်။

သူမက .....

'လီတိုက်ဟို ... သွေးကြောပိတ်ခံထားရတဲ့ မိုရှုရီဟာ မကြာ ခင် နှလုံးသွေးရပ်ဆိုင်းသွားလိမ့်မယ်၊ နှလုံးသွေးရပ်သွားပြီ ဆိုရင် တော့ သူ့အသက်ဟာလည်း ဇီဝိန်ချုပ်သွားပြီပေါ့၊ အဲ ... ဒါပေမယ့် မင်းအနေနဲ့ ကျုပ်ကို အချိန်မီ တိုက်ခိုက်မယ်ဆိုရင်တော့ မင်းရဲ့ ချစ်သူ မိုရှုရီဟာ အသက်ရှင်နိုင်သေးတယ်၊ အဲဒီတော့ မင်းရဲ့ဓားကို ထုတ် လိုက်စမ်းပါ၊ ဒီလောကမှာ ရန်ငြိုးဆိုတာဟာ ဘယ်လိုခံစားချက် တွေနဲ့ ပေါ်ပေါက်လာခဲ့ရတယ်ဆိုတာ မင်းအခုဆို သဘောပေါက် လောက်ပြီ ထင်တယ်'



ထိုစဉ် .....

မိုရှုရီ၏ လက်ထိပ်များက တဖြည်းဖြည်း ညိုမည်း၍ ကွေး ကုတ်လာနေချေပြီ။

အချိန်နှင့်အမျှ မိုရှုရီ၏ အသက်အန္တရာယ်မှာ စိုးရိမ်နေရပြီ ဖြစ်သည်။

ထို့ကြောင့် ....

လီထိုက်ဟိုက မိုရှုရီအား ... မြေပြင်ပေါ်သို့ အသာအယာ ပြန် ချလိုက်ပြီး ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်လေ၏။

ပြီးနောက် .....

သူ့ခါးမှ ဓားကို 'ရှမ်း'ခနဲ မြည်အောင် ဆွဲထုတ်လိုက်ကာ ကြည်လင်ပြတ်သားသော အသံဖြင့် .....

'ဒီမယ် ... သခင်မကြီး၊ သခင်မကြီး ထင်သလို ကျွန်တော်ဟာ သခင်မကြီးကို တုံ့ပြန်လိမ့်မယ် မထင်နဲ့၊ ကျွန်တော်ဟာ ကျွန်တော့ ဆရာသမား ဆုံးမခဲ့တဲ့အတိုင်း မေတ္တာတရားသည်သာ လောကရဲ့ အစွမ်းထက်ဆုံး လက်နက်ဆိုတဲ့ သဘောတရားကို ဘယ်တော့မှ မစွန့်လွှတ်ဘူး၊ ဒါ့ကြောင့် .... သခင်မကြီးကို ကျွန်တော် သည်းခံ ခွင့်လွှတ်လိုက်တယ်၊ သခင်မကြီး သိထားနေတဲ့ ကျွန်တော့်ဆရာ သမားရဲ့ ဩဝါဒကိုပဲ ကျွန်တော် လိုက်နာနိုင်မယ်၊ ကျွန်တော့်ရဲ့ ခွင့်လွှတ်နိုင်တဲ့ အတိုင်းအတာဟာ ဘယ်လောက်အထိ မြင့်မားသလဲ ဆိုတာ သခင်မကြီးကို လက်တွေ့ပြလိုက်မယ်'

သို့နှင့်ပင် ....

လီထိုက်ဟိုက ပြောပြောဆိုဆို သူ၏ ဓားကိုမြှောက်၍ သူ၏ လည်မျိုအား ရုတ်ခြည်းပင် ထိုးဖြတ်လိုက်တော့သည်။

ရုတ်တရက် ....

လူအများ၏ အော်ဟစ်သတိပေးသံများက ... ဆူညံစွာ ထွက်ပေါ်လာသည်။

လှေကျင်ထန်းကလည်း ... လက်နှစ်ဘက်ကို ယမ်းခါလျက် ရှေ့သို့တိုးရန် ခြေလှမ်းပြင်လိုက်လေသည်။

သို့ပါသော်လည်း ....

လီထိုက်ဟို၏ အသက်ကို ကယ်တင်ရန် အချိန်မမီနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ... သူ့လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လှသောကြောင့်တည်း။

သာမန်သိုင်းသမားတစ်ယောက်၏ ... ခြေလှမ်းမျိုးဖြင့်သာ ပြေးလွှားသွားမည်ဆိုပါက သူ၏ဓား မြေပေါ်သို့ လွတ်ကျသွားမှပင် လီထိုက်ဟို၏ လက်ကို ဖမ်းဆွဲလိုက်နိုင်မည် ဖြစ်၏။

ထို့အပြင် ....

မည်မျှပင် အဆင့်မြင့်မားသော သိုင်းပညာရှင်တစ်ယောက် ဖြစ်နေပါစေ ...

အချိန်မီ လီထိုက်ဟို၏ လက်ကို ဖမ်းဆွဲနိုင်ဖို့ရန်မှာ အမှန်ပင် မလွယ်ကူပါ။



သို့သော် ....

ထိုကဲ့သို့ တိုတောင်းလှစွာသော အချိန်အခိုက်အတန့်လေး အတွင်း ...

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ...

မြွေနဂါးဒေဝီသည် သူမ၏လက်ကို ရုတ်တရက်မြှောက်ကာ လက်ညှိုးကို လက်မဖြင့် ဖိ၍ လီထိုက်ဟို၏ မြှောက်တက်သွားသော လက်မောင်းဆီသို့ ဆတ်ခနဲ တောက်လွှတ်လိုက်၏။

သို့တစေ ....

သူမ၏ လက်ညှိုးနှင့် လက်မကြားမှ မည်သည့်အရာမျှ ထွက်သွားသည်ကိုမူ မည်သူမျှ မတွေ့လိုက်ကြရပါ။

သို့သော် .....

လီထိုက်ဟို၏ လက်မှ မြှောက်ထားသော သံသေတ္တာသည် ချက်ချင်းပင် မြေပေါ်သို့ လွတ်ကျသွားတော့၏။

ဤတွင် အဆင့်မြင့်သိုင်းသမား အားလုံးက မြွေနဂါးဒေဝီ၏ လုပ်ဆောင်ချက်ကို ချက်ချင်းပင် သိရှိသွားကြ၏။

တကယ်တော့ .... လေသိုင်းပညာရပ်သည် အဆင့်မြင့်သိုင်း ပညာရှင်ကြီးများအတွက် အပတ်တကုတ် ကြိုးပမ်းလေ့ကျင့်ထားရသော လွန်စွာနက်နဲ ဆန်းကြယ်သည့် ပညာတစ်ရပ်ပင် မဟုတ်ပါလော။

ဤတွင် ....

မြေနဂါးဒေဝီသည် လေသိုင်းပညာရပ်ကို တစ်ဘက်ကမ်းခတ်အောင် တတ်မြောက်ထားကြောင်း အားလုံးက အံ့သြစွာ တွေ့မြင်လိုက်ရလေတော့သည်။

မြေနဂါးဒေဝီသည် လေလှိုင်းအားကို ယူကာ လီထိုက်ဟိုု၏ ဓားကိုင်ထားသော လက်ဖမိုးအကြောတစ်ခုအား လျှပ်တစ်ပြက် ပိတ်လိုက်ခြင်းပင် ဖြစ်သည်။

ထိုအချိန်က .... မြေနဂါးဒေဝီမှာ လီထိုက်ဟိုနှင့် ခြေလှမ်း ခုနစ်လှမ်းခန့် အကွာတွင် ရှိနေသောကြောင့် ပို၍ ထိရောက်ခဲ့ရသည်။

'ခြိမ်း'ခနဲ မြည်ကာ မြေပြင်ပေါ်သို့ ဓားလွတ်ကျသွားသည့် အသံ ထွက်ပေါ်လာပြီးနောက် လူအများသည် ထိတ်ထိတ်ပျာပျာဖြင့် လီထိုက်ဟိုအား လှမ်းကြည့်လိုက်ကြ၏။

တစ်ချိန်တည်းမှာပင် .....

မြေနဂါးဒေဝီသည် မိုရှုရီထံသို့ ခုန်လွှားရောက်ရှိလာပြီး မိုရှုရီအား သူမ၏ ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားလိုက်လေသည်။

ထို့နောက် ....

မြေနဂါးဒေဝီက မိုရှုရီအား အကြောများကို ပြန်ဖြေပေးလိုက်သဖြင့် သွေးကြောများပွင့်ကာ ပြန်လည်လှုပ်ရှားလာနိုင်ခဲ့သည်။

မိုရှုရီက ... မျက်တောင်များ တဖျတ်ဖျတ်ခပ်လျက် မြေနဂါးဒေဝီအား မော့ကြည့်လိုက်လေသည်။

သို့နှင့် .....



မြေနဂါးဒေဝီသည် ... မိုရှုရီအား တွဲထူပေးလိုက်ပြီးနောက် လီထိုက်ဟိုထံသို့ တစ်လှမ်းချင်း လျှောက်လာလေတော့၏။

မိုရှုရီသည်လည်း လီထိုက်ဟို၏ နောက်သို့ ချက်ချင်းလိုလို လျှောက်သွားသည်။ လီထိုက်ဟို၏ လက်မောင်းကို ကိုင်ထားသည်။

လီထိုက်ဟို ရှေ့သို့ မြေနဂါးဒေဝီ ရောက်လာခဲ့သည်။

မြေနဂါးဒေဝီသည် ... လီထိုက်ဟို၏ ရှေ့သို့ ရောက်သောအခါ တည်ကြည်အေးချမ်းသော လေသံဖြင့် ....

'လီထိုက်ဟို ... မင်းဟာ မင်းဆရာသမားမှာခဲ့တဲ့ သြဝါဒကို တစ်သဝေမတိမ်း လိုက်နာတဲ့ တပည့်ကောင်းတစ်ယောက် ပီသပါပေတယ်၊ မင်းဟာ အသက်ကိုသာ အသေခံမယ်၊ မေတ္တာတရားကို အပျက်မခံဘူးဆိုတာ ငါ့ရဲ့ မျက်မြင်ကိုယ်တွေ့ ဖြစ်သွားပြီ၊ မင်းရဲ့ ဖြတ်သားတဲ့ သဘောထားနဲ့ ခိုင်မြဲတဲ့ ခံယူချက်ကိုတော့ ငါ သိပ်ကို လေးစားသွားပြီ'

မြေနဂါးဒေဝီ၏ လေသံမှာ အေးချမ်းလှသော်လည်း ခံစားချက်ကြောင့် လှုပ်ရှားနေသည်။ သူမသည် လီထိုက်ဟို၏ ကိုယ့်ကိုယ်ကို အသေခံခြင်းကို မြင်လိုက်ရပြီးနောက် ... အသိတရား ရသွားဟန်တူသည်။ ကိုယ့် ယုံကြည်ချက်၊ ယူဆချက်ကို အသက်သေသည်အထိ ကိုင်ဆွဲထားသည့် လူငယ်တစ်ယောက်၏ အဖြစ်အပျက်ကို သူမ တွေ့မြင်လိုက်ရပြီဖြစ်သည်။

သူမ အသံသည် တဖြည်းဖြည်း တုန်ရီလာပြီး ပြောသည်။

'ငါဟာ ... အနှစ်လေးဆယ်ကျော်တဲ့အထိ အယူအဆများကို လက်ခံလိုက်နာ ကျင့်သုံးခဲ့တယ်၊ အခု .... ငါ့အမြင်၊ ငါ့အတွေးတွေကို မင်းက မှားကြောင်း လက်တွေ့ပြလိုက်တော့ ငါဟာ တကယ်ပဲ တုန်လှုပ်သွားခဲ့ပါတယ်၊ အခုတော့ .... ငါ့အသိ ... ငါ့အမြင်တွေ ....'

လီထိုက်ဟိုမှာ မြွေနဂါးဒေဝီထံမှ မမျှော်လင့်သော စကားများကို ကြားလိုက်ရသဖြင့် ... လွန်စွာဝမ်းသာအားရ ဖြစ်သွား၏။ မြွေနဂါးဒေဝီက ဆက်ပြောလိုက်ပြန်သည်။

'ဒါပေမယ့် ... လီထိုက်ဟို၊ မင်းဟာ မင်းဆရာရဲ့ ဩဝါဒနဲ့ မင်းရဲ့ခံယူချက်တွေကို သိုင်းလောကမှာဆက်ပြီးလွှမ်းခြုံဖို့ မကြိုးစားစေ ချင်ဘူး၊ မင်းလွှမ်းခြုံလို့လည်း ရနိုင်မှာမဟုတ်ဘူး၊ မင်းဟာ သိုင်းလောကကြီး ငြိမ်းချမ်းရေးကို ကြိုးပမ်းရင်း မုန်းအင်းကျားရဲ့တွေနဲ့ ထိုက်ဟူရေအိုင် နဂါးနတ်မယ် တို့ရဲ့ ရန်ငြိုးတွေကို ရရှိခဲ့တယ် မဟုတ်လား'

မြွေနဂါးဒေဝီသည် လီထိုက်ဟိုအား တကယ့်စေတနာစကား ပြောနေခြင်း ဖြစ်သည်။ သဘာဝအားဖြင့် ဖြစ်သင့် ဖြစ်ထိုက်သည့် အရာကို ကြားဝင်တားဆီးခြင်းသည် အမှားသာဖြစ်ကြောင်း ပြောပြနေခြင်း ဖြစ်သည်။

သူမက .....

'တကယ်တော့ .... ဒီရန်ငြိုးတွေဟာ သိုင်းလောကငြိမ်းချမ်းရေးအတွက် ဖျန်ဖြေရင်း မင်းရလာခဲ့တဲ့ ရန်ငြိုးတွေပဲ၊ ဒါ့ကြောင့် --



မင်း သိုင်းလောကရဲ့ ငြိမ်းချမ်းရေးကို ဆက်ပြီး ဆောင်ရွက်နေဦးမယ် ဆိုရင် .... မင်းလိုလားတဲ့ ငြိမ်းချမ်းရေးကို မရနိုင်ဘူး၊ ဗုံးပေါ် ဖရုံဆင့် ဆိုသလို မင်းအပေါ်မှာ ရန်ငြိုးတွေသာ ထပ်ဆင့်ပွားများလာလိမ့်မယ်၊ အဲဒီတော့ ... မင်းကို နောက်ဆုံးအကြံပေးချင်တာက မင်းရဲ့ ချစ်သူဖြစ်တဲ့ မိုရှုရိကို ခေါ်ပြီး အေးချမ်းတဲ့ ဒေသတစ်ခုမှာ ဓာတ်မြှုပ်ပြီး နေထိုင်စမ်းပါ'

မြွေနဂါးဒေဝီ၏ စကားဆုံးသွားသောအခါ ... လီထိုက်ဟိုက မှိုင်းဝေနေသော မျက်လုံးအစုံဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်၏။

ယင်းသို့ ... မြွေနဂါးဒေဝီက ရှည်လျားစွာ ပြောဆိုလိုက်ပြီးနောက် သူမ၏လက်ကို မြှောက်ပြလိုက်၏။

ထိုအခါ ....

ဝတ်စုံဖြူနှင့် မိန်းမပျိုတစ်ယောက်သည် မြွေနဂါးဒေဝီအပါးသို့ ချဉ်းကပ်လာသည်။

ပြီးနောက် .....

သူမ၏ လက်ထဲတွင် ကိုင်ထားသော သေတ္တာဘူးငယ်ကလေးကို လျှင်မြန်စွာ ဖွင့်ပေးလိုက်၏။

မြွေနဂါးဒေဝီက သေတ္တာဘူးကလေးအတွင်းမှ ကြွေပုလင်းကလေးတစ်လုံးကို ထုတ်ယူလိုက်သည်။

ထိုကြွေပုလင်းကလေးမှာ ရွှေရောင်သန်းကာ ဝင်းလက်တောက်ပနေသည်။

သူမသည် ကြွေပုလင်းကလေးကို မိုရှရီအား လှမ်းပေးလိုက်ပြီးနောက် ......

'မိုရှရီ ... မင်းကို ငါ အမှတ်တရ လက်ဆောင်အဖြစ် ဟောဒီ ကြွေပုလင်းကလေးကို ပေးခဲ့မယ်၊ ထူးဆန်းတဲ့ပစ္စည်း မဟုတ်ပေမယ့် ဒီကြွေပုလင်းထဲက ဆေးဟာ ငါကိုယ်တိုင် ဖော်စပ်ထားတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ၊ မြွေအမျိုးမျိုးနဲ့ ကင်းအမျိုးမျိုး၊ စုစုပေါင်း အကောင်အမျိုးအစား တစ်ထောင်ဆီက အဆိပ်တွေကို ထုတ်ယူစီရင်ပြီး ဖော်စပ်ထားတဲ့ အဆိပ်ဖြေဆေးပဲ၊ သူ့ကို 'အဆိပ်တစ်ထောင်ဖြေဆေး' လို့ နာမည်ပေးထားတယ်၊ သူ့ရဲ့ အစွမ်းကတော့ ဘယ်လိုအဆိပ်မျိုးပဲ မိပါစေ၊ ဆေးရည်သုံးစက်လောက် သုတ်လိမ်းလိုက်တယ်ဆိုရင်ပဲ သက်သာပျောက်ကင်းသွားလိမ့်မယ်'

ထို့ကြောင့် ...

မိုရှရီက ဦးညွှတ်အရိုအသေပေးလိုက်ကာ လှမ်းယူလိုက်ပြီး ကျေးဇူးတင်စကား ပြောလိုက်၏။

မြွေနဂါးဒေဝီသည် လွှေကျင်ထန်းဘက် လှည့်လိုက်ကာ ....

'ကဲ .... လွှေဂေဟာသခင်ကြီး၊ သခင်ကြီးရဲ့ မွေးနေ့ပွဲကို အနှောင့်အယှက် လာပေးမိသလို ဖြစ်သွားခဲ့တာကို ခွင့်လွှတ်ပါ၊ အစ လီထိုက်ဟိုရဲ့ ကြားဝင် ဖျန်ဖြေမှုကြောင့်ပဲ သခင်ကြီးအပေါ်မှာ ထားခဲ့မိတဲ့ ကျွန်မရဲ့ ရန်ငြိုးတွေကို ဖြေဖျောက်ပစ်လိုက်ပါပြီ'

ထိုအခါ ...



လွှေဂေဟာသခင်ကြီး လွှေကျင်ထန်းမှာ ဝမ်းသာလှိုက်လှဲသောအသွင်ဖြင့် မြွေနဂါးဒေဝီအား လက်ဖမိုးယှက် ဂါရဝပြုလိုက်ပြီးလျှင် ...

'ကျေးဇူးတင် ဝမ်းသာလှပါတယ် မြွေနဂါးဒေဝီရယ် .... ဒါဟာ ကျုပ် ရင်ထဲက စကားပါ ... '

ဟု လှိုက်လှဲသောအသံဖြင့် ပြောကြားလိုက်သည်။

ထို့နောက် ....

မြွေနဂါးဒေဝီသည် လီထိုက်ဟိုနှင့် မိုရှရီတို့အား နှုတ်ဆက်လိုက်ပြီး ဝေါယာဉ်ဆီသို့ ပြန်လည်လျှောက်လာခဲ့၏။

ထိုအခါ ... ဝတ်ရုံဝါနှင့် လူတစ်ယောက်သည် မြေပြင်တွင် ချထားသော ထိုင်ခုံကို လျင်မြန်စွာ ပြန်လည်သယ်ယူသွားပြီး ဝေါယာဉ်အတွင်း၌ နေသားတကျ ထားလိုက်သည်။

သို့နှင့် မြွေနဂါးဒေဝီအား ဝတ်စုံဖြူနှင့် မိန်းမပျိုများက ဆီးကြိုခြံရံပြီး ဝေါယာဉ်အတွင်းသို့ ခေါ်ဆောင်သွားသည်။

မကြာမီမှာပင် ....

ဝေါယာဉ်အား ဝတ်စုံဝါနှင့် လူလေးယောက်က ထမ်းလိုက်ကြပြီး 'လွှေ'ဂေဟာ၏ ဝင်းတံခါးမှ ထွက်ခွာသွားကြလေတော့သည်။

မြွေနဂါးဒေဝီတို့လူစု 'လွှေ'ဂေဟာမှ ထွက်ခွာသွားကြပြီး ဖြစ်လေပြီ။

ထိုစဉ် ....

လက်ခုပ်ဩဘာသံများက 'လွေ'ဂေဟာတစ်ခုလုံးကို ရုတ်တရက် လွှမ်းမိုးသွားလေတော့သည်။

လူတိုင်း လူတိုင်းသည် ... ဝမ်းသာပျော်ရွှင်စိတ်များကြောင့် တစ်ခဲနက် ဩဘာပေးလိုက်ခြင်း ဖြစ်ပါသည်။

ပီတိဖြစ်လွန်း၍ အချို့မှာ မျက်ရည်များပင် မျက်လုံးအိမ်တွင် ခိုတွယ်လာခဲ့ကြသည်။

ယခုအခါ .... 'လွေ'ဂေဟာ အရှင်သခင်ကြီး၏ မွေးနေ့ပွဲမှာ မမျှော်လင့်ဘဲ ပို၍ စည်ကားသွားလေတော့၏။

အထူးသဖြင့် ... သိုင်းလောကကြီး၏ နံပါတ်တစ် ဓားသမား လီထိုက်ဟိုကို သူတို့ ကိုယ်တွေ့ကြုံဖူးကြရခြင်းမှာ သူတို့အတွက် အမြတ်ပင်။ လီထိုက်ဟိုသည် ကြားရသကဲ့သို့ တကယ်ပင် မြင့်မြတ်သူ တစ်ယောက် ဖြစ်နေသည်။

ဤသို့ လီထိုက်ဟို၏ ဖျန်ဖြေမှုကြောင့် သွေးချောင်းစီးတော့မည့် 'လေ'ဂေဟာကြီးမှာ အေးချမ်းသာယာမှု မင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံလာရသည်။

ထို့အတူ ....

လီထိုက်ဟို အနေဖြင့်လည်း ဆရာသမား၏ ဓနီးဟောင်းကို မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရပြီး သူ့ဘဝ ခရီးလမ်းကြောင်းသည် သူမ၏ လမ်းညွှန်အကြံပြုမှုကြောင့် ပြောင်းလဲသွားတော့မည် ဖြစ်သည်။

ထို့ကြောင့် .....



လီထိုက်ဟိုသည် မြွေနဂါးဒေဝီ၏ စကားကို နားထောင်ကာ သိုင်းလောကငြိမ်းချမ်းရေးအတွက် သူ၏ လှုပ်ရှားမှုအားလုံးကို ခေတ္တရပ်ဆိုင်းထားရပေတော့မည်။

မည်သို့ပင် ဖြစ်စေကာမူ ...

'မေတ္တာတရားသည်သာလျှင် ... အရာရာကို အောင်မြင်နိုင်၊ ကျော်လွှားနိုင်သည့် အရာဖြစ်သည်' ... ဆိုသည့်အချက်ကိုတော့ သူ လက်ခံထားစမြဲပင် ဖြစ်ပါသည်။

❖❖❖❖❖

## အခန်း (၄၀)
## သတ်ရဲ သေရဲသူ၏ အောင်ပွဲ

ဟုန်းလျှိုရေအိုင် .....

ယင်း ဟုန်းလျှိုရေအိုင်နံဘေးရှိ အိမ်ကြီး၏ ဧည့်ခန်းဆောင်တွင် ထင်းရှူးတိုင်မီးများက ထိန်လင်းလျက် ရှိနေသည်။

ဧည့်ခန်းဆောင်ကြီးထဲတွင် လီထိုက်ဟိုနှင့်အတူ ထိပ်တန်းအဆင့်မြင့် သိုင်းသမားကြီး ဆယ်ယောက်တို့က ငြိမ်သက်စွာ ထိုင်နေကြသည်။

ထိုသို့ လီထိုက်ဟို၏ အတိတ်ဇာတ်ကြောင်းကို ပြော၍ ပြီးဆုံးသွားသောအခါ အားလုံးလိုလိုပင် သက်ပြင်းချလိုက်မိကြလေသည်။

ဤတွင် .....



သဲကန္တာရ သိမ်းစွန်ငှက် မိုက်ယုံက ... သူ၏ ထူထဲလှသော မျက်ခုံးအစုံကို အတန်ငယ်ရှုံ့လိုက်ပြီး .....

'ကဲ ... လီထိုက်ဟို၊ ခင်ဗျားရဲ့ အတိတ်ဇာတ်လမ်းကိုတော့ ကျုပ်တို့အားလုံးစုံ သိရပြီ၊ အခု ..... ကျုပ်တို့ ခင်ဗျားကို ဘာကူညီရမလဲဆိုတာ ပြောပါဦး'

ဤတွင် လီထိုက်ဟိုက လက်ဖမိုးယှက်ကာ အရိုအသေပေးလိုက်ပြီး ...

'ကျွန်တော်နဲ့ မိုရှုရိတို့ဟာ ဟောဒီ ဟုန်းလျှိုရေအိုင်ဒေသမှာ သိုင်းလောကနဲ့ ကင်းအောင် ဇာတ်မြှုပ်နေခဲ့ကြတယ်၊ ဒါပေမယ့် ... ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆီက သတင်းအရ ..... မုန်းအင်းကျားရဲညီနောင် သုံးကောင်ဟာ .... နယ်စပ်ဒေသက တိဗက်သိုင်းသမားငါးယောက်ကို ခေါ်လာပြီး ကျွန်တော့်ကို 'မေချင်'မြို့မှာ လိုက်လံရှာဖွေနေတယ်လို့ လွန်ခဲ့တဲ့ သုံးလက ပြောပြတယ်၊ သူတို့ဟာ ဒီနယ်ဘက်ကို ရောက်နေကြပြီ၊ သူတို့ဟာ ရောက်လေရာနေရာတိုင်းမှာ စိန်ခေါ်ပြီး တိုက်ခိုက်နေတယ်၊ သူတို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်တော့်ကို မခံမရပ်နိုင်ဖြစ်ပြီး .... ထွက်လာအောင် လုပ်နေတဲ့ သဘောပဲ၊ ကျွန်တော့်ကို ရင်ဆိုင်မတွေ့ရမချင်း သူတို့ဟာ ဒီလိုပဲ ရောက်လေရာမှာ ရန်စ ရမ်းကားနေမှာ သေချာတယ်'

ဟု ရှင်းပြလိုက်၏။

ထို့နောက် .....

လီထိုက်ဟိုက စကားကို ခေတ္တရပ်လိုက်ပြီး အားလုံးကို အကဲခတ်သလို ကြည့်ကာ ဆက်၍ ပြောလိုက်ပြန်သည်။

'အဲဒီတော့ .... အဲဒီ မုန်းအင်းကျားရဲတွေရဲ့ ရန်မီးက ငြိမ်းအေးဖို့အတွက် ကျွန်တော်ကိုယ်တိုင် သူတို့ကိုထွက်ပြီး တိုက်ခိုက်ရပါလိမ့်မယ်၊ အဲဒီအခါမှာ ကျွန်တော် လူသတ်မိတဲ့အထိ ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် .... မုန်းအင်းကျားရဲတွေလည်း ကျွန်တော့်အပေါ် ခွင့်လွှတ်သွားအောင်၊ ကျွန်တော်လည်း လူ မသတ်မိအောင် အကောင်းဆုံးက ကျွန်တော့်ရဲ့ ညာလက်ချောင်းကို ဖြတ်၊ သံသေဓားကို ချိုးပြီး၊ သိုင်းလောကရဲ့ နံပါတ်တစ် သိုင်းသမားဘဝကို အပြီးအပိုင် စွန့်လွှတ်လိုက်ပါတော့မယ်'

သူသည် စိတ်မကောင်းခြင်း ကြီးစွာဖြင့် ပြောကြားလိုက်လေ၏။

အတန်ကြာမှ ဆက်၍ .....

'ကျွန်တော်ဟာ လက်ချောင်းဖြတ်၊ ဓားချိုးလိုက်ပြီးရင် သိုင်းလောကရဲ့ နံပါတ်တစ်ဓားသမားလည်း မဖြစ်နိုင်တော့ဘူး၊ အသက်သွေးပေါင်းများစွာကို မြေပေါ်ကျစေတဲ့ ဟောဒီသံသေဓားလည်း ပျောက်ကွယ်သွားပြီ ဆိုတဲ့ သတင်းကို ညီ့သည်တော်ကြီးများက နေ တစ်ဆင့် မုန်းအင်းကျားရဲတွေဆီကို ရောက်အောင် ဖြန့်ဝေပေးပါ၊ အဲဒီအခါမှာ သိုင်းလောကမှာ တောက်လောင်လာမယ့် ရန်မီးပွားတစ်ခုလည်း ငြိမ်းအေးသွားပါလိမ့်မယ်'



ဤတွင် အေးစိမ့်ဓားသမား 'ကို့ချင်း' က ဦးခေါင်းကို ခါယမ်းလိုက်ပြီးလျှင် .....

'မဟုတ်သေးဘူး လီထိုက်ဟို၊ ဒီ မုန်းအင်းကျားရဲတွေကို မင်းအနေနဲ့ အရှုံးပေး ကျေအေးလိုက်ပေမယ့် သိုင်းလောကမှာ သူတို့ရဲ့ ရန်စမှုတွေ၊ ရမ်းကားမှုတွေဟာ ရပ်တန့်သွားလိမ့်မယ်လို့ မထင်လိုက်နဲ့၊ ဒီလို ရမ်းကားရိုင်းစိုင်းတဲ့လူတွေကို သုတ်သင်ပစ်လိုက်မှပဲ သိုင်းလောကအတွက် အေးချမ်းသာယာနိုင်မယ်၊ အဲဒီအခါကျမှ သိုင်းလောကသားတွေအတွက်ရော၊ လီထိုက်ဟိုအတွက်ပါ ရန်မီးငြိမ်းသွားနိုင်လိမ့်မယ်'

ထိုအခါ .....

ချုံကျားဂိုဏ်းခေါင်းဆောင် 'ဟူရှင်းရန်'ကလည်း အေးစိမ့်ဓားသမား ကို့ချင်း၏ စကားကို ဝင်ရောက်ထောက်ခံပြောဆိုလိုက်၏။

'ဟုတ်တယ် လီထိုက်ဟို ..... ဒီကိစ္စကို ဒီလိုဆုံးဖြတ်တာဟာ အကောင်းဆုံး ဖြစ်လိမ့်မယ်၊ လီထိုက်ဟို အနေနဲ့လည်း လက်ချောင်းဖြတ်၊ ဓားချိုးပွဲ လုပ်စရာ မလိုတော့ဘူး၊ ကျုပ်တို့ကလည်း ခင်ဗျားကို ကူညီဖို့ အသင့်ရှိနေမယ်၊ ဒီမုန်းအင်းကျားရဲတွေကို ခင်ဗျားရဲ့ သံသေဓားနဲ့ တိုက်ခိုက်နှိမ်နင်းပေတော့'

သို့နှင့် .....

လီထိုက်ဟိုမှာ သံသေဓားကို ကိုင်ရင်း၊ တစ်ကိုယ်လုံးရှိ သွေးကြောများ လှုပ်ရှားထကြွလာသကဲ့သို့ ခံစားလိုက်ရသည်။

တရုတ်ဘုန်းတော်ကြီး 'ဟန်းလိန်'က လီထိုက်ဟို၏ လက်ထဲမှ သံသေတ္တာကို ကြည့်ရင်း .....

'အင်း ... သံသေတ္တာ၊ သံသေတ္တာ .... လူ့အသက်သွေးပေါင်း မြောက်မြားစွာကို မြေကျစေခဲ့တဲ့ ဓားပဲ၊ ဒီဓားပေါ်လာရင် သိုင်းလောကဟာ ဘယ်တော့မှ မအေးဆေး၊ မငြိမ်သက်နိုင်တော့ဘူး၊ ဒါပေမယ့် လီထိုက်ဟိုလို သစ္စာသမာဓိနဲ့ ပြည့်စုံတဲ့ သိုင်းသမားတစ်ယောက်ရဲ့ လက်ထဲကို ရောက်နေလို့သာ တော်သေးတယ်'

ထိုကဲ့သို့ တရုတ်ဘုန်းတော်ကြီး 'ဟန်းလိန်'၏ ရေရွတ်ပြောဆို၍ အပြီးတွင် မမျှော်လင့်ဘဲ လီထိုက်ဟိုထံမှ ....

'ကဲ ... ကြွရောက်လာကြတဲ့ ဧည့်သည်တော် သိုင်းသမားကြီးတွေရဲ့ ဆန္ဒအရ ကျွန်တော်ဟာ သိုင်းလောကတစ်ခုလုံးကို လိုက်ပြီး ရန်မီးရှို့နေတဲ့ မုန်းအင်းကျားရဲ့တွေကို ဟောဒီ သံသေတ္တာနဲ့ သုတ်သင်ရှင်းလင်းပေးပါတော့မယ်'

လီထိုက်ဟိုက ထိုသို့ပြောပြီး အားလုံးကို လက်ဖမိုးယှက် အရိုအသေပေးလိုက်၏။ ထိုအခါ ...

ကြွရောက်လာကြသော ဧည့်သည်တော်သိုင်းသမားကြီးများမှာ လီထိုက်ဟိုထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသောအခါ အံ့သြဝမ်းသာစွာဖြင့် တစ်ခဲနက် ကောင်းချီးသြဘာပေးလိုက်ကြလေတော့သည်။

❖❖❖❖❖



နံနက်ခင်းအချိန် ဖြစ်၏။

ဟုန်းလျှိုရေအိုင်ဒေသ၏ နံနက်ခင်းရှုခင်းသည် ဆိတ်ငြိမ်လျက် အထူးပင် သာယာလှပနေသည်။

တောင်တန်းပြာကြီးများက ဟုန်းလျှိုရေအိုင်ကို အုပ်မိုးလွှမ်းခြုံသည့်နှယ် ရှိနေ၏။

ဝန်းကျင်တစ်ခွင်လုံးသည် ကျေးငှက်များ၏ တကျီကျီ အော်မြည်သံမှအပ အထူးပင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ဟုန်းလျှိုရေအိုင်ဝန်းကျင်ကို ရုတ်တရက် ထွက်ပေါ်လာသော မြင်းခွာသံတို့ဖြင့် ဆူညံသွားစေ၏။

မကြာမီ ....

ဟုန်းလျှိုရေအိုင်ကြီး၏ အစပ် တစ်နေရာအရောက်တွင် ... မြင်းငါးကောင်သည် ရပ်တန့်သွားကြလေ၏။

ထို့နောက် ...

မြင်းပေါ်မှ လူငါးယောက်သည် တစ်ပြေးညီစွာ ရင်ဘောင်တန်းလျက် ရှေ့တူရူသို့ သုန်မှုန်သော မျက်နှာထားများဖြင့် လှမ်းမျှော်၍ ကြည့်နေလိုက်ကြသည်။

ထိုအခါ .....

သူတို့သည် ရှေ့တူရူရှိ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်တွင် ထွင်းထားသော စာလုံးကြီးနှစ်လုံးကို ထင်ရှားစွာ တွေ့လိုက်ကြရ၏။

ထိုစာလုံးနှစ်လုံးကား ....

'ဟုန်းလင်' ဟူ၍ ဖြစ်သည်။

အဓိပ္ပါယ်မှာ ... 'ဟုန်းလျှို သစ်ပင်ကြီးများ ပေါက်ရောက်နေသည့် တော' ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။

ထိုလူငါးယောက်စလုံးသည် မြင်းများပေါ်မှ ခုန်ဆင်းလိုက်ကြပြီး မြင်းများကို နီးရာ သစ်ပင်များတွင် ချည်နှောင်လိုက်ကြ၏။

ပြီးနောက် ...

ထိုလူငါးယောက်တို့သည် ... ရင်ဘောင်တန်းလျက် မားမားမတ်မတ်ရပ်ကာ တောအုပ်အတွင်းသို့ စူးစိုက်ကာ ကြည့်နေကြ၏။

သို့သော် .....

သူတို့ကြည့်နေသော တောအုပ်အတွင်းမှ တစ်စုံတစ်ရာသော အသံကိုမျှ မကြားရသကဲ့သို့ လူသူ တစ်စုံတစ်ယောက်မျှ ထွက်ပေါ်လာသည်ကိုလည်း မတွေ့ကြရပေ။



ထိုလူငါးယောက်တို့အနက် ... အလယ်တွင် ရှိနေသော လူသုံးယောက်မှာ မုန်းအင်းကျားရဲ့ ညီနောင်သုံးဖော်တို့ပင် ဖြစ်သည်။

ထို့အပြင် ... သူတို့၏ ဝဲယာ ဘေးနှစ်ဘက်တွင် ရပ်နေသူနှစ်ယောက်မှာ ထူးခြားသော သွင်ပြင်လက္ခဏာရှိသူများ ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

ညာဘက်မှ လူသည် ပိန်ပိန်လိုလို ပုပုသေးသေးပင် ဖြစ်၏။

မျက်တွင်းက ချိုင့်ဝင်နေပြီး .... လူမမာရုပ်ပေါက်နေသည်။ ဦးခေါင်းတွင် ဆံပင်လုံးဝမရှိပေ။

ခေါင်းတုံးပြောင်နှင့် လူပုပင် ဖြစ်သည်။

ထိုလူပုသည် ဝတ်စုံနက်ကို ဝတ်ဆင်ထား၏။

ထိုလူ ဝတ်ဆင်ထားသော ဝတ်စုံမှာ အလယ်ပိုင်း သိုင်းသမားတို့ ဝတ်ဆင်လေ့ရှိသော ဝတ်စုံမျိုးနှင့် မတူချေ။

သူ့အင်္ကျီမှာ ရင်ဖုံးဖြစ်၍ အနားကွပ်များတွင် ပန်းများထိုးထား၏။

သို့ဖြစ်၍ ဝတ်စုံနှင့်လူမှာ လိုက်ဖက်ခြင်း မရှိဘဲ တခြားစီ ဖြစ်နေသည်။ သို့သော် .....

ထိုလူပု၏ မျက်လုံးအစုံက ထူးခြားစွာပင် စူးရှတောက်ပြောင်နေသည်။

မုန်းအင်းကျားရဲညီနောင်တို့၏ ဘယ်ဘက်မှ လူသည်ကား မြင့်မားတုတ်ခိုင်လှသော လူထွားကြီးတစ်ယောက်ပင် ဖြစ်သည်။

သူ့အရပ်သည် မုန်းအင်းကျွားရဲညီနောင်တို့ထက် များစွာ မြင့်မားနေသည်။

မုန်းအင်းကျွားရဲများ၏ ဦးခေါင်းများက သူ၏ ပခုံးစွန်းကိုပင် မမီချေ။

ထိုလူထွားကြီး၏ မျက်နှာတစ်ဝက်ခန့်ကို အလွန်ထူထဲသော မုတ်ဆိတ်မွေးများနှင့် ပါးသိုင်းမွေးများက ဖုံးအုပ်ထားလေသည်။

ရှည်လျားပြီး အတန်ငယ်ချွန်၍ ကောက်နေသော နှာခေါင်းကြီးကို အဝေးမှပင် လှမ်းမြင်နိုင်၏။

ထိုလူထွားကြီးသည် ... ကြေးညိုရောင်ဝတ်စုံကို ဖားဖားလျားလျား ဝတ်ဆင်ထားသည်။

သူသည် ဝတ်စုံကြောင့်ပင် ခန့်ခန့်ညားညား ရှိနေခြင်း ဖြစ်သည်။

ထိုလူငါးယောက်စလုံးမှာ ... ဤ 'ဟုန်းလင်' တောအုပ်သို့ ရောက်ရှိလာပြီး တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသကဲ့သို့ ရှိနေသည်။

ထိုစဉ် ....

သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ အရိပ်တစ်ခုသည် လှစ်ခနဲ ထွက်ပေါ်လာသည်။

ထိုလူရိပ်သည် တဖြည်းဖြည်း အပြင်သို့ လျှောက်ထွက်လာနေသည်ကို တွေ့လိုက်ရ၏။



ထိုလူရိပ်၏ လမ်းလျှောက်လာပုံမှာ လည်လိမ်ရောဂါ ဖြစ်နေသော ဘဲတစ်ကောင်ပမာ စောင်းငန်း စောင်းငန်းနှင့် ဖြစ်သည်။

ယင်းလူသည် ညစ်ထေးပြီး အဖာရာများ ဗရပွရှိသော အင်္ကျီကို ဝတ်ဆင်ထား၏။

ထို့အပြင် ....

ခြေအိုးတစ်ဘက် ပြတ်နေသော ဘောင်းဘီရှည်ကိုလည်း ဝတ်ဆင်ထားပြန်သည်။

ထိုလူက တရွေ့ရွေ့ဖြင့် လျှောက်လာ၏။

စောစောက ရေကန်စပ်တွင် ရပ်နေသော လူငါးယောက်အနီးသို့ ရောက်သောအခါ ....

'ဟေ့ကောင် ချုံကျား .... လီထိုက်ဟိုက ငါတို့ကို ဒီရေအိုင်ကြီးဘေးမှာ တွေ့ဖို့ မင်းကို ချိန်းလိုက်တယ်ဆို ... အခု လီထိုက်ဟို ဘယ်မှာလဲ'

ထိုသို့ ငေါက်ဆတ်ဆတ်လေသံဖြင့် ... လှမ်းမေးလိုက်သူမှာ မုန်းအင်းကျွားကြီးပင် ဖြစ်၏။

ချုံကျားက ပြန်လည်ပြောလေ၏။

'လီထိုက်ဟိုဟာ ဟိုဘက်က သချိုင်းဇရပ်မှာ ရောက်နေပါပြီ၊ သူဟာ မကြာခင် ရောက်လာပါလိမ့်မယ်'

'သချိုင်းဇရပ် ဟုတ်လား၊ ငါတို့ကိုတော့ ဒီနေရာမှာ ချိန်းထားပြီး သူက အဲဒီ သချိုင်းဇရပ်မှာ ဘာသွားလုပ်နေတာလဲ'

မုန်းအင်းကျားကြီးက မကျေမနပ်ဖြင့် အော်၍ မေးလိုက်သည်။

ထိုအခါ ... ချုံကျားက ...

'လီထိုက်ဟိုက သချိုင်းဇရပ်မှာရှိတဲ့ 'ငရဲသေတမ်းစာ'မှာ ခင်ဗျားတို့ နာမည်တွေကို သွားပြီး မှတ်တမ်းတင်နေတယ်၊ ဟား ... ဟား ....ဟား .... ခင်ဗျားတို့အားလုံးဟာ မကြာခင်မှာ ငရဲမင်းကြီးဆီကို ရောက်ကြတော့မယ် မဟုတ်လား၊ ဒါကြောင့် လီထိုက်ဟိုက ကြိုတင်ပြီး စာရင်းသွားပေးနေတာလေ၊ ဟား ... ဟား ...ဟား'

ထိုအခိုက် ... ကြိုးကွင်းတစ်ခုသည် ... ရုတ်တရက် လေထဲ၌ ဝဲပျံလာပြီး ချုံကျား၏ လည်ပင်းတွင် စွပ်မိသွား၏။

ကြိုးကွင်းဖြင့် ပစ်လိုက်သူမှာ လူပုကလေးပင် ဖြစ်သည်။

ချုံကျားမှာ သူ၏ လည်ပင်းတွင် စွပ်မိလျက်ရှိသော ကြိုးကွင်းကို ရုန်းကန်ဖယ်ရှားလျက် ရှိသည်။

ဤတွင် .... မုန်းအင်းကျားကြီးက အားရပါးရ ရယ်မောလိုက်ပြီး .....

'ဟား ... ဟား .... ဟား .... ချုံကျား၊ မင်း ငါတို့ကို နောက်ပြောင်နေတာတော့ မဟုတ်ပါဘူးနော်၊ အေး .... တကယ်လို့ လီထိုက်ဟို ရောက်မလာဘူး ဆိုရင်တော့ မင်းရဲ့ လည်ပင်းက ကြိုးကွင်းကို ဒီထက်ပိုပြီး တင်းအောင် ဆွဲလိုက်မယ်၊ အဲဒီအခါ မင်းရဲ့ လည်ပင်းဟာ ပိုပြီး အစ်လာလိမ့်မယ်'



ထိုစဉ် ....

'ဟုန်းလင်' တောအုပ်အတွင်းမှ အသံတစ်သံက ရုတ်တရက် ပျံ့လွင့်လာလေတော့သည်။

အသံက ပြတ်သားပြီး စူးရှကျယ်လောင်လှ၏။

'ဟေ့ .... မုန်းအင်း ကျားရဲတွေ၊ တိရစ္ဆာန်က လူကို ဒုက္ခပေးတယ်ဆိုတာ လုံးဝ အဓိပ္ပါယ်မရှိဘူး၊ သူ့ကို အခုချက်ချင်း လွှတ်ပေးလိုက်ပါ'

ရုတ်တရက် ကြားလိုက်ရသည့် အသံကြောင့် မုန်းအင်းကျားရဲများ ထိတ်လန့်သွားကြသည်။

မုန်းအင်းကျားကြီးသည် ခေတ္တမျှ တွေ၍ စဉ်းစားလိုက်၏။ သူတို့သည် ဝမ်းသာအားရဖြင့် ...

'ဟုတ်ပြီ .... ဒါ လီထိုက်ဟို အသံပဲ'

မုန်းအင်းကျားကြီးက ထိုသို့ ရေရွတ်လိုက်ပြီး လူပုကလေးအား တစ်စုံတစ်ခုကို ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

ထိုအခါ ...

လူပုကလေးသည် သူ၏လက်ကို ဆတ်ခနဲ လှုပ်ရှားလိုက်သည်။

သို့နှင့် ....

ကြိုးကွင်းသည် ချုံကျား၏ လည်ပင်းမှ ပြန်လည်ကျွတ်ထွက်သွားသည်။

ဤတွင် ....

ချုံကျားသည် တောအုပ်အတွင်းသို့ ချက်ချင်းပင် လှည့်ကာ ပြေးဝင် ပျောက်ကွယ်သွားလေတော့သည်။

ထိုအခိုက်မှာပင် ....

လူအချို့သည် တောအုပ်အတွင်းမှ ရုတ်တရက် ထွက်လာသည်ကို တွေ့မြင်လိုက်ကြရသည်။

လူရွယ်တစ်ယောက်သည် ... ဓားကိုဆွဲကိုင်လျက် ရှေ့ဆုံးမှ ဦးဆောင်၍ လျှောက်လာနေသည်။

ထိုလူရွယ်၏ နောက်မှ ... လိုက်ပါလာကြသော သူများမှာ စုစုပေါင်း ဆယ်ယောက်တိတိ ဖြစ်သည်။

ထိုလူစုထဲတွင် တရုတ်ဘုန်းတော်ကြီးများလည်း ပါဝင်နေသည်။

ယင်းလူစုသည် လေးလေးမှန်မှန်ဖြင့် လျှောက်လာနေကြသည်။

သူတို့သည် မုန်းအင်းကျားရဲများ ... ရှေ့သို့ ရောက်သည်နှင့် ရုတ်တရက် ရပ်တန့်လိုက်ကြ၏။

ထိုလူစုနှစ်စုသည် ခေတ္တမျှ တစ်ဘက်နှင့်တစ်ဘက် အကဲခတ်ကြည့်ရှုနေကြသည်။

အတန်ကြာသောအခါ .....

လီထိုက်ဟိုကပင် စ၍ ပြောလိုက်သည်။



'ဟေ့ ... မုန်းအင်းကျားဆိုးတွေ၊ မင်းတို့ တွေ့ချင်နေတဲ့ လီထိုက်ဟိုဟာ ငါပဲ၊ ဒါပေမယ့် ... မင်းတို့ ငါ့ကို ကြာကြာကြည့်ခွင့်ရတော့မှာ မဟုတ်ဘူး၊ အခု ငါလာတာဟာ မင်းတို့ကို နိဂုံးချုပ်ပေးဖို့ ထွက်လာတာပဲ'

လီထိုက်ဟိုသည် စကားကို ရပ်တန့်ပြီး ကျားရဲသုံးကောင်ကို ကြည့်လိုက်၏။ ကျားရဲသုံးကောင်ကလည်း ခပ်မာမာပင် ကြည့်နေသည်။ ကျားကြီးက ....

'မင်းဘာသာ ကြောက်ပြီး ရှောင်နေခဲ့တာကို ငါတို့က ဩဘာပေးရမှာလား၊ စောစောကတည်းက ထွက်ပြီး ငါတို့ကို ရင်ဆိုင်သင့်တယ်ကွ၊ အခုတော့ .... ငါတို့မှာ မင်းကိုရှာရတာ အလကား အချိန်တွေ ကုန်ရတယ်'

လီထိုက်ဟိုက မဲ့ပြုံးပြုံးလိုက်၏။

'ငါက သဘောထားကြီးပြီး ရှောင်တိမ်းနေခဲ့တာကို မင်းတို့က ကြောက်လို့ ပုန်းနေတယ်လို့ထင်တယ်၊ မင်းတို့ဟာ ပြောရဆိုရ ခက်ခဲတဲ့ကောင်တွေပဲ၊ ငါ ရှောင်နေတဲ့ အချိန်အတွင်းမှာလည်း ကောင်းကောင်းမနေကြဘူး၊ ပြည်သူလူထုကို အန္တရာယ်ပေးတယ်၊ သိုင်းလောကသားတွေကို ဒုက္ခပေးတယ်၊ မင်းတို့ကို ရှောင်ပေးလို့ မရတော့ဘူး၊ မင်းတို့ကို အပြီးအပြတ် သုတ်သင်မှ ဖြစ်တော့မယ်'

ကျားရဲသုံးကောင်သည် ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသည့်အလား တဟားဟား အော်ဟစ် ရယ်မောလေတော့သည်။

ကျားကြီးက ....

'မင်း ဘာမှ ပြောမနေနဲ့၊ ဒီနေ့ဟာ မင်းသေနေ့ပဲ၊ မင်းကို အပြီးအပြတ် ရှင်းလင်းပြီးတဲ့အကြောင်း သိုင်းလောကကို ဒီကနေ့ ကြေညာမယ်'

လီထိုက်ဟိုက ရယ်မောလိုက်၏။ ထို့နောက် ...

'ဒီမှာကြည့်စမ်း .... ဘယ်သူတွေများလဲလို့'

ထိုအခါ ... ကျားရဲသုံးကောင်သည် သိုင်းဆရာကြီးများအား သေချာစွာ ကြည့်လေ၏။

လီထိုက်ဟိုက ဆက်၍ ...

'အဲဒါ ... မင်းတို့ရဲ့ သေမင်းတွေပဲ၊ သိုင်းလောကမှာ အကျော်ကြားဆုံး ဆရာကြီး ဆယ်ယောက်ပဲ၊ မင်းတို့ ကြောက်သွားကြသလား ... ဟား ... ဟား ... ဟား ... မကြောက်ကြပါနဲ့၊ သူတို့က မင်းတို့ကို အဖက်လုပ်ပြီး ယှဉ်ပြိုင်မနေပါဘူး၊ ငါကသာ မင်းတို့နဲ့ ယှဉ်ပြိုင်မှာပါ၊ သူတို့က ပွဲကြည့်ရုံ သက်သက်ပါ'

ဤတွင် မုန်းအင်းကျားကြီးက တဟားဟား ရယ်မောလိုက်ကာ ....

'ဟား ... ဟား ... ဟား .... လီထိုက်ဟို၊ မင်းဟာ ငါ့မိတ်ဆွေနှစ်ယောက်ရဲ့ ပညာစွမ်းကို မသိသေးလို့ လေထွားရဲတာပါ၊ ဒီမယ် မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ မင်းတို့အားလုံး ဝိုင်းပြီး တိုက်ရင်တောင် ငါ့မိတ်တွေနှစ်ယောက်ကို မနိုင်နိုင်ဘူးကွ'



သူသည် စကားကို ခေတ္တရပ်လိုက်၏။ သူ့စကားကို လီထိုက်ဟိုတို့ စိတ်ဝင်စားမှု ရှိ မရှိ ဆန်းစစ်ခြင်း ဖြစ်လေသည်။ လီထိုက်ဟိုတို့လူစု ငြိမ်သက်စွာ နားထောင်နေသည်ကို တွေ့လိုက်ရသောအခါ သဘောကျသွားသည်။ သူသည် ... ဟားဟား အော်ရယ်ရင်း ဆက်လက်ပြောဆိုလေတော့၏။

'ငါတို့လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ ငါ့မိတ်ဆွေနှစ်ယောက်ရဲ့လက်ချက်နဲ့ သေဆုံးခဲ့ကြတဲ့ သိုင်းသမားတွေဟာ ရေတွက်လို့ မရနိုင်တော့ဘူး၊ အဲဒီတော့ ... လီထိုက်ဟို၊ မင်းကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခု ပေးလိုက်မယ်၊ မင်းနဲ့ မိုရှုရီတို့ ... လုည့်ဖြားပြီး ယူထားတဲ့ သိုင်းဂိုဏ်းပေါင်းစုံရဲ့ လျှို့ဝှက်မူပိုင် သိုင်းကျမ်းစာအုပ်နဲ့ မင်းရဲ့ သံသေတားကို ငါတို့ကို ပေးလိုက်ပါ၊ အဲဒီလိုဆိုရင် .... မင်းကို ခွင့်လွှတ်ပြီး ငါတို့ ဒီနေရာကပဲ လှည့်ပြန်သွားမယ်'

ထိုအခါ ....

လီထိုက်ဟိုက အချိန်ဆွဲမနေတော့ပါ။

ချက်ချင်းပင် ဓားကို ဆွဲထုတ်လိုက်လေတော့၏။

ကျွဲပါးစောင်းတီးနေ၍ အကျိုးမထူးတော့ကြောင်းကို သူသိပြီး ဖြစ်သည်။

သို့နှင့် .....

မုန်းအင်းကျားရဲသုံးကောင်မှာ ... နောက်သို့ ချက်ချင်းပင် ဆုတ်ခွာသွားကြ၏။

သို့သော် ...

သူတို့ ခေါ်လာခဲ့သော တိဗက်သိုင်းသမား နှစ်ယောက်ကမူ ရှေ့သို့ တိုးကပ်လာခဲ့သည်။

ထိုစဉ် ...

ဦးစွာ လှုပ်ရှားလိုက်သူမှာ လူပုကလေးပင် ဖြစ်သည်။

သူသည် သိန်းစွန်ငှက်တစ်ကောင်ပမာ မိုးပေါ်သို့ ခုန်လွှား ထိုးတက်သွားသည်။

လူပုကလေးက စကားတစ်ခွန်းမျှ မပြောတော့ဘဲ တိုက်ခိုက်မှုကို ဦးစွာ စတင်လိုက်ခြင်းပင် ဖြစ်သည်။

ထိုလူပုကလေးသည် ... လေထဲသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် လက်ကိုလွှဲကာ လှုပ်ရှားလိုက်၏။ သို့သော် ...

သူသည် ထိတ်လန့်တကြား ဖြစ်ကာ ပြန်လည်ဆင်းသက်လာခဲ့ရသည်။

အဘယ့်ကြောင့်ဆိုသော် ...

လီထိုက်ဟိုအား မူလနေရာတွင် မတွေ့ရတော့သောကြောင့်ပေတည်း။

သူ မြင်လိုက်ရသည်ကား ... ဖြတ်ခနဲ လင်းလက်သွားသော ဓားရောင်ပင် ဖြစ်သည်။

သူ့လက်ထဲမှ သမင်အကြောနှင့် ပြုလုပ်ထားသော ကြိုးကွင်းသည် တစ်ပိုင်းတစ်စသာ ပြန်လည်ပါရှိလာတော့သည်။



စင်စစ် ...

လီထိုက်ဟို၏ 'လေပွေစကြာ' သိုင်းကွက်က သူ၏ ကြိုးကွင်းအား အပိုင်းပိုင်း ပြတ်သွားစေခဲ့ခြင်းပင် ဖြစ်၏။

ထို့အပြင် ....

ထို 'လေပွေစကြာ' သိုင်းကွက်က ... သူ့အနီးသို့ပင် ရောက်ရှိနေ ပြီ ဖြစ်သည်။

လူပုကလေးသည် နောက်သို့ ခြေတစ်လှမ်း လှစ်ခနဲ ဆုတ်ရန်ဟန်ပြင်လိုက်ပြီးနောက် ရှေ့သို့ ရုတ်တရက် နှစ်လှမ်းတိုးလိုက်၏။

ထိုသို့ နောက်သို့ ခြေတစ်လှမ်းဆုတ်ချိန်တွင် သူ၏ ခါးကြားမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။

ထို့နောက် ....

ရှေ့သို့ ခြေနှစ်လှမ်း ရုတ်တရက် တိုးလိုက်ပြီး လက်ထဲမှ အရာဖြင့် လီထိုက်ဟို၏ ဝမ်းဗိုက်အား ထိုးသွင်းလိုက်လေသည်။

'ခြွမ်း ......'

သံသံချင်း ထိမိသံက ခြွမ်းခနဲ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ယင်းအသံနှင့် မရှေးမနှောင်းမှာပင် .....

'အား ...'

စူးရှကျယ်လောင်စွာ အော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

ထို့နောက် ...

လူပုကလေးသည် နှစ်တောင်ခန့်ရှည်သော သူ၏ သံချိတ်လက်နက်ကို မြေပြင်ပေါ်သို့ လွှတ်ချလိုက်ကာ သူ၏ ဝမ်းဗိုက်ကို သူ့လက်နှစ်ဘက်ဖြင့် ကိုင်နှိပ်လျက်သား လဲကျသွားလေတော့သည်။

အကယ်စင်စစ် ... လီထိုက်ဟို၏ တိုက်စစ်ပရိယာယ်ကို လူပုကလေးအနေဖြင့် ကောင်းစွာနားမလည်သဖြင့် မရှုမလှ ခံသွားရခြင်းဖြစ်သည်။

ထိုစဉ်က ... လူပုကလေးသည် ဓားရိပ်အတွင်းသို့ သံချိတ်လက်နက်ကို ထိုးသွင်း၍ ဓားကိုချိတ်ဆွဲရန်သာ စိတ်စောနေခဲ့၏။

ထိုအခါ ...

ရုတ်ခြည်းဖြစ်ပေါ်လာသော သူ့ဝမ်းဗိုက်နားရှိ ဟာကွက်ကို သူ့ဘာသာ မသိရှိလိုက်သောကြောင့် ခံလိုက်ရခြင်းပင် ဖြစ်လေတော့သည်။

လီထိုက်ဟိုက ပထမတွင် ညာလက်က ဓားကို ဝှေ့ယမ်းနေရာမှ ရုတ်တရက် ဘယ်လက်ဖြင့် ဓားအိမ်ကို ပြောင်းလဲဝှေ့ယမ်းပြီး ပရိယာယ်ဆင်ကာ လှည့်စားလိုက်ခြင်း ဖြစ်သည်။

သူ၏ ဓားအိမ်ကိုင် ဘယ်လက်ကို ဓားရိပ်စက်ကွင်းအား ဆက်လက်ဖြစ်ပေါ်စေရန် ထားခဲ့ပြီး ညာလက်ရှိ ဓားက လူပုကလေး၏ ဟာနေသော ဝမ်းဗိုက်ကို ထိုးသွင်းလိုက်ခြင်းပင် ဖြစ်၏။

ထို့ကြောင့် ...



အဆင့်မြင့် သိုင်းသမားတို့သည် မည်သည့်အခါမှ တိုက်ပွဲကို အချိန်ဆွဲ၍ မတိုက်ခိုက်လိုကြပေ။

သို့ဖြစ်၍ ...

မုန်းအင်းကျုံးရဲမျှား အားကိုးသော ... တိဗက်သိုင်းသမားတစ်ယောက်ကား လဲကျသွားခဲ့ချေပြီ။

လူပုကလေး လဲကျသွားသည်နှင့် တစ်ပြိုင်နက် လူထွားကြီးသည်လည်း စကားတစ်ခွန်းမျှ မပြောဘဲ ရှေ့သို့တိုးလာခဲ့ပြန်သည်။

သူ၏ လက်ထဲတွင် ကိုင်ထားသောလက်နက်မှာ ထူးဆန်းသော လက်နက်တစ်ခုပင် ဖြစ်သည်။

တစ်တောင်ခွဲခန့် ရှည်သော သံကိုင်းတွင် ... နတ်ရုပ်တစ်ရုပ် ရုပ်နေသည့်ပုံပါသော လက်နက်ဖြစ်သည်။

နတ်ရုပ်မှာ ... တည်ကြည်သော ဣန္ဒြေမရှိဘဲ မိစ္ဆာရုပ်မျိုးသာ ဖြစ်နေသည်။

နတ်မိစ္ဆာရုပ်တု၏ အရွယ်မှာ အမြင့်တစ်ထွာသာသာမျှသာ ရှိသည်။

ဦးခေါင်းတွင် အချွန်အတက်များပါသော ဦးထုပ်ကို ဆောင်းထားသည်။

ထိုအချွန်အတက်တို့သည် လူကို ထိုးနှက်တိုက်ခိုက်သည့် အခါ ဒဏ်ရာရစေနိုင်သည့် အရာများပင် ဖြစ်၏။

သို့သော် .....

လီထိုက်ဟိုမှာ တုန်လှုပ်မှုမရှိဘဲ၊ ထိုနတ်မိစ္ဆာ လက်နက်ကိုင် လူထွားကြီးအား လှမ်း၍ သတိပေးစကား ပြောလိုက်၏။

'ဘယ်လိုလဲ မိတ်ဆွေကြီး၊ ခင်ဗျားကလည်း မှန်းအင်းကျားရဲ့ တွေရဲ့ ဓားစာခံ ဝင်လုပ်ဦးမလို့လား၊ ခင်ဗျား ... အချိန်မီ စဉ်းစားဆုံးဖြတ်နိုင်သေးတယ်၊ အခု ... ခင်ဗျား မိတ်ဆွေရဲ့ အလောင်းကို ထမ်းပြီး ပြန်မယ်ဆိုရင် ပြန်နိုင်ပါသေးတယ်'

သို့တစေ ..

လူထွားကြီးက နှုတ်ဖြင့် လုံးဝ စကားမပြောတော့ပါ။

ရုတ်တရက် .....

သူသည် လက်ထဲမှ နတ်မိစ္ဆာရုပ် လက်နက်ကိုသာ ဝှေ့ယမ်း၍ စတင်တိုက်ခိုက်လေတော့သည်။

သူသည် စတင်တိုက်ခိုက်သည် ဆိုကတည်းက 'နဂါးခေါင်းဖိ' သိုင်းကွက်ကို သုံးကာ လီထိုက်ဟို၏ ဦးခေါင်းအား အပေါ်မှ မိုး၍ တိုက်ခိုက်လိုက်၏။

လူထွားကြီး၏ တိုက်ကွက်များမှာ လျှင်မြန်လှသလို သွက်လက်ပြီး ပြင်းထန်လှသည်။

ထိုအချိန်က ... လီထိုက်ဟို ရှောင်မည်ဆိုလျှင် လွတ်နိုင်ဦးမည် ဖြစ်သည်။

သို့သော် ...

လွတ်ရုံမျှသာ လွတ်မည် ဖြစ်၏။



သို့တစေ ...

လီထိုက်ဟိုကား ရှောင်တိမ်းခြင်း လုံးဝ မပြုပါ။

လီထိုက်ဟိုက သူ၏ လက်ထဲမှ ဓားဖြင့် ဆီး၍ ခုခံလိုက်သည်။

'ခြွမ်း ... '

သံသံချင်း ထိမိသံက .... ပြင်းထန်ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။

နတ်မိစ္ဆာရုပ် လက်နက်နှင့် လီထိုက်ဟို၏ ဓားတို့ ထိတွေ့မှုမှာ အလွန်တရာ ပြင်းထန်လွန်းလှသည်။

သို့ဖြစ်၍ ...

လီထိုက်ဟို၏ တစ်ကိုယ်လုံး တုန်ခါသွားပြီး သူ၏ခြေထောက်သည်လည်း မြေကြီးထဲသို့ အနည်းငယ် ခွက်ဝင်နိမ့်ဆင်းသွား၏။

သို့နှင့် လီထိုက်ဟိုက ဒူးကို ကွေးညွတ်လိုက်သည်။

ထို့နောက် ...

'လေရူးသစ်ခွက်ခြွေ' သိုင်းကွက်ကို လီထိုက်ဟိုက ချက်ချင်းပင် ထုတ်သုံးလိုက်သည်။

သူသည် ကွေးညွတ်ထားသော ဒူး၏ အနေအထားအတိုင်း ကိုယ်ကို ချားရဟတ်ပမာ လှည့်ပတ်လိုက်ခြင်းပင် ဖြစ်သည်။

ဓားသည် စက်ဝိုင်းသဏ္ဍာန် လည်ပတ်သွားပြီး လူထွားကြီး၏ ခါးဆီသို့ ဓားရိပ်က ဝှေ့ယမ်း ဝင်ရောက်သွားလေတော့သည်။

ထိုအခါ ....

လူထွားကြီးက နောက်သို့ ကပျာကယာ ခုန်ဆုတ်လိုက်လေ၏။

လီထိုက်ဟိုမှာ ဓားသိုင်းပညာတွင် ပရိယာယ် ကြွယ်ဝသော အဆင့်မြင့် နံပါတ်တစ် ဓားသမားတစ်ယောက် ဖြစ်သည်။

နောက်သို့ ဆုတ်သွားပြီးမှ လူထွားကြီးက အရှိန်ယူကာ 'ဟူး' ခနဲ ... 'ဟူး'ခနဲ မြည်အောင် လက်ထဲမှ နတ်မိစ္ဆာရုပ် လက်နက်ကို ဝှေ့ယမ်းကာ ဝင်ရောက်လာပြန်သည်။

ဤတစ်ကြိမ်တွင် လီထိုက်ဟိုသည်လည်း နောက်သို့ မဆုတ်တော့ပါ၊ ရှေ့သို့ ဆက်တိုးတက်လာပြီး လူထွားကြီး၏ သိုင်းကွက်ကို ထိပ်တိုက်တွေ့ဆုံကာ ချေဖျက်လိုက်လေတော့၏။

ယခုအခါ ...

ပြင်းထန်သော ထိခတ်သံများက ဆူညံစွာ ထွက်ပေါ်လာပြန်သည်။

သံသံချင်း ထိတွေ့မှုမှ မီးပန်း၊ မီးပွားများကလည်း ဖြာထွက်လျက် ရှိသည်။

ထိုစဉ် ...

လူထွားကြီး၏ သိုင်းကွက်မှာ တဖြည်းဖြည်းနှင့် နှေးကွေးသွားသော်လည်း အတွင်းအားကမူ ပို၍ ပြင်းထန်လာ၏။

တဖြည်းဖြည်းနှင့် ...

သူကပင် ... ဆက်တိုက်ဖိ၍ တိုက်ခိုက်နေပြန်သည်။



သို့သော် ...

လီထိုက်ဟိုကမူ သွက်လက်ပေါ့ပါးစွာ ရောင်တိမ်းလျက် ရှိနေသေးသည်။

မြင်တွေ့နေရသော မြင်ကွင်းအရဆိုလျှင် လီထိုက်ဟိုသည် နောက်သို့ တရွေ့ရွေ့ ဆုတ်ပေးနေရပြီ ဖြစ်သည်။

ထို့နောက် ...

လူထွားကြီးသည် 'ကျောက်တောင်ဖြို' သိုင်းကွက်ကို ဆက်တိုက်သုံးလျက် တိုက်ခိုက်နေ၏။

လူထွားကြီး၏ ပြင်းထန်သော သိုင်းကွက်ကို လီထိုက်ဟိုသည် ကြာရှည် ခုခံနိုင်စွမ်းရှိပုံ မပေါ်တော့ချေ။

ဤသို့ဖြင့် ...

တစ်ကြိမ်တွင် ...

'ခွမ်း ... '

ရုတ်တရက် အလွန်တရာပြင်းထန်သော အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုအခါ ...

လီထိုက်ဟို၏ လက်ထဲမှ သံသေဓားသည် အဝေးသို့ လွင့်စဉ်ထွက်သွားသည်ကို တွေ့လိုက်ကြရ၏။

တိုက်ပွဲကို ကြည့်နေကြသူများမှာ 'ဟာ'ခနဲ 'ဟင်'ခနဲ ဖြစ်ကုန်ကြတော့သည်။

ထိုစဉ် ...

'သတ်ပစ် ... တိုက်ပစ် ...'

မုန်းအင်းကျားရဲတို့၏ ... အော်ဟစ်အမိန့်ပေးသံများက ရုတ်တရက် ဆူညံစွာ ထွက်ပေါ်လာ၏။

သို့နှင့် လူထွားကြီးသည် ... လီထိုက်ဟိုအား မျက်လုံးကြီး ပြူးကြည့်ကာ တရွေ့ရွေ့ချဉ်းကပ်လာခဲ့သည်။

ထိုအချိန်တွင် ...

လီထိုက်ဟိုမှာ လက်နက်မဲ့လျက် ရှိနေပေပြီ။

သူ၏လက်ထဲတွင် ဓားအိမ်ကိုသာ ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထား၏။

လူထွားကြီးသည် မီလောက်ပြီဟု ထင်မှတ်ရသော အကွာအဝေးသို့ အရောက်တွင် လက်ကို အားရပါးရ မြှောက်ကာ နတ်မိစ္ဆာလက်နက်ဖြင့် ရိုက်နှက်ရန် ရွယ်လိုက်သည်။

'ယား .....'

မာန်သွင်းအော်ဟစ်လိုက်သည့် အသံနက်ကြီးက ကမ္ဘာမြေပြင်ကို တုန်ဟီးမတတ် ရုတ်တရက် ထွက်ပေါ်လာသည်။

'ဟူး'ခနဲ ဝှေ့ယမ်းတိုက်ခိုက်လိုက်သည့်အသံမှာ ကြောက်ခမန်းလိလိပင် ဖြစ်၏။

ကြည့်နေကြသူအားလုံးမှာ စိုးရိမ်တကြီးဖြင့် လီထိုက်ဟိုအား လှမ်းကြည့်လိုက်မိကြ၏။



သို့သော် ...

လီထိုက်ဟိုသည် ... နောက်သို့မဆုတ်သည့်အပြင် ဘေးသို့ ရှောင်သည်ကိုလည်း မတွေ့ရချေ။ စင်စစ် ...

လီထိုက်ဟိုမှာ 'ထီးရိပ်နိ' သိုင်းကွက်ကို ရုတ်တရက်သုံးလိုက်ပြီး လူထွားကြီး၏ ရှေ့တည့်တည့်မှ ပူးကပ်လိုက်သည်။

ထိုအခါ ....

နှစ်ယောက်စလုံး ပူးကပ်သွားကာ .... အတန်ကြာသည်အထိ ငြိမ်သက်စွာ ရပ်နေကြသည်ကို တွေ့လိုက်ကြရ၏။

သို့နှင့် လီထိုက်ဟိုမှာ လူထွားကြီး၏ ရင်ခွင်တွင်းသို့ ရောက်ရှိနေပြီး လူထွားကြီးက လီထိုက်ဟို၏ ပခုံးကို ဘယ်ဘက်လက်ဖြင့် အားစိုက်ကိုင်ထားသည်ကို တွေ့လိုက်ကြရသည်။

သူ၏ ညာလက်တွင် ကိုင်ထားသော နတ်မိစ္ဆာရုပ်လက်နက်သည် နေရောင်အောက်ဝယ် ရွှေရည်ဝင်းလျက် ရှိ၏။

ယင်းသို့ .... လူအားလုံးက အာရုံစိုက်၍ ကြည့်နေကြစဉ်မှာပင် ...

'အီး .... ယား ....' 'အူး ... '

ထိုသို့ အားပြုအော်ဟစ် တွန်းထိုးသံများ အဆုံးဝယ် ....

'ဖြောင်း ....'

ဟူသော အသံနက်ကြီးက တစ်ဆက်တည်း ထွက်ပေါ်လာခဲ့ပြန်သည်။

လူထွားကြီးသည် နောက်သို့ ယိုင်ထိုးသွားသလို လီထိုက်ဟို သည်လည်း နောက်သို့ ယိုင်လျက် ခြေသုံးလှမ်းခန့် ဆုတ်သွားရ သည်။

ယင်းအခိုက် ... လူထွားကြီး၏ လက်ထဲမှ နတ်မိန္တာရုပ် လက် နက်သည် မြေပြင်ပေါ်သို့ လွတ်ကျသွားလေတော့သည်။

သူ၏ ကျောပြင်ဝယ် .... စူးချွန်ကဲ့သို့သော အရာတစ်ခုက ဖောက်ထွင်းလျက် ရှိနေသည်ကို တွေ့လိုက်ရသည်။

စင်စစ် ....

ထိုအရာသည် စူးချွန် မဟုတ်ပါ။

လီထိုက်ဟို၏ ဓားအိမ်ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ဤသည်မှာ ... အလယ်ပိုင်းသိုင်းသမားတို့၏ အတွင်းအား သည် အလွန်တရာကြီးမားကြောင်း ဖော်ပြလိုက်ခြင်းပင် ဖြစ်၏။

ထိုသို့ ... လီထိုက်ဟို၏ သံသေဓားအိမ်သည် အတွင်းအား ဖြင့် အရေပြားထူသော ဆင်ပြောင်ကြီး၏ ဝမ်းဗိုက်အတွင်းသို့ပင် စူးဝင်နိုင်လောက်သည်ဟု ခန့်မှန်းနိုင်လေသည်။

'ဘိုင်း .....'

ကျယ်လောင်စွာ မြည်ဟည်းသံနှင့်အတူ လူထွားကြီးသည် မြေပြင်ပေါ်သို့ မှောက်လျက် လဲကျသွားသည်ကို တွေ့လိုက်ကြရ၏။

အစောပိုင်းက လွှင့်စဉ်သွားခဲ့သော လီထိုက်ဟို၏ သံသေဓား သည် မြေပြင်တွင် ထောင်လျက် စိုက်ဝင်နေသည်ကို တွေ့ရသည်။



အခြေအနေ မဟုတ်မှန်းသိ၍ မုန်းအင်းကျားရဲသုံးကောင်သည် ချာခနဲလှည့်ကာ ထွက်ပြေးရန် ဟန်ပြင်လိုက်ကြ၏။

'လီထိုက်ဟို ..... အမြန်လိုက်'

ရပ်ကြည့်နေသော လူအုပ်အတွင်းမှ မိုက်ယုံက လှမ်းအော် ကာ ပြောလိုက်ခြင်း ဖြစ်သည်။

ယင်းသို့ ....

မိုက်ယုံ၏ စကားမဆုံးမီမှာပင် လီထိုက်ဟိုက မုန်းအင်းကျား ရဲများ၏ အထက်သို့ ခုန်လွှားရောက်ရှိသွားပြီ ဖြစ်နေသည်။

ထို့အပြင် ....

မြေပြင်တွင် ထောင်၍ စိုက်ဝင်နေသော ဓားသည်လည်း မရှိ တော့ပေ။

အကြောင်းမှာ .....

သံသေဓားသည် လီထိုက်ဟို ခုန်လိုက်စဉ်မှာပင် လီထိုက်ဟို ၏ လက်ထဲသို့ ပါသွားပြီ ဖြစ်သည်။

ဓားရောင်က ... မုန်းအင်းကျားရဲများ၏ ဦးခေါင်းထက်ဝယ် လင်းလက်သွားလေသည်။

'အား ... အား .... အား'

ယင်းအော်သံတို့သည် မုန်းအင်းကျားရဲများ၏ သေမင်းကို ကြိုဆိုလိုက်သော အော်ဟစ်သံများပင် ဖြစ်လေတော့သည်။

❖❖❖❖❖

လီထိုက်ဟို ... မြေပြင်သို့ ညင်သာစွာ ပြန်ကျလာသည်။

သူသည် ... ဘေးပတ်လည်သို့ ကြည့်လိုက်သည်။

မုန်းအင်းကျားရဲများကား သွေးအလူးလူးဖြင့် အတုံးအရုံးလဲကျလျက် ငြိမ်သက်နေကြသည်။

ရန်ထောင်လာကြသော အန္တရာယ်သားရဲများကား နိဂုံးချုပ်သွားခဲ့လေပြီ။

မောပန်းသွားသော လီထိုက်ဟိုသည် အသက်ကို ဝဝရှုရင်း ခဏမျှရပ်နားနေလိုက်၏။

ထိုအချိန်တွင် ....

လီထိုက်ဟိုထံသို့ ဦးစွာ ပြေးလာသောသူမှာ မိုရှုရိပင် ဖြစ်လေတော့သည်။

ရောက်မဆိုက်ခင်မှာပင် ... မိုရှုရိသည် လီထိုက်ဟို၏ မျက်နှာကို အသေအချာ တွေ့လိုက်ရသည်နှင့် ....



'ဟင် ... အစ်ကိုလီ၊ အစ်ကိုလီရဲ့ မျက်နှာက ဘယ်လိုဖြစ်သွားရတာလဲ'

စိုးရိမ်တကြီး မေးလိုက်သည်။

မှန်ပေသည် ... လီထိုက်ဟို၏ မျက်နှာမှာ ညိုမည်းလျက် ရှိနေသည်။

ထို့အပြင် ...

မျက်ကွင်းများတွင်လည်း ညိုမည်းလျက် ရှိသည်။

လီထိုက်ဟို၏ ညာဘက်နားထင်စပ်တွင် သွေးများက စို့ထွက်နေလေသည်။

ထိုသို့ရှိစဉ် ...

လီထိုက်ဟိုက မိုရှုရိအား အလောတကြီး ပြန်ပြောလိုက်၏။

'ရှုရိ .... တိဗက်သိုင်းသမားရဲ့ နတ်မိစ္ဆာရုပ် လက်နက်ထဲမှာ ယန္တရားခလုတ်တွေ တပ်ဆင်ထားတယ်၊ စောစောက သူလက်နက်ကို ဝှေ့ယမ်းလိုက်တာဟာ .... အစ်ကို့ကို အဲဒီနတ်မိစ္ဆာရုပ်ထဲက လက်နက်ပုန်းနဲ့ ပစ်လိုက်တာပဲ .... လက်နက်ပုန်းက အစ်ကို့နားထင်ကို ရုပ်မှန်သွားခဲ့တယ်၊ လက်နက်ပုန်းမှာ ပြင်းထန်တဲ့ အဆိပ်တွေပါတယ်၊ ဒါ့ကြောင့် ... အခု အစ်ကိုယ့်တစ်ကိုယ်လုံးမှာ အဆိပ်တွေတက်နေပြီ ...'

'ရှင် ... အစ်ကိုလီ အဆိပ်မိတယ် ... ဟုတ်လား'

မိုရှုရိမှာ ... ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သိုင်းသမားညွှသည်များမှာလည်း လီထိုက်ဟိုအတွက် စိုးရိမ်သွားကြ၏။

မိုရှုရီသည် စိုးရိမ်ပူပန်နေရာမှ ရုတ်တရက် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ... ကပျာကယာ သူမ အင်္ကျီရင်ဖုံးအတွင်းသို့ လက်ကို ထိုးနှိုက်လိုက်၏။

ထို့နောက် ...

သူမ၏လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ ရွှေရောင်ကြွေပုလင်းကလေးတစ်လုံးက သူမ လက်ထဲတွင် ပါလာသည်။

မိုရှုရီက ကြွေပုလင်းအဖုံးကို အလျင်အမြန် ဖွင့်လိုက်ရင်း ...

'စိတ်မပူပါနဲ့ အစ်ကို ... ဟောဒီအဆိပ်ဖြေဆေးဟာ မြွေနဂါးဒေဝီ ပေးခဲ့တဲ့ အဆိပ်ဖြေဆေးပဲ၊ ဘယ်လိုအဆိပ်မျိုးကို မဆိုပျောက်စေနိုင်တဲ့ အစွမ်းရှိတယ်'

သို့နှင့် မိုရှုရီက ကြွေပုလင်းကလေးထဲမှ ဆေးရည်သုံးစက်ခန့်ကို လက်ညှိုးဖြင့် ဆွတ်ကာ လီထိုက်ဟို၏ နားထင်မှ ဒဏ်ရာကို လိမ်းကျံပေးလိုက်၏။

ထိုအချိန်တွင် ...

သိုင်းသမားညွှသည်များမှာ လီထိုက်ဟို၏ အနီးသို့ ရောက်ရှိလာပြီး ဝိုင်းဝန်းအားပေးကြသည်။

ထိုစဉ် ... သိုင်းသမားညွှသည်တစ်ဦးက ပြောလိုက်သည်။

'ဘုရင့်နေပြည်တော်က တပ်ဖွဲ့တွေ ... ရောက်လာပြီဟေ့'



ဘုရင့်နေပြည်တော်မှ 'တပ်မှူး 'ဝမ်လူရှင်း' ဦးဆောင်သော တပ်ဖွဲ့များ ရောက်ရှိလာကြသည်ကို တွေ့လိုက်ကြရသည်။

ရှေ့ဆုံးမှလူသည် ဘုရင့်တပ်ဖွဲ့၏ အလံတော်ကို ကိုင်ဆောင်ထားသည်။

သူတို့သည် လီထိုက်ဟို ခေါ်ယူတွေ့ဆုံခဲ့သော သိုင်းသမားကြီးဆယ်ယောက်က ကြိုတင်အကြောင်းကြားခဲ့၍ ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။

ဝမ်လူရှင်းသည် လီထိုက်ဟိုအား ချီးကျူးဂုဏ်ပြုစကား ပြောကြားပြီးနောက် သေဆုံးနေပြီဖြစ်သော တိဗက်သိုင်းသမားနှစ်ယောက်နှင့် မုန်းအင်းကျားရဲများကို မြင်းပေါ်သို့ တင်လိုက်လေသည်။

ထို့နောက် ... ဘုရင့်တပ်ဖွဲ့များမှာ ပြန်လည်ထွက်ခွာသွားကြတော့သည်။

လီထိုက်ဟိုက မိုရှုရီ၏ ပခုံးကို အားပြု၍ မှီလိုက်ပြီးလျှင် ... သိုင်းရောင်းရင်းမိတ်ဆွေများကို လှမ်းပြောလိုက်လေသည်။

'သိုင်းမိတ်ဆွေများကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ အခု ... မိတ်ဆွေတို့ရဲ့ အားပေးလမ်းညွှန်မှုကြောင့် ကျွန်တော်တို့ ဇနီးမောင်နှံရဲ့ ဘဝဟာ အေးချမ်းသာယာသွားပါပြီ၊ ဝမ်းသာစရာအကောင်းဆုံးကတော့ သိုင်းလောကတစ်ခုလုံးနဲ့ ပြည်သူလူထု အပေါင်းကို ဒုက္ခပေးနေတဲ့ အန္တရာယ်ကောင်တွေကို အပြီးအပိုင် သုတ်သင်ရှင်းလင်းလိုက်နိုင်ခဲ့တာပါပဲ'

ထို့နောက် ...

သိုင်းသမားများက လီထိုက်ဟိုတို့ ဇနီးမောင်နှံအား ပြုံးရွှင်ဝမ်းသာသော အကြည့်ဖြင့် ကြည့်လိုက်ကြသည်။

ပြီးလျှင် ...

သူတို့ဇနီးမောင်နှံအား နှုတ်ဆက်ကာ ... နေရပ်အသီးသီးသို့ ပြန်လည် ထွက်ခွာသွားကြတော့သည်။

ထိုစဉ် ...

လီထိုက်ဟိုနှင့် မိုရှုရိတို့မှာ ... တဖြည်းဖြည်းဝေး၍ ဝေး၍သွားသော သိုင်းသမားကြီး ဆယ်ယောက်ကို မျှော်ငေးကြည့်လျက် ပြုံးရွှင်စွာ ကျန်ရစ်ခဲ့ကြလေတော့သတည်း။

❖❖❖❖❖

**ပြီးပါပြီ။**

*ကျေးဇူးတင်စွာဖြင့် –*

တက္ကသိုလ် နေလင်းအောင်